# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလျှဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက် ၂၀၂၁ ခုနှစ်၊ ဧပြီ ၁၈ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၀)၊ အမှတ် (၁၉၇)


# ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဝေဟင်၌ ရဟတ်ယာဉ်ဖြင့် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်

**နေပြည်တော် ဧပြီ ၁၇**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ် မင်္ဂလာဇေယျံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ မထေရ်မြတ်ကြီး အမှူးပြုသော ဆရာတော်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဝေဟင်၌ ရဟတ်ယာဉ်ဖြင့် လှည့်လည်၍ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။

ထိုသို့ ရဟတ်ယာဉ်ဖြင့် လှည့်လည်၍ ဆရာတော်ကြီးများသည် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြပြီး ပရိတ်ရေ၊ ပရိတ်သဲများ ပက်ဖျန်းကာ အများပြည်သူ အန္တရာယ်ကင်းရှင်းစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ အစီအစဉ်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကပ္ပိယကာရကများအဖြစ် ဆရာတော်ကြီးများနှင့်အတူ လိုက်ပါ၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ မြန်မာ့နှစ်သစ်ကူး အန္တရာယ်ကင်းပရိတ်တရားတော်နာ အခမ်းအနားကျင်းပစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ မြန်မာ့နှစ်သစ်ကူးအန္တရာယ်ကင်း ပရိတ်တရားတော်နာ အခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၇**

၁၃၈၃ ခုနှစ်၊ မြန်မာ့နှစ်သစ်ကူး အခါသမယတွင် နိုင်ငံသူ နိုင်ငံသားများ ဥပဒ်ဘေးဒဏ် ဘေးရန် အန္တရာယ်ကင်းဝေးစေရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ မြန်မာ့နှစ်သစ်ကူး အန္တရာယ်ကင်းပရိတ်တရားတော်နာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဥရွေ့ဝါခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနား မစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်သည် ဥရွေ့ဝါခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊ ရေချမ်း၊ ပန်းမန်နှင့် သစ်သီးများဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်သည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ဈေးကုန်းဆရာတော်ကြီးထံမှ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးနှင့်


*စာမျက်နှာ ၃ ကော်လံ ၁* ❖





မြန်မာ့အလင်း

# ဝေဒနာရှင်တို့၏မျက်နှာ

အနယ်နယ်အရပ်ရပ်တွင်ရှိသည့် ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများတွင် ဆေးကုသရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည့်အတွက် ဆေးရုံဝန်ထမ်းများနှင့် လူနာရှင်များ၏ အကူအညီတောင်းခံမှုများကြောင့် တပ်မတော်ဆေးကုသရေးအဖွဲ့များကို စေလွှတ်၍ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးနေရသည်။ CDM လုပ်သွားသည့် ဆရာဝန်များကြောင့် ပြည်သူ့ဆေးရုံများ တံခါးပိတ်ထားရသည့် အခြေအနေတွင် တပ်မတော်ဆေးရုံများ၌ အရပ်သားလူနာ မြောက်မြားစွာ သွားရောက်ကုသနေကြရသည်။ ရောဂါဝေဒနာဟူသည် နေ့ည အချိန်ရွှေ့ဆိုင်းထား၍ မရသလို မဖြစ်မနေ အချိန်မှန် စစ်ဆေးကုသမှုပြုရမည့် ရောဂါမျိုးတွင်လည်း အကြောင်းကြောင်းကြောင့် ကုသမှုမရရှိနိုင်ပါက လူနာအဖို့ အန္တရာယ်ကြီးလှသည်။ နိုင်ငံရေးယုံကြည်ချက်၊ ခံစားချက်တို့ကို အကြောင်းပြု၍ တာဝန်တို့ကို စွန့်လွှတ်စွန့်ပစ်ခဲ့ခြင်းတို့၏ အကျိုးဆက်တို့ကို တိုက်ရိုက်ခံစားကြရသူတို့မှာ ကံဆိုးလှရာသည့် လူနာများပင်ဖြစ်သည်။ အထူးသဖြင့် ငွေကြေးအကုန်အကျခံကာ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်မကုသနိုင်ကြသည့် ဝင်ငွေနည်းပြည်သူများဖြစ်သည့် ဝေဒနာရှင်များပင်ဖြစ်သည်။

မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်နှင့် တာဝန်တို့ကို ခွဲခြားထားရမည်ဖြစ်သော်လည်း စိတ်လိုက်မာန်ပါ ပြုလုပ်ခဲ့ကြသည့် တိုင်အောင် ဆရာဝန်များမှာ ဉာဏ်ရည်ထက်မြက်သူများ၊ အများပြည်သူတို့၏ လေးစားမှုကို ခံယူကြရသူများဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများလည်းဖြစ်သလို ဆေးပညာရှင်များလည်း ဖြစ်သည့်အတွက် ကျင့်ဝတ်များကို လိုက်နာကြရသူများလည်း ဖြစ်သည်။ မြန်မာနိုင်ငံသို့ ကိုဗစ် –၁၉ ကပ်ရောဂါ စတင်ဝင်ရောက်လာသည့်အချိန်မှစ၍ ရောဂါကူးစက်ပျံ့နှံ့မှု ဖြစ်ပေါ်နေသည့် ကာလတစ်လျှောက်လုံး နိုင်ငံတစ်ဝန်းမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများမှာ ပြည်သူတစ်ရပ်လုံး၏ သူရဲကောင်းများသဖွယ် အမွှမ်းတင်ဂုဏ်ပြုခဲ့ကြသည်ကို ခံယူခဲ့ကြရသည်။ ဤသည်မှာ ဆရာဝန်တို့၏ လူ့အဖွဲ့အစည်းအပေါ် တာဝန်ကျေပွန်မှု၊ တာဝန်ယူမှုတို့ကြောင့်ပင် ဖြစ်သည်။ ထို့အပြင် စွန့်လွှတ်မှု၊ စွန့်စားမှုတို့ကြောင့်လည်း ဖြစ်သည်။ ရောဂါကူးစက်နိုင်သည်၊ သေနိုင်သည်ကို သိလျက်နှင့်ပင် ကိုဗစ် –၁၉ ရောဂါခံစားနေရသည့်လူနာကို ကုသမှုပေးရင်း ရောဂါကူးစက်ခံရကာ အသက်စွန့်သွားခဲ့ရသည့် ဆရာဝန်များကို အနူးအညွတ် လေးစားစွာဖြင့် ထာဝရအမှတ်ရလျက်လည်း ရှိကြသည်။

မည်သည့်အစိုးရ တက်လာသည်ဖြစ်စေ ရောဂါဝေဒနာများနှင့် လူနာများက ရှိနေမည်သာဖြစ်သလို ဆရာဝန်များအနေဖြင့်လည်း ကုသပေးရန် လိုအပ်နေမည်သာဖြစ်သည်။ မိမိတို့နိုင်ငံသည် ဒီမိုကရေစီနိုင်ငံဖြစ်သည့်အလျောက် မိမိထောက်ခံသည့် အစိုးရ၊ မထောက်ခံသည့် အစိုးရ၊ ဆန့်ကျင်သည့် အစိုးရ စသည်ဖြင့် ရှိနေမည်သာဖြစ်ရာ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတို့ကုသပေးနေသည့် လူနာတို့၏ မျက်နှာတို့ကိုသာ ကြည့်ပါမှ၊ တစ်နည်းအားဖြင့် မိမိတို့၏ တာဝန်အပေါ်တွင်သာ အာရုံစူးစိုက်ပါမှ ပြည်သူအပေါ် တာဝန်ကျေပွန်သူ နိုင်ငံ့ဝန်ထမ်းကောင်း ဖြစ်လာမည်ဖြစ်သည်။

တာဝန်သိသူ၊ တာဝန်ယူမှုရှိသူသည် မိမိ၏ လူ့အဖွဲ့အစည်းကို မိမိ၏စွမ်းရည်ဖြင့် စောင့်ရှောက်မှုပေးပြီး အကျိုးပြုသူဖြစ်သည်။ မိမိထမ်းဆောင်ရမည့် တာဝန်ဝတ္တရားကို ဖြစ်လိုရာဖြစ် ပစ်ချထားခဲ့ကာ တံခါးပိတ်ထွက်ခွာ ရှောင်လွှဲသွားသူမျိုးမဟုတ်။ မြန်မာ့လူ့အဖွဲ့အစည်းသည် အခက်အခဲ အကျပ်အတည်းများနှင့် ရုန်းကန်လှုပ်ရှားနေရသည့် လူ့အဖွဲ့အစည်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကုန်ထုတ် ကြိုးပမ်းနေရသည့် လူ့အဖွဲ့အစည်းဖြစ်သည့်အလျောက် ပြည်သူအများ ကျန်းမာရေးအတွက် အခက်မတွေ့စေရေး ဆေးရုံတံခါးများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရန် ဝေဒနာရှင်တို့ အကျိုးကိုမျှော်၍ နှိုးဆော်အပ်ပါကြောင်း။ ။



နေပြည်တော်၊ ပျဉ်းမနားမြို့နယ် မင်္ဂလာဇေယျ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ မထေရ်မြတ်ကြီး အမှူးပြုသော ဆရာတော်ကြီးများ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဝေဟင်၌ ရဟတ်ယာဉ်ဖြင့် လှည့်လည်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြစဉ်။ (သတင်း–ရှေ့ဖုံး)

သတင်းစဉ်

## နေ့စဉ်ထုတ်သတင်းစာများ အွန်လိုင်းတွင် ဖတ်ရှုနိုင်

နေပြည်တော် မေ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက နေ့စဉ်ထုတ်ဝေလျက်ရှိသည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာ (၃) စောင်ကို အွန်လိုင်းမှ ဖတ်ရှုလိုသူများသည် www. issuu. com/ myanmarnewspaper ၊ https://www.moi.gov.mm/mal၊ https://www.moi.gov.mm/km နှင့် https://www.moi.gov.mm/nlm တို့တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၁၇

ထူးခြားသည့် နေ့အပူချိန်များမှာ မိုးမိတ်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ရမည်းသင်းမြို့၊ ပျဉ်းမနားမြို့၊ နေပြည်တော်လေဆိပ်(ဇလော)၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

## လှိုင်သာယာ(အရှေ့ပိုင်း)နှင့် ရွှေပြည်သာမြို့နယ်များရှိ ဒေသခံပြည်သူများအား ဆန်၊ ဆီ၊ ပဲများ ထောက်ပံ့

နေပြည်တော် မေ ၁၇

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသရေးလုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

မေ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၅) ရပ်ကွက်၊ အမှတ်(၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်အတွင်းရှိ အမှတ်(၁၂)ရပ်ကွက်၊ အမှတ်(၁၄)ရပ်ကွက်၊ အမှတ်(၁၅)ရပ်ကွက်နှင့် အမှတ်(၂၀)ရပ်ကွက်များရှိ အိမ်ထောင်စု စုစုပေါင်း ၈၇၃၀ တို့အတွက် ဆန်၊ ဆီ၊ ပဲများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



○ လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ Country Destructive Movements မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှားသင်ခန်းစာတွေကို ကြည့်ပါ။

နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရှယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။

## ပြည်သူလူထုအကျိုးကို ဖော်ဆောင်ပေးရန်နှင့် အာမခံချက်ပေးနိုင်အောင် ဆက်လက်လုပ်ဆောင်သွားမည်

ပြည်သူလူထု၏ အကျိုးစီးပွားကို မိမိတို့အနေဖြင့် ဖော်ဆောင်ပေးနိုင်မှသာ ပြည်သူလူထုက မိမိတို့အစိုးရအဖွဲ့ကို ယုံကြည်လာမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအကျိုးကို ဖော်ဆောင်ပေးရန်နှင့် အာမခံချက်ပေးနိုင်အောင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်သူလူထုအား ဒီမိုကရေစီ အသိ၊ အမြင်နှင့် ဖက်ဒရယ်အသိ၊ အမြင်ရှိအောင် တာဝန်ရှိသူများအနေဖြင့် ရှင်းလင်းပြောကြားရမည်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်ခံ၍ မရကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် အသိအမြင်ရှိရေးတို့ကို မိမိတို့တာဝန်ယူသည့်ကာလအတွင်း ဆောင်ရွက်နိုင်မှသာ မှတ်ကျောက်တင်ခံရမည့် အစိုးရတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၆-၄-၂၀၂၂ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်ဇနီး ပြည်ထဲရေးဝန်ကြီးဌာနမိသားစု၏ ဇီဝိတဒါန ငါးလွှတ်ပွဲတက်ရောက်

နေပြည်တော် ဧပြီ ၁၇

**ပြည်ထဲရေးဝန်ကြီးဌာနမိသားစု၏ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ပျဉ်းမနား- တောင်ညိုလမ်းမဘေးရှိ မင်္ဂလာကန်တော်၌ ကျင်းပသည်။ (အောက်ပုံ)**



အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထဲရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဇနီးဒေါ်နီလာစိန်၊ ပြည်ထဲရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ရွှေဝါ ငါးကြင်းငါးမျိုးစိတ် အကောင် ၁၈၀၀ အား မင်္ဂလာကန်တော်အတွင်းသို့ ဇီဝိတဒါန လွှတ်ပေးကြသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဇီဝိတဒါနငါးလွှတ်ပွဲတက်ရောက်

**ဘားအံ ဧပြီ ၁၇**

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနသည် နှစ်ဆန်း ၁ ရက်နေ့ နံနက် ၉ နာရီတွင် ဘားအံမြို့ ကန်သာယာကန်၌ ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနား ပြုလုပ်ရာ အခမ်းအနားသို့ ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်/ခရိုင်ဦးစီးဌာနမှူးများ၊ ပြည်နယ်/ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဘားအံမြို့ ကန်သာယာကန်အတွင်းသို့ ငါးမြစ်ချင်းကောင်ရေ ၃၀၀၀၀ နှင့် ရွှေဝါ ငါးကြင်းကောင်ရေ ၁၀၀၀၀ စုစုပေါင်း ကောင်ရေ ၄၀၀၀၀ အား ဇီဝိတဒါနအဖြစ် လွှတ်ခဲ့သည်။

အလားတူ မြဝတီခရိုင် မြဝတီမြို့တွင်လည်း ငါးခုံးမကြီး ကောင်ရေ ၃၀၀၀၀ နှင့် ရွှေဝါငါးကြင်းကောင်ရေ ၁၀၀၀၀ စုစုပေါင်း ကောင်ရေ ၄၀၀၀၀ အား ဇီဝိတဒါနအဖြစ်လွှတ်ခဲ့ပြီး ကရင်ပြည်နယ်အတွင်း နှစ်ဆန်း ၁ ရက်နေ့တွင် ငါးကောင်ရေစုစုပေါင်း ၈၀၀၀၀ အား ဇီဝိတဒါနအဖြစ် လွှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




❖ *ရွှေဖုံးမှ*

ဩဝါဒပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားတော်မူပြီး အနန္တရာယိက အန္တရာယ်ကင်း ကမ္မဝါစာများ ရွတ်ဖတ်ချီးမြှင့်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နေပြည်တော်၊ ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ တက်ရောက်လာသည့် ဩဝါဒပရိသတ်များက အနုမောဒနာတရား နာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် တာဝန်ရှိသူများက နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမိသားစုတို့၏ မြန်မာနှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲ ကျင်းပ



**နေပြည်တော် ဧပြီ ၁၇**

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန မိသားစုတို့၏ မြန်မာနှစ်သစ်ကူးအန္တရာယ်ကင်း ပရိတ်တရားတော် နာယူပွဲ အခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ ဦးစီးဌာနအကြီးအကဲများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့ ရတနာမှန်ကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြရာ အခမ်းအနားတက်ရောက်သူများက နာယူကြည်ညိုကြသည်။ (ဝဲပုံ)

ထို့နောက် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ (၁၃)ကြိမ်မြောက် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲ မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၁၇**

(၁၃) ကြိမ်မြောက် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ မဟာထေရ်မြတ်ကြီး အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဇော်မျိုးတင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက် ကြည်ညိုကြသည်။

အခမ်းအနားတွင် ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ မဟာထေရ်မြတ်ကြီးထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် အမှူးပြုသော ဌာနဆိုင်ရာ အကြီးအကဲများက ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ရတနသုတ်၊ မေတ္တသုတ်၊ ပုဗ္ဗဏှသုတ်ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို နာယူကြည်ညိုကြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



ထို့နောက် ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ မဟာထေရ်မြတ်ကြီးထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**သတင်းစဉ်**

## ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများအား (၅-၅-၂၀၂၁) ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ထုတ်ဝေ

နေပြည်တော် ဧပြီ ၁၇

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေဖြန့်ချိသည်။**




အဆိုပါ မိန့်ခွန်းစာအုပ်တွင် ၂၀၂၁ ခုနှစ် မတ်လအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းနှင့် အထိမ်းအမှတ် အခမ်းအနားများသို့ ပေးပို့သည့် သဝဏ်လွှာများ စုစုပေါင်း ၁၇ ပုဒ်ကို စုစည်းဖော်ပြထားသည်။

မတ်လ ၂၂ ရက်နေ့တွင် ကျင်းပခဲ့သည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၇/၂၀၂၁)တွင် "ပုဂ္ဂလိကဘဏ်များ ပြန်လည်ဖွင့်လှစ်ရေးအတွက် ဗဟိုဘဏ်မှ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်ခွင့်ပေးထားကြောင်း၊ ပုဂ္ဂလိကဘဏ်များအနေဖြင့် နိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများကို လိုက်နာမှုမရှိဘဲ ဘဏ်ပိတ်ထားမှုသည် ဥပဒေအား ဖောက်ဖျက်ခြင်းဖြစ်သဖြင့် စည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပြန်လည်ရရှိစေရေးအတွက် ပိတ်ထားသည့် စက်ရုံအလုပ်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်နှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်း SME များအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း" ပြောကြားသည့် အမှာစကား၊ မတ်လ ၃၀ ရက်နေ့တွင် ကျင်းပခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၈/၂၀၂၁) တွင် " နိုင်ငံများအလိုက် ဒီမိုကရေစီစနစ် ကျင့်သုံးသည့် စနစ်နှင့် ပုံစံများ မတူနိုင်ကြောင်း၊ အနောက်ဥရောပနိုင်ငံများတွင်ပင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီသကဲ့သို့ မိမိတို့ အာရှနိုင်ငံများတွင်လည်း အလားတူပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို သွားရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည့် အမှာစကားများ အပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းများ၊ သဝဏ်လွှာများနှင့် အမှာစကားများကို စုစည်းထုတ်နုတ်ထားသည်။

ယင်းစာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

**သတင်းစဉ်**

# လွတ်ငြိမ်းချမ်းသာခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၁၁၂ / ၂၀၂၁**

**၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်**

**( ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၇ ရက် )**

## လွတ်ငြိမ်းချမ်းသာခွင့်အမိန့်

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အကျဉ်းထောင်/အချုပ်ထောင်/ အကျဉ်းစခန်း အသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား/သူများကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ ၊ ပုဒ်မခွဲ (က) အရ ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက် (ခရစ်နှစ် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၇ ရက်) မတိုင်မီ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးပါက ယင်းတို့ကျခံနေရသော ပြစ်ဒဏ်အသီးသီးကို အောက်ပါအတိုင်း ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်သည်–

(က) သေဒဏ်ပြစ်ဒဏ်ကျခံနေရသူများကို ထောင်ဒဏ်တစ်သက်(လွတ်ရက်မရှိ) ပြစ်ဒဏ်သို့ ပြောင်းလဲကျခံစေရန်၊

(ခ) ထောင်တစ်သက်နှင့် နှစ်အကန့်အသတ်မရှိ ပြစ်ဒဏ်ကျခံနေရသူများကို ထောင်ဒဏ် နှစ် ၄၀ သို့ လျှော့ပေါ့ကျခံစေရန် (ယခင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်များအရ သေဒဏ်မှ ထောင်တစ်သက်သို့ ပြောင်းလဲထားသူများမပါ)၊

(ဂ) ယခင်ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များအရ သေဒဏ်မှ ထောင်တစ်သက် ပြစ်ဒဏ်သို့ ပြောင်းလဲထားသူများအား ထောင်ဒဏ်နှစ် ၅၀ သို့ ပြောင်းလဲကျခံစေရန်၊

(ဃ) ထောင်ဒဏ် နှစ် ၄၀ အထက် ကျခံနေရသူများကို ထောင်ဒဏ် နှစ် ၄၀ သို့ ပြောင်းလဲကျခံစေရန်၊

(င) ထောင်ဒဏ် နှစ် ၄၀ နှင့်အောက် ကျခံနေရသူများကို ယင်းတို့ကျခံနေရသော ပြစ်ဒဏ်၏ လေးပုံတစ်ပုံအား လျှော့ပေါ့ကျခံစေရန်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၁၁၃ / ၂၀၂၁**

**၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်**

**( ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၇ ရက် )**

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် အကျဉ်းထောင်/အချုပ်ထောင်/အကျဉ်းစခန်း အသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား/သူ ၂၃၀၄၇ ဦးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့် ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၁၁၄ / ၂၀၂၁**

**၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်**

**( ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၇ ရက် )**

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို ရှေးရှုသောအားဖြင့် လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အကျဉ်းထောင်/အချုပ်ထောင်/အကျဉ်းစခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော နိုင်ငံခြားသား အကျဉ်းသား/သူ ၁၃၇ ဦးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ဘုရားစေတီများ၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကား

**ရန်ကုန် ဧပြီ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ် ကုန်လွန်၍ ၁၃၈၃ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ အခါသမယတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် ဘုရားစေတီများ၌ ကိုဗစ်-၁၉ လမ်းညွှန်ချက်များနှင့်အညီ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူခြင်းနှင့် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။



မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၌ ဘုရားဖူးလာ ပြည်သူများအား တွေ့ရစဉ်။

**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အသင်းအဖွဲ့များက ညှိ့ခံတန်ဆောင်း၌ ဗုဒ္ဓမြတ်စွာဘုရားရှင်အား ဆွမ်းတော်ကြီး၊ သစ်သီး၊ ပန်းမန်၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နှစ်သစ်မင်္ဂလာအခါတော်နေ့ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူခြင်း အခမ်းအနားကို ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် မဟာဝိသုဒ္ဓါရုံ တိုက်သစ် ဦးစီးပဓာနနာယက တိပိဋကဓရ တိပိဋက ဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသထံမှ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက နဝင်္ဂသီလ ခံယူဆောက်တည်ကြပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးညွန့်သင်းက အဖွင့်မင်္ဂလာစကား လျှောက်ထားသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြပြီး ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ် ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဝရာဘိဝံသထံမှ အနုမောဒနာတရားနာကြားပြီး ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**ဩဝါဒကထာများ မြွက်ကြား**

ဆက်လက်၍ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူခြင်းအခမ်းအနားကို ကျင်းပရာ ဩဝါဒခံယူပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးညွန့်သင်းက လျှောက်ထားပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများက ဩဝါဒကထာများ မြွက်ကြားတော်မူကြသည်။

အလားတူ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ နံနက် ၆ နာရီတွင် ဂေါပကရုံး အာရုံခံတန်ဆောင်းအပေါ်ထပ်၌ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဩဝါဒါစရိယ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မ အမှူးပြုသော ဩဝါဒါစရိယ ဆရာတော်ကြီး ၅ ပါးအား ဂေါပကအဖွဲ့ဝင်များက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စေတီတော်မြတ်ကြီး၏ ဓာတ်တော်တိုက်အတွင်း၌ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးများအား ဆရာတော်၊ သံဃာတော်များက အနေကဇာတင်လှူပူဇော်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများ ဆောင်ရွက်ကြသည်။

ထို့ပြင် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၌လည်း ယနေ့နံနက်ပိုင်းမှစ၍ ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိပြီး ဘုရားဖူးလာပြည်သူများအား အလှူရှင်များက စတုဒိသာများဖြင့် ကျွေးမွေးလှူဒါန်းကြသည်။

ယနေ့ နှစ်ဆန်း ၁ ရက်နေ့တွင် ဆရာတော်သံဃာတော်များက မော်တော်ယာဉ်များဖြင့် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များအတွင်းရှိ လမ်းမကြီးတစ်လျှောက်၌ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ ပရိတ်ရေများ ပက်ဖျန်းခြင်း၊ ရပ်ကွက်များတွင် လမ်းများအလိုက် ဆရာတော်သံဃာတော်များအား ပင့်ဖိတ်၍ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများ ပြုလုပ်ကြသည်။

**အခမဲ့လိုက်ပါပို့ဆောင်**

ပုဂ္ဂလိကအငှားယာဉ်တချို့၊ ယာဉ်လိုင်းတချို့ကလည်း သံဃာတော်များ၊ သီလရှင်များနှင့် ဘုရားဖူးပြည်သူများ သွားလာမှုအဆင်ပြေစေရန် ယာဉ်များအား ပြေးဆွဲပေးလျက်ရှိပြီး အချို့အငှားယာဉ်များသည် ဘုရားဖူးပြည်သူများအား ယာဉ်စီးခမယူဘဲ ကုသိုလ်အဖြစ် အခမဲ့လိုက်ပါပို့ဆောင်ကြသည်ကိုလည်း တွေ့ရသည်။

**သတင်း-လင်းလတ်ဇော်၊ ကျော်စိုးဝင်း**
**ဓာတ်ပုံ-ဇော်ဇော်လတ်**

# မြန်မာနှစ်သစ်ကူး နှစ်ဆန်း ၁ ရက်နေ့၌ နေပြည်တော်ကောင်စီနယ်မြေအတွင်း ကောင်းမှုကုသိုလ်ပြုလုပ်သူများဖြင့် စည်ကား

**နေပြည်တော် ဧပြီ ၁၇**

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ် ကုန်ဆုံး၍ ၁၃၈၃ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းသည့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့၏ နေ့ထူးနေ့မြတ် အချိန်အခါသမယ ဖြစ်သည့်အတွက် နှစ်ဟောင်းမှ အညစ်အကြေးများကို သင်္ကြန်ကာလအတွင်း အတာရေဖြင့် ဆေးကြောသန့်စင်ပြီး စိတ်၏ အညစ်အကြေးများကို ကုသိုလ်ဒါနပြုခြင်းဖြင့် ဆေးကြောသန့်စင်၍ နှစ်သစ်ကို မင်္ဂလာရှိစွာဖြင့် အစပြုလေ့ရှိရာ ယနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ကျောင်းကန်များ၌ ဥပုသ်သီတင်းသီလ ဆောက်တည်ခြင်း၊ သက်ကြီး ဘိုးဘွားများကို တစ်ကိုယ်ရေ သန့်ရှင်းမှုများ ပြုလုပ်ပေးခြင်း၊ ကန်တော့ခြင်း၊ ဇီဝိတဒါန ဘေးမဲ့လွှတ်ခြင်းနှင့် ကုသိုလ်ဒါနပြုခြင်းတို့ဖြင့် နှစ်သစ်ကို အစပြုကြသည်။



မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများအား တွေ့ရစဉ်။

နေပြည်တော် ကောင်စီနယ်မြေတွင် မြန်မာနှစ်သစ်ကူး နှစ်ဆန်း ၁ ရက်နေ့ နံနက်ပိုင်းမှ စ၍ တန်ခိုးကြီးဘုရားစေတီ၊ ကျောင်းကန်များ၌ ဥပုသ်သီတင်းသီလ ဆောက်တည်ကြသူများ၊ ဆရာတော် သံဃာတော်များ ရွတ်ဖတ် သရဇ္ဈာယ်သည့် အန္တရာယ်ကင်း ပရိတ်တရားတော်များ နာကြားကြသူများ၊ ဇီဝိတဒါန ဘေးမဲ့လွှတ်ကြသူများ၊ အလှူဒါနပြုကြသူများဖြင့် စည်ကားခဲ့သည်။

နေပြည်တော် ကောင်စီနယ်မြေရှိ ထင်ရှားသော ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၊ ဓာတုစယဓာတ်ပေါင်းစု စေတီတော်၊ မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး၊ လေ့ခွင်းတောင် တန်ခိုးကြီးဘုရား၊ ဘုရားကိုးဆူစေတီ၊ လောကမာရဇိန်စေတီ၊ လောကရန်နှိမ်စေတီ၊ ရန်အောင်မြင် ရွှေလက်လှဘုရား၊ သတ္တာဟ သံဝေဇနိယ လေးဌာန၊ ဖောင်တော်ချက်မစေတီ စသည့် တန်ခိုးကြီး ဘုရားစေတီများတွင် ဥပုသ်သီလ ခံယူဆောက်တည်ကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိပြီး ဇီဝိတဒါနအဖြစ် ငါးနှင့် ငှက်များကို ဘေးမဲ့လွှတ်ကြသူများ များပြားခဲ့သည်။

ထို့ပြင် နေပြည်တော် ကောင်စီ နယ်မြေအတွင်းရှိ ဝန်ကြီးဌာနများ၊ ရပ်ကွက်များ၊ ဝန်ထမ်းအိမ်ရာများ၊ ဓမ္မာရုံများတွင်လည်း ဆရာတော်၊ သံဃာတော်များ ပင့်ဖိတ်၍ ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများ နာကြားကြကာ ကုသိုလ်ကောင်းမှု အစုစုတို့အတွက် အမျှပေးဝေကြသည်။

**သတင်းစဉ်**

# နိုင်ငံတစ်ဝန်း မြို့နယ်အချို့၌ နှစ်ဆန်းတစ်ရက်နေ့ မြင်ကွင်းပုံရိပ်များ



ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသည့် ပြည်သူများကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)



စစ်ကိုင်းမြို့ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသည့် ပြည်သူများကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)



ပခုက္ကူမြို့ သီဟိုဠ်ရှင်ဘုရားကြီးသို့ လာရောက်ဖူးမြော်ကြသည့် ပြည်သူများကို တွေ့ရစဉ်။ ဇော်(အဝေးသင်)



ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ရှိ ဆံတော်ခြောက်ဆူ ကိန်းဝပ်တော်မူသော ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ရှမ်းရိုးရာဓလေ့ နှစ်ဦးသဲပုံစေတီ တည်ထားပူဇော်နေသည်ကို တွေ့ရစဉ်။ မျိုးလှိုင်(တွံတေး)



ကျောက်ဆည်မြို့ ဆုတောင်းပြည့် မဟာရွှေသိမ်တော်ဘုရားသို့ လာရောက်ဖူးမြော်ကြသည့် ပြည်သူများကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံစေတီတော်သို့ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာသည့်ပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)



မိုင်းယောင်းမြို့နယ် နမ့်ယောင်းချောင်း၌ အပန်းဖြေရေကစားကြသူများကို တွေ့ရစဉ်။ စိုင်းအောင်ဇော်လင်း

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/အချုပ်ထောင် စခန်းအသီးသီးမှ အကျဉ်းကျခံနေရသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**နေပြည်တော် မေ ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် မြန်မာနှစ်သစ်မင်္ဂလာ အခါသမယအထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်နေချိန်တွင် ပြစ်ဒဏ်ကျ အကျဉ်းသား၊ အကျဉ်းသူများမှလည်း တစ်ဖက်တစ်လမ်းမှ အကျိုးပြုစေမည့် နိုင်ငံသားများအဖြစ်သို့ ပြောင်းလဲပေးရန်အတွက် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမိန့်အမှတ် ၁၁၃/၂၀၂၂ နှင့် ၁၁၄/၂၀၂၂ တို့ဖြင့် အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတို့တွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား၊ အကျဉ်းသူ နိုင်ငံသား ၂၃၀၄၇ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၁၃၇ ဦး စုစုပေါင်း ၂၃၁၈၄ ဦးတို့ကို ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ထိုသို့ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုခဲ့ခြင်းကြောင့် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်၊ အချုပ်ထောင် စခန်းအသီးသီးမှ အကျဉ်းကျခံနေကြသော အကျဉ်းသား၊ အကျဉ်းသူ ၂၃၀၄၇ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား/အကျဉ်းသူ ၁၃၇ ဦးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ကြောင်းနှင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူတို့ကို ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် လွတ်မြောက်လာသူများ နေရပ်သို့ပြန်နိုင်ရန် မြန်မာ့မီးရထားက အမှတ်(၉၀)အစုန် မော်လမြိုင်-ရန်ကုန် လူစီးရထားဖြင့်ပို့ဆောင်ပေး

**နေပြည်တော် မေ ၁၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မြန်မာနှစ်သစ်ကူး အခါသမယ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း၊ အကျဉ်းထောင် စခန်းအသီးသီးတွင် အကျဉ်းကျခံ နေကြရသော အကျဉ်းသား၊ အကျဉ်းသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်များနှင့်အညီ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားက ပြန်လည်လွတ်မြောက်လာသည့် ကျိုက်မရော အကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၅၂၂ ဦးနှင့် မော်လမြိုင် အကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၁၀၅ ဦး စုစုပေါင်း ၆၂၇ ဦးတို့ကို ၎င်းတို့၏နေရပ်သို့ အဆင်ပြေစွာ ပြန်နိုင်ရန်အတွက် အမှတ်(၉၀)အစုန် မော်လမြိုင်-ရန်ကုန် လူစီးရထားဖြင့် မော်လမြိုင်ဘူတာမှ ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ထွက်ခွာခဲ့ပြီး ရန်ကုန်ဘူတာသို့ ည ၉ နာရီ ၄၅ မိနစ်ခန့်တွင် ရောက်ရှိမည် ဖြစ်သည်။

ဆက်လက်ဆောင်ရွက်မည့် ခရီးစဉ်များအဖြစ် မော်လမြိုင်-ရန်ကုန် ရထားလမ်းပိုင်းအတွင်း မေ ၁၈ ရက်တွင် အမှတ်(၈၉) အဆန် ရန်ကုန် - မော်လမြိုင် ရထားသည် ရန်ကုန်ဘူတာမှ နံနက် ၆ နာရီတွင် ထွက်ခွာ၍ မော်လမြိုင်ဘူတာသို့ ညနေ ၅ နာရီခန့်တွင် ရောက်ရှိမည်ဖြစ်သည်။ မေ ၂၀ ရက်တွင် အမှတ် (၉၀)အစုန် မော်လမြိုင်-ရန်ကုန် ရထားသည် မော်လမြိုင်ဘူတာမှ နံနက် ၈ နာရီတွင် ထွက်ခွာ၍ ရန်ကုန်ဘူတာကြီးသို့ ညနေ ၆ နာရီတွင် ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဗဟိုအကျဉ်းထောင်(မန္တလေး)မှ အကျဉ်းသား ၁၅၆၇ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်

**မန္တလေး မေ ၁၇**

နှစ်သစ်ကူးအခါသမယ မြန်မာ့နှစ်ဆန်း ၁ရက်နေ့ ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ဗဟိုအကျဉ်းထောင် (မန္တလေး)မှ အကျဉ်းသား၊ အကျဉ်းသူ ၁၅၆၇ ဦး လွတ်မြောက်ခဲ့ကြသည်။

ထိုသို့ လွတ်မြောက်ခဲ့ကြသည့် အကျဉ်းသား၊ အကျဉ်းသူများကို ဗဟိုအကျဉ်းထောင် (မန္တလေး)ရှိ ဓမ္မာရုံတွင် မန္တလေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စိုးနှင့် အောင်မြေသာစံမြို့နယ် စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးမြို့ဆောင်တို့က ဩဝါဒစကား ပြောကြားကြသည်။

ဗဟိုအကျဉ်းထောင် (မန္တလေး)မှ ယနေ့တွင် လွတ်မြောက်ခဲ့ကြသည့် အကျဉ်းသား၊ အကျဉ်းသူ ၁၅၆၇ ဦးတွင် အကျဉ်းသား ၁၃၀၀ နှင့် အကျဉ်းသူ ၂၆၇ ဦးတို့ ဖြစ်ကြပြီး ၎င်းတို့နေထိုင်ရာ မြို့အသီးသီးသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း ဗဟိုအကျဉ်းထောင် (မန္တလေး)မှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်နိုင်က ပြောကြားသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်များမှ အကျဉ်းသား၊ အကျဉ်းသူ ၁၀၅၀ လွတ်မြောက်

**စစ်တွေ မေ ၁၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ-၄၀၁၊ ပုဒ်မခွဲ(၁)အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးလိုက်ရာ ရခိုင်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်များမှ အကျဉ်းသား၊ အကျဉ်းသူ ၁၀၅၀ လွတ်မြောက်ကြောင်း သိရသည်။

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရာတွင် စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား ၂၅၆ ဦး၊ အကျဉ်းသူ ၂၀ ဦး၊ ဘူးသီးတောင် အကျဉ်းထောင်မှ အကျဉ်းသား ၅၇၁ ဦး၊ အကျဉ်းသူ ၃၃ ဦး၊ ကျောက်ဖြူ အကျဉ်းထောင်မှ အကျဉ်းသား ၈၄ ဦး၊ အကျဉ်းသူ တစ်ဦး၊ သံတွဲ အကျဉ်းထောင်မှ အကျဉ်းသား ၈၂ ဦးနှင့် အကျဉ်းသူ နှစ်ဦး စုစုပေါင်း ၁၀၅၀ လွတ်မြောက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## မိုးဆက်လက် ထစ်ချုန်း ရွာနိုင်

**နေပြည်တော် မေ ၁၇**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်း ရွာနိုင်သည်။ **မိုး/ဇလ**

❐ *ကျောဖုံးမှ*

အာဆင်နယ်အသင်းနှင့် ဖူလ်ဟမ်အသင်းတို့ ပထမအကျော့ဖူလ်ဟမ်အိမ်ကွင်း၌ တွေ့ဆုံခဲ့စဉ် အာဆင်နယ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။ ယနေ့ပွဲစဉ်တွင် အာဆင်နယ်အသင်းအနေဖြင့် ဖူလ်ဟမ်အသင်းကို အနိုင်ရရှိရေးမှာ အခက်တွေ့ဖွယ်ရှိသော်လည်း လိုအပ်နေသည့် အနိုင်ရလဒ်ကို ဖော်ဆောင်နိုင်ဖွယ်ရှိနေသည်။

မန်ယူအသင်းနှင့် ဘန်လေအသင်းတို့ပွဲစဉ်ကို ယနေ့ည ၉ နာရီခွဲတွင် မန်ယူအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မန်ယူအသင်းသည် ပြိုင်ပွဲစုံ နောက်ဆုံးလေးပွဲတွင် လေးပွဲစလုံး အနိုင်ရရှိထားသည့်အတွက် ခြေစွမ်းတည်ငြိမ်နေသည်ဟု ဆိုနိုင်ပေသည်။ ထို့အပြင် မန်ယူအသင်းသည် ယူရိုပါလိဂ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်တက်ရောက်ထားနိုင်သည့်အတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာ အားတက်နေမည်ကို သတိပြုရမည်ဖြစ်ပြီး ပရီမီယာလိဂ်ပြိုင်ပွဲတွင် ဦးဆောင်သူ မန်စီးတီးအသင်းကို ဆက်လက်ဖိအားပေးနိုင်ရန် ယခုပွဲစဉ်ကို အနိုင်ရရှိရေး နည်းပြဆိုးလ်ရှား အကောင်းဆုံးပြင်ဆင်လာဖွယ် ရှိနေသည်။ ဘန်လေအသင်းက နောက်ဆုံးလေးပွဲတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေနှင့် နှစ်ပွဲရှုံးနိမ့်ထားသည့်အတွက် ခြေစွမ်းတည်ငြိမ်မှုမရှိသည်ကို တွေ့ရသည်။ ဘန်လေအသင်းသည် အမှတ်ပေးဇယားမှာ တန်းဆင်းဇုန်အထက်နားတွင် ရပ်တည်နေသောကြောင့် အမှတ်ပေးဇယားအထက်ပိုင်းသို့ တက်လှမ်းနိုင်ရန်အတွက် အသင်းကို အကောင်းဆုံးပြင်ဆင်လာဖွယ်ရှိနေသည်။ အဆိုပါ နှစ်သင်းတွေ့ဆုံခဲ့သည့် ပထမအကျော့ ဘန်လေအိမ်ကွင်းတွင် မန်ယူအသင်းက ပေါ့ဂ်ဘာ၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် မန်ယူအသင်းအနေဖြင့် ယနေ့ပွဲစဉ်တွင် ဘန်လေအသင်းကို ထပ်မံအနိုင်ယူကာ ဦးဆောင်သူ မန်စီးတီးအသင်းကို ဆက်လက်ဖိအားပေးသွားနိုင်မလား စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

# နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင် အကျဉ်းစခန်းများတွင် ပြစ်ဒဏ်ခံရသူအချို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေး

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် ၁၁၂/၂၀၂၁၊ ၁၁၃/၂၀၂၁၊ ၁၁၄/၂၀၂၁ တို့ဖြင့် ၂၀၂၁ ခုနှစ် မေ ၁၇ ရက်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)အရ လွတ်ငြိမ်းချမ်းသာခွင့်၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်တို့ဖြင့် နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အကျဉ်းစခန်းများမှ အကျဉ်းသား၊ အကျဉ်းသူအချို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။**

## ရမည်းသင်း

ရမည်းသင်း အကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသူများကို ယနေ့နံနက် ၉ နာရီက စတင်ကာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသည့် အကျဉ်းသား ၂၁၂ ဦးနှင့် အကျဉ်းသူ ၂၃ ဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးကြောင်း အကျဉ်းဦးစီးဌာနက သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သထုံ

သထုံမြို့နယ်အတွင်းရှိအကျဉ်းထောင်၊ အကျဉ်းစခန်း အသီးသီးတို့မှ အကျဉ်းသား ၁၀၄ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိခဲ့ကြောင်း သိရသည်။

လွတ်ငြိမ်းခွင့်ရရှိသူများအား သထုံအကျဉ်းထောင်တာဝန်ခံ ဦးဇော်မင်းထွန်းနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇောတို့က လွတ်ငြိမ်းခွင့်လက်မှတ်နှင့် ခရီးစားစရိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကော့သောင်း

ယနေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းအကျဉ်းထောင်မှ အကျဉ်းသား/သူများအား ပြစ်ဒဏ်လွတ်ငြိမ်းပေးခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား/သူများအား တာဝန်ရှိသူများက ဆုံးမစကားများ ပြောကြားခဲ့ကြကာ ကော့သောင်းခရိုင် ပြည်သူ့ကျန်းမာရေးဌာနနှင့် အမှတ် ၁၃ တပ်မတော်ဆေးရုံ ခုတင် ၁၀၀ မှ ကျန်းမာရေးဝန်ထမ်းများက အပူချိန်တိုင်းတာပေးခြင်းများ ပြုလုပ်ခဲ့ကြပြီး ထောင်လွတ်လက်မှတ်နှင့် ခရီးစရိတ်ငွေများ ပေးအပ်ခဲ့ကာ အကျဉ်းထောင်မှ လွှတ်ပေးခဲ့ကြသည်။ လွတ်ငြိမ်းခွင့်ရ ကော့သောင်းအကျဉ်းထောင်မှ ထိုင်းနိုင်ငံသားသုံးဦး အပါအဝင် မြန်မာနိုင်ငံသားအကျဉ်းသားအမျိုးသား ၃၀၄ ဦး၊ အမျိုးသမီး ၆၈ ဦး ဖြစ်ပြီး စုစုပေါင်း ၃၇၅ ဦး ဖြစ်ကာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများအားလုံးကို မိမိနေရပ်အသီးသီးသို့ မော်တော်ယာဉ်များဖြင့် အိမ်အရောက်



မြိတ်အကျဉ်းထောင်မှ လွတ်မြောက်သူများအား အကျဉ်းထောင်တာဝန်ရှိသူများက ဆုံးမဩဝါဒ စကားပြောကြားစဉ်။

ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## မြိတ်

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင် ကုန်ထုတ်စခန်းတို့တွင် အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား/သူ စုစုပေါင်း ၄၆၅ ဦးအား မြန်မာနှစ်ဆန်း ၁ ရက်နေ့ မေ ၁၇ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွှတ်ပေးခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွှတ်ပေးခဲ့သော အကျဉ်းသား/သူများမှာ မြိတ်အကျဉ်းထောင်မှ အကျဉ်းသား ၃၁၈ ဦး၊ အကျဉ်းသူ ၃၉ ဦး စုစုပေါင်း ၃၅၇ ဦးနှင့် မြိတ်မြို့နယ် ကျောက်ဖြူတောင် ကျေးရွာရှိ အကျဉ်းဦးစီးဌာန၊ ကျောက်ဖြူတောင် ကုန်ထုတ်စခန်းတွင် အကျဉ်းကျခံနေရသော အကျဉ်းသား ၁၀၈ ဦး၊ စုစုပေါင်း အကျဉ်းသား/သူ ၄၆၅ ဦး တို့ဖြစ်သည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွှတ်ပေးရာတွင် မြိတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ မြိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး ကျော်မိုးသက်၊ မြိတ်အကျဉ်းထောင် တာဝန်ခံ ဦးစောမိုးရွှေတို့က မြိတ်အကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခဲ့သည့် အကျဉ်းသား/သူ များအား ဆုံးမစကား ပြောကြား၍ ထောင်လွတ်လက်မှတ်များနှင့် ၎င်းတို့ ပြစ်ဒဏ်ကျခံရစဉ်က ရရှိသည့် လုပ်အားခငွေများအား ပေးအပ်ခဲ့ကြသည်။

ထို့အတူ ကျောက်ဖြူတောင်ကုန်ထုတ်စခန်းတွင် လွတ်ငြိမ်းခွင့်ပြုသည့် အကျဉ်းသားများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသူအောင်နှင့် တာဝန်ရှိသူများက ဆုံးမစကားများ ပြောကြားခဲ့ကြပြီး လွတ်ငြိမ်းခွင့်ရရှိခဲ့သည့် အကျဉ်းသားများအား ထောင်လွတ်လက်မှတ်များနှင့် ၎င်းတို့ ပြစ်ဒဏ်ကျခံရစဉ်က ရရှိသည့် လုပ်အားခငွေများအား ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ပုသိမ်

၁၃၈၃ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်အကျဉ်းထောင်မှ ယနေ့နံနက်ပိုင်းမှစ၍ အကျဉ်းသား၊ အကျဉ်းသူများအား လွှတ်ပေးခဲ့ရာ ယနေ့လွှတ်ပေးသော အကျဉ်းသားများမှာ နိုင်ငံခြားသား ၁၂ ဦးအပါအဝင် အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၃၅၅ ဦး လွှတ်ပေးခဲ့ကြောင်း သိရသည်။

ပြန်လည်လွှတ်ပေးသော အကျဉ်းသားများကို သက်ဆိုင်ရာ ဒေသအသီးသီးသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေးအတွက် အစိုးရမှတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက စီစဉ်ပေးလျက်ရှိကြောင်း သိရသည်။ **မောင်မောင်မြင့်(ပြန်/ဆက်)**

## မိုင်းဆတ်

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဆတ်မြို့ အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် အကျဉ်းသား/သူ ၁၄၅ ဦးအား ယနေ့နံနက် ၉ နာရီက ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ အကျဉ်းသား/သူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဟိန်းကျော်က အားပေးစကားပြောကြားပြီး ရပ်ဝေးမှ အကျဉ်းသား/သူများအား နေရပ်ပြန်နိုင်ရေးအတွက် မော်တော်ယာဉ်နှင့် နေ့လယ်စာထမင်းထုပ်များ စီစဉ်ပေးသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အရ မိုင်းဆတ်အကျဉ်းထောင်မှ အကျဉ်းသား ၁၂၈ ဦးနှင့် အကျဉ်းသူ ၁၇ ဦးတို့သည် ၎င်းတို့ကျခံနေရသော ပြစ်ဒဏ်၏လေးပုံတစ်ပုံအား လျှော့ပေါ့ခံစားခွင့်ရရှိကြပြီး ပြစ်ဒဏ်လွတ်ငြိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မောင်(ပြန်/ဆက်)**

## ဒိုက်ဦး

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးဗဟိုအကျဉ်းထောင်မှ မေ ၁၇ ရက် နံနက် ၁၀ နာရီတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အမိန့်ဖြင့် အကျဉ်းသား ၃၄၆၊ အကျဉ်းသူ ၇၁ ဦး စုစုပေါင်း ၄၁၇ ဦးနှင့် ဒိုက်ဦးမြို့နယ်ကျိုက်စကောစိုက်ပျိုးမွေးမြူရေးစခန်းမှ ၁၂၃ ဦးတို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## စဉ့်ကိုင်

ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ဘယ်လင်းကျေးရွာရှိ အကျဉ်းဦးစီးဌာနတွင် မြန်မာနှစ်ဆန်း ၁ ရက်နေ့ မေ ၁၇ ရက် နံနက် ၁၀ နာရီက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အမိန့်ဖြင့် အမှတ်(၁) ကုန်ထုတ်စခန်း ချမ်းမြေ့သုခမ္မာရုံ၌ နှစ်သစ်ကူး အထိမ်းအမှတ်အဖြစ် အကျဉ်းသားများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသားများအား ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မြင့်သိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သိန်းလွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူး ပြည့်ဖြိုးအောင်၊ အကျဉ်းထောင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောထွန်း၊ ဦးစီးအရာရှိ ဦးစောမောင်နှင့် တာဝန်ရှိသူများက ကြီးကြပ်၍ အကျဉ်းသားများအား လုပ်အားခငွေများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အကျဉ်းသားများ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရာတွင် အမှတ်(၁)ကုန်ထုတ်စခန်းမှ အကျဉ်းသား ၇၂ ဦး အမှတ်(၂)ကုန်ထုတ်စခန်းမှ အကျဉ်းသား ၇၂ ဦး စုစုပေါင်း အကျဉ်းသား ၁၄၄ ဦး တို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးခဲ့ပြီး မော်တော်ယာဉ်များဖြင့် နေရပ်သို့ ပြန်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းဝင်းသန်း(စဉ့်ကိုင်)**

## ဘားအံ

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ အကျဉ်းထောင်နှင့် အကျဉ်းစခန်းများမှ အကျဉ်းသား၊ အကျဉ်းသူ ၆၆၀ အား ယနေ့နံနက်ပိုင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်ဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

ထိုသို့ အကျဉ်းထောင်/အချုပ်ထောင်/ စခန်းအသီးသီးတွင် အကျဉ်းကျခံနေရသူ ၂၃၄၀၇ ဦးအား ပြစ်ဒဏ်များ အပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ရာ ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ဘားအံအကျဉ်းထောင်မှ အကျဉ်းသား ၃၀၂ ဦး၊ အကျဉ်းသူ ၁၂၆ ဦး၊ လက္ခဏ စိုက်/မွေး အကျဉ်းစခန်းမှ အကျဉ်းသား ၉၁ ဦး၊ မာလာဖူး ကုန်ထုတ်စခန်းမှ အကျဉ်းသား ၁၄၁ ဦး စုစုပေါင်း အကျဉ်းသား၊ အကျဉ်းသူ ၆၆၀ တို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



ပုသိမ်အကျဉ်းထောင်မှ လွတ်မြောက်သူများအား နေရပ်ဒေသအသီးသီးသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးစဉ်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၇ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မကွေးတိုင်းဒေသကြီး သရက်မြို့နယ် မဲရုံ ၁၄၃ ရုံ | ၈၅၇၈၁ | ၇၉၈၁၆ | ၁၅၅၃ | ၇၄၂ | ၁၀၉၈၈ |
| ၂ | မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် မဲရုံ ၁၃၀ ရုံ | ၉၅၉၄၈ | ၈၃၁၄၁ | ၄၅၇၉ | ၄၃၄ | ၈၇၈၆ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၂၇၃၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၁၃၁၃၁ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၄၀၈၄၆၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၂၂၈၅၊ မြေပြင်လက်ကျန် ၆၉၈၉၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၂၃၈၈ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | သရက်မြို့နယ် | ၁၄၃ | ၁၀၁၂၀၂ | ၆၆၀၅၀ | ၃၅၁၅၂ | ၃၄၂၁၄ | ၉၃၈ | |
| ၂ | ဆင်ပေါင်ဝဲမြို့နယ် | ၁၃၀ | ၁၁၁၉၂၉ | ၇၄၇၉၆ | ၃၇၁၃၃ | ၃၅၆၈၃ | ၁၄၅၀ | |
| | စုစုပေါင်း | ၂၇၃ | ၂၁၃၁၃၁ | ၁၄၀၈၄၆ | ၇၂၂၈၅ | ၆၉၈၉၇ | ၂၃၈၈ | |

### သရက်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်တွင် ရပ်ကွက် ၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၃ အုပ်စု၊ မဲရုံပေါင်း ၁၄၃ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၀၁၂၀၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၆၆၀၅၀၊ ကျန်ရှိရမည့် အရေအတွက်မှာ ၃၅၁၅၂ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၄၂၁၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၈၉၆၀၀ | ၆၅၆၆၉ | ၂၃၉၃၁ | ၂၂၉၉၃ | ၉၃၈ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၃၈၁ | ၃၈၁ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၁၂၂၁ | | ၁၁၂၂၁ | ၁၁၂၂၁ | | |
| | စုစုပေါင်း | ၁၀၁၂၀၂ | ၆၆၀၅၀ | ၃၅၁၅၂ | ၃၄၂၁၄ | ၉၃၈ | |

၆။ သရက်မြို့နယ်၊ ရပ်ကွက် ၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၃ အုပ်စုရှိ မဲရုံ ၁၄၃ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၉၃၈ ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရပါသည်။

၇။ သရက်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရမည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | အမှတ်(၁)ရပ်ကွက် | ၁ | ၁၀၅၀ | ၈၁၅ | ၂၃၅ | ၂၃၅ | | |
| ၂ | အမှတ်(၂)ရပ်ကွက် | ၁ | ၈၅၀ | ၆၉၃ | ၁၅၇ | ၁၅၇ | | |
| ၃ | အမှတ်(၃)ရပ်ကွက် | ၁ | ၈၀၀ | ၆၂၂ | ၁၇၈ | ၁၇၈ | | |
| ၄ | အမှတ်(၄) ရပ်ကွက် | ၁ | ၈၀၀ | ၆၁၃ | ၁၈၇ | ၁၈၇ | | |
| ၅ | အမှတ်(၅)ရပ်ကွက် | ၄ | ၃၀၀၀ | ၂၂၅၉ | ၇၄၁ | ၇၄၁ | | |
| ၆ | အမှတ်(၆)ရပ်ကွက် | ၃ | ၃၆၀၀ | ၂၆၅၁ | ၉၄၉ | ၉၄၉ | | |
| ၇ | အမှတ်(၇)ရပ်ကွက် | ၃ | ၂၆၀၀ | ၁၉၅၀ | ၆၅၀ | ၆၅၀ | | |
| ၈ | အမှတ်(၈)ရပ်ကွက် | ၃ | ၄၇၀၀ | ၃၃၂၁ | ၁၃၇၉ | ၁၂၇၉ | ၁၀၀ | |
| ၉ | ရေမျက်ကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၈၀၃ | ၃၄၇ | ၃၄၇ | | |
| ၁၀ | ရွှေပန်းကိုင်းကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၁၈၁၀ | ၆၄၀ | ၆၄၀ | | |
| ၁၁ | အလပ်လယ်ကျေးရွာအုပ်စု | ၄ | ၁၉၀၀ | ၁၃၄၃ | ၅၅၇ | ၅၅၇ | | |
| ၁၂ | ဂုမ္ဘဏီကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၈၄၀ | ၃၆၀ | ၃၆၀ | | |
| ၁၃ | တပ်ကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၇၁ | ၁၇၉ | ၁၇၉ | | |
| ၁၄ | ညောင်ရွာငယ်ကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၅၂၃ | ၆၇၇ | ၆၇၇ | | |
| ၁၅ | အုန်းမွန်းတောကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၇၆၆ | ၂၃၄ | ၂၃၄ | | |
| ၁၆ | ပွန်းကြီးကျေးရွာအုပ်စု | ၃ | ၁၃၅၀ | ၉၆၈ | ၃၈၂ | ၃၈၂ | | |
| ၁၇ | ထီးရိုးကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၇၉၁ | ၃၅၉ | ၃၅၉ | | |
| ၁၈ | မိုးနတ်ကုန်းကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၇၆၀ | ၂၉၀ | ၂၉၀ | | |
| ၁၉ | ဘော်ကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၃၃ | ၁၆၇ | ၁၆၇ | | |
| ၂၀ | စမ်းလယ်ကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၈၃၀ | ၅၂၀ | ၄၂၀ | ၁၀၀ | |
| ၂၁ | အင်းလယ်ကျေးရွာအုပ်စု | ၃ | ၁၄၅၀ | ၉၉၈ | ၄၅၂ | ၄၅၂ | | |
| ၂၂ | မြစကိုင်းကျေးရွာအုပ်စု | ၂ | ၇၀၀ | ၅၀၅ | ၁၉၅ | ၁၉၅ | | |
| ၂၃ | ကြာကန်ကျေးရွာအုပ်စု | ၄ | ၂၀၀၀ | ၁၂၄၈ | ၇၅၂ | ၆၂၇ | ၁၂၅ | |
| ၂၄ | ဆင်သေကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၅၈၂ | ၄၆၈ | ၄၁၈ | ၅၀ | |
| ၂၅ | လက်ပံဆိပ်ကျေးရွာအုပ်စု | ၄ | ၁၃၀၀ | ၉၀၇ | ၃၉၃ | ၃၉၃ | | |
| ၂၆ | အုပ်ရှစ်ကုန်းကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၆၉ | ၁၃၁ | ၁၃၁ | | |
| ၂၇ | ကျဦးကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၆၄ | ၁၃၆ | ၁၃၆ | | |
| ၂၈ | ကိုးပင်ကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၅၀၄ | ၄၄၆ | ၃၄၆ | ၁၀၀ | |
| ၂၉ | မှန်ဒင်းကြီးကျေးရွာအုပ်စု | ၂ | ၉၀၀ | ၆၃၁ | ၂၆၉ | ၂၅၁ | ၁၈ | |
| ၃၀ | ရေဖြူကျေးရွာအုပ်စု | ၃ | ၁၄၀၀ | ၉၉၀ | ၄၁၀ | ၄၁၀ | | |
| ၃၁ | သရက်မြင့်ကျေးရွာအုပ်စု | ၃ | ၁၂၅၀ | ၈၇၃ | ၃၇၇ | ၃၇၇ | | |
| ၃၂ | မြောက်ကျွတ်ကျေးရွာအုပ်စု | ၃ | ၁၂၀၀ | ၈၂၄ | ၃၇၆ | ၃၇၆ | | |
| ၃၃ | ရေဘွက်ကျေးရွာအုပ်စု | ၄ | ၁၈၅၀ | ၁၃၆၁ | ၄၈၉ | ၄၈၉ | | |
| ၃၄ | ပေါက်တောကျေးရွာအုပ်စု | ၄ | ၁၇၅၀ | ၁၃၉၂ | ၃၅၈ | ၃၅၈ | | |
| ၃၅ | ပြင်းအိုင်ကျေးရွာအုပ်စု | ၃ | ၉၀၀ | ၅၇၈ | ၃၂၂ | ၂၄၇ | ၇၅ | |
| ၃၆ | တလပါးကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၉၅၀ | ၃၀၀ | ၃၀၀ | | |
| ၃၇ | ဘန်းကုန်းကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၃၆၇ | ၅၈၃ | ၅၈၃ | | |
| ၃၈ | ပုဏ္ဏားကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၇၇၇ | ၂၇၃ | ၂၇၃ | | |
| ၃၉ | ကြိုးကြာကျေးရွာအုပ်စု | ၃ | ၈၀၀ | ၆၄၄ | ၁၅၆ | ၁၅၆ | | |
| ၄၀ | ဆင်ကော်ကျေးရွာအုပ်စု | ၅ | ၁၇၅၀ | ၁၄၀၉ | ၃၄၁ | ၃၂၄ | ၁၇ | |
| ၄၁ | တွင်းလယ်ကျေးရွာအုပ်စု | ၆ | ၃၄၅၀ | ၂၅၃၄ | ၉၁၆ | ၈၁၂ | ၁၀၄ | |
| ၄၂ | စမ်းအိုင့်ကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၁၉၈ | ၄၅၂ | ၄၅၂ | | |
| ၄၃ | ပါးပွတ်ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၅၀၇ | ၁၄၃ | ၁၄၃ | | |
| ၄၄ | တုန်ကျေးရွာအုပ်စု | ၁ | ၉၅၀ | ၆၇၉ | ၂၇၁ | ၂၇၁ | | |
| ၄၅ | ရွာမကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၁၁၀၅ | ၂၄၅ | ၂၄၅ | | |
| ၄၆ | ပေါက်ဦးကားကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၀၆ | ၁၉၄ | ၁၉၄ | | |
| ၄၇ | ပျဉ်ထောင်ကျေးရွာအုပ်စု | ၄ | ၁၅၀၀ | ၁၁၄၆ | ၃၅၄ | ၃၀၃ | ၅၁ | |
| ၄၈ | မင်းတဲကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၈၂၉ | ၃၇၁ | ၃၂၁ | ၅၀ | |
| ၄၉ | အင်းမငယ်ကျေးရွာအုပ်စု | ၅ | ၃၃၀၀ | ၂၈၁၂ | ၄၈၈ | ၄၈၀ | ၈ | |
| ၅၀ | ပိတောက်ပင်ကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၉၀၈ | ၃၄၂ | ၃၄၂ | | |
| ၅၁ | ပိဿလိန်းကျေးရွာအုပ်စု | ၃ | ၁၆၅၀ | ၁၁၆၇ | ၄၈၃ | ၄၈၃ | | |

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ





သရက်မြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်တို့၏ ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|---|
| ၅၂ | ပြရေကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၁၆၈၇ | ၇၆၃ | ၇၆၃ | | |
| ၅၃ | ထုံးတောင်ကျေးရွာအုပ်စု | ၅ | ၄၅၀၀ | ၃၃၈၉ | ၁၁၁၁ | ၁၀၇၁ | ၄၀ | |
| ၅၄ | ပေကတင်ကျေးရွာအုပ်စု | ၁ | ၄၀၀ | ၃၂၃ | ၇၇ | ၇၇ | | |
| ၅၅ | ဘန်းပြင်ကျေးရွာအုပ်စု | ၂ | ၉၅၀ | ၇၁၁ | ၂၃၉ | ၂၃၉ | | |
| ၅၆ | ကွမ်းအုန်ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၅၁၂ | ၁၃၈ | ၁၃၈ | | |
| ၅၇ | ငလှိုင်ခြုံကျေးရွာအုပ်စု | ၁ | ၈၀၀ | ၆၃၆ | ၁၆၄ | ၁၆၄ | | |
| ၅၈ | ကျောက်အိုးကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၃၀ | ၁၇၀ | ၁၇၀ | | |
| ၅၉ | ညောင်ဇစ်ကျေးရွာအုပ်စု | ၁ | ၉၅၀ | ၆၅၇ | ၂၉၃ | ၂၉၃ | | |
| ၆၀ | ရေပေါ်ကျွန်းကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၈၂၆ | ၂၂၄ | ၁၂၄ | ၁၀၀ | |
| ၆၁ | တောမြင်သာကျေးရွာအုပ်စု | ၁ | ၂၅၀ | ၁၇၂ | ၇၈ | ၇၈ | | |
| | ရပ်/ကျေးချုပ် စုစုပေါင်း | ၁၄၃ | ၈၉၆၀၀ | ၆၅၆၆၉ | ၂၃၉၃၁ | ၂၂၉၉၃ | ၉၃၈ | |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၃၈၁ | ၃၈၁ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၁၂၂၁ | | ၁၁၂၂၁ | ၁၁၂၂၁ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၄၃ | ၁၀၁၂၀၂ | ၆၆၀၅၀ | ၃၅၁၅၂ | ၃၄၂၁၄ | ၉၃၈ | |

## ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၆ အုပ်စု၊ မဲရုံပေါင်း ၁၃၀၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၁၁၉၂၉ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၇၄၇၉၆၊ ကျန်ရှိရမည့် အရေအတွက်မှာ ၃၇၁၃၃ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၅၆၈၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၀၈၉၀၀ | ၇၄၄၃၁ | ၃၄၄၆၉ | ၃၃၀၁၉ | ၁၄၅၀ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၃၆၅ | ၃၆၅ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၂၆၆၄ | | ၂၆၆၄ | ၂၆၆၄ | | |
| | စုစုပေါင်း | ၁၁၁၉၂၉ | ၇၄၇၉၆ | ၃၇၁၃၃ | ၃၅၆၈၃ | ၁၄၅၀ | |

၉။ ဆင်ပေါင်ဝဲမြို့နယ်၊ ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၆ အုပ်စုရှိ မဲရုံ ၁၃၀ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၁၄၅၀ ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၁၀။ ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|---|
| ၁ | အမှတ်(၁)ရပ်ကွက် | ၁ | ၁၉၅၀ | ၈၉၀ | ၁၀၆၀ | ၁၀၁၀ | ၅၀ | |
| ၂ | အမှတ်(၂)ရပ်ကွက် | ၁ | ၁၂၅၀ | ၁၀၅၂ | ၁၉၈ | ၁၉၈ | | |
| ၃ | အမှတ်(၃)ရပ်ကွက် | ၂ | ၂၃၅၀ | ၁၆၈၄ | ၆၆၆ | ၆၆၆ | | |
| ၄ | ကျွန်းကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၃၀၁ | ၄၄၉ | ၄၄၉ | | |
| ၅ | လယ်ကျိုးကျေးရွာအုပ်စု | ၃ | ၁၇၀၀ | ၁၁၂၄ | ၅၇၆ | ၅၂၆ | ၅၀ | |
| ၆ | ညံတောအင်းကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၇၈၇ | ၄၆၃ | ၄၆၃ | | |
| ၇ | မကြီးကုန်းကျေးရွာအုပ်စု | ၃ | ၂၄၀၀ | ၁၅၉၀ | ၈၁၀ | ၆၆၀ | ၁၅၀ | |
| ၈ | ဝါးရှိကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၄၀၃ | ၆၄၇ | ၆၄၇ | | |
| ၉ | စာရပေကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၇၉၀ | ၃၆၀ | ၃၆၀ | | |
| ၁၀ | ဘော်မြင့်ကျေးရွာအုပ်စု | ၃ | ၃၆၀၀ | ၂၇၈၉ | ၈၁၁ | ၅၁၁ | ၃၀၀ | |
| ၁၁ | ကျောက်ဆောင်စမ်းကျေးရွာအုပ်စု | ၃ | ၃၆၅၀ | ၂၇၄၇ | ၉၀၃ | ၉၀၃ | | |
| ၁၂ | ထောက်မကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၁၃၃ | ၆၁၇ | ၅၆၇ | ၅၀ | |
| ၁၃ | ကြာအင်းကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၂၆၀ | ၇၉၀ | ၇၉၀ | | |
| ၁၄ | ကျောက်ချက်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၈၃၀ | ၃၇၀ | ၃၇၀ | | |
| ၁၅ | မွှန်းညောင်ပင်သာကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၀၂၉ | ၄၂၁ | ၄၂၁ | | |
| ၁၆ | မကြီးကန်ကျေးရွာအုပ်စု | ၄ | ၂၄၅၀ | ၁၅၂၈ | ၉၂၂ | ၉၂၂ | | |
| ၁၇ | ဇောင်းတန်းကြီးကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၀၂၈ | ၈၂၂ | ၈၂၂ | | |
| ၁၈ | ဒဂုံမှော်ကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၆၆၄ | ၆၈၆ | ၅၈၆ | ၁၀၀ | |
| ၁၉ | ဇောင်ချမ်းတောင်ကျေးရွာအုပ်စု | ၄ | ၃၁၅၀ | ၂၀၆၃ | ၁၀၈၇ | ၁၀၈၇ | | |
| ၂၀ | အင်းမကျေးရွာအုပ်စု | ၄ | ၃၅၅၀ | ၂၂၂၀ | ၁၃၃၀ | ၁၃၃၀ | | |
| ၂၁ | ရွှေမောင်းစွန်းကျေးရွာအုပ်စု | ၄ | ၂၉၅၀ | ၁၉၁၂ | ၁၀၃၈ | ၁၀၃၈ | | |
| ၂၂ | ရွာပုလဲကျေးရွာအုပ်စု | ၁ | ၇၀၀ | ၄၈၀ | ၂၂၀ | ၂၂၀ | | |
| ၂၃ | ငန်းပြားကျေးရွာအုပ်စု | ၃ | ၂၁၀၀ | ၁၄၇၁ | ၆၂၉ | ၆၂၉ | | |
| ၂၄ | လက်ပန်ကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၄၆၃ | ၆၈၇ | ၆၈၇ | | |
| ၂၅ | စည်တိုင်းကျေးရွာအုပ်စု | ၆ | ၄၁၀၀ | ၂၉၃၇ | ၁၁၆၃ | ၁၁၆၃ | | |
| ၂၆ | ထိန်အင်းကျေးရွာအုပ်စု | ၄ | ၂၄၅၀ | ၁၅၀၄ | ၉၄၆ | ၉၄၆ | | |
| ၂၇ | တောညောင်ပင်သာကျေးရွာအုပ်စု | ၃ | ၃၉၀၀ | ၂၅၆၇ | ၁၃၃၃ | ၁၃၃၃ | | |
| ၂၈ | လှေဝန်းကျေးရွာအုပ်စု | ၂ | ၂၃၅၀ | ၁၆၅၈ | ၆၉၂ | ၄၉၂ | ၂၀၀ | |
| ၂၉ | စရွှေးချောင်းကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၁၃၇၉ | ၆၇၁ | ၅၇၁ | ၁၀၀ | |
| ၃၀ | ချောင်းကောက်ကျေးရွာအုပ်စု | ၃ | ၃၈၅၀ | ၂၇၆၃ | ၁၀၈၇ | ၁၀၈၇ | | |
| ၃၁ | ဧကရာဇ်ကျေးရွာအုပ်စု | ၂ | ၂၃၅၀ | ၁၅၉၄ | ၇၅၆ | ၇၅၆ | | |
| ၃၂ | ကျားထူးစမ်းကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၉၈၅ | ၄၆၅ | ၄၆၅ | | |
| ၃၃ | ကျောင်းကုန်းကျေးရွာအုပ်စု | ၃ | ၁၅၅၀ | ၉၂၃ | ၆၂၇ | ၅၇၇ | ၅၀ | |
| ၃၄ | သင့္ဘားကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၄၄၆ | ၅၅၄ | ၅၅၄ | | |
| ၃၅ | လယ်မကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၃၁၈ | ၆၃၂ | ၆၃၂ | | |
| ၃၆ | လေးဒူးကွဲကျေးရွာအုပ်စု | ၄ | ၃၁၀၀ | ၁၈၈၅ | ၁၂၁၅ | ၁၀၁၅ | ၂၀၀ | |
| ၃၇ | ဆင်မတောင်ကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၁၂၆၅ | ၃၃၅ | ၃၃၅ | | |
| ၃၈ | ခနုန်းမြောင်ကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၁၆၃၃ | ၈၁၇ | ၈၁၇ | | |
| ၃၉ | ကုန်းဘိုကျေးရွာအုပ်စု | ၃ | ၃၈၀၀ | ၂၅၄၃ | ၁၂၅၇ | ၁၂၅၇ | | |
| ၄၀ | မွှန်းစကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၁၀၂၁ | ၂၇၉ | ၂၇၉ | | |
| ၄၁ | ကန်ချောင်းကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၁၅၆၆ | ၄၈၄ | ၄၈၄ | | |
| ၄၂ | ဓိုးဖြူကုန်းကျေးရွာအုပ်စု | ၂ | ၉၅၀ | ၆၇၀ | ၂၈၀ | ၂၈၀ | | |
| ၄၃ | လဲဇင်ကျေးရွာအုပ်စု | ၄ | ၂၃၅၀ | ၁၈၅၈ | ၄၉၂ | ၃၉၂ | ၁၀၀ | |
| ၄၄ | ဝွေးတောက်စမ်းကျေးရွာအုပ်စု | ၃ | ၂၄၀၀ | ၁၆၃၈ | ၇၆၂ | ၇၆၂ | | |
| ၄၅ | ရွှေပန်းတောကျေးရွာအုပ်စု | ၃ | ၁၆၀၀ | ၁၁၂၆ | ၄၇၄ | ၄၇၄ | | |
| ၄၆ | အင်ရုံကျေးရွာအုပ်စု | ၄ | ၃၃၅၀ | ၂၃၉၄ | ၉၅၆ | ၉၅၆ | | |
| ၄၇ | သာစည်ကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၉၃၂ | ၆၁၈ | ၅၁၈ | ၁၀၀ | |
| ၄၈ | ကျင်းကျေးရွာအုပ်စု | ၄ | ၂၀၅၀ | ၁၅၀၃ | ၅၄၇ | ၅၄၇ | | |
| ၄၉ | လက်ပန်ငူကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၀၈၅ | ၄၆၅ | ၄၆၅ | | |
| | ရပ်/ကျေးချုပ် စုစုပေါင်း | ၁၃၀ | ၁၀၈၉၀၀ | ၇၄၄၃၁ | ၃၄၄၆၉ | ၃၃၀၁၉ | ၁၄၅၀ | |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၃၆၅ | ၃၆၅ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၂၆၆၄ | | ၂၆၆၄ | ၂၆၆၄ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၃၀ | ၁၁၁၉၂၉ | ၇၄၇၉၆ | ၃၇၁၃၃ | ၃၅၆၈၃ | ၁၄၅၀ | |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ယူကရိန်းနိုင်ငံတွင် ဖိုက်ဇာ ကိုဗစ်-၁၉ ကာကွယ်ဆေးပထမအသုတ်ဆေးများ လက်ခံရရှိ

**ကီယက်ဗ် မေ ၁၇**

ယူကရိန်းနိုင်ငံသို့ ပေးပို့လိုက်သည့် ဖိုက်ဇာ ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံးရေ ၁၁၇၀၀၀ကို မေ ၁၆ ရက်တွင် လက်ခံရရှိခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနကပြောသည်။ တစ်ကမ္ဘာလုံးဆိုင်ရာ ကိုဗက်အစီအစဉ်၏ လှုပ်ရှားမှုအောက်တွင် ကာကွယ်ဆေးများ ရရှိခဲ့ခြင်းဖြစ်သည်။

ယခုရရှိထားသည့် ဖိုက်ဇာ ကိုဗစ်-၁၉ ကာကွယ်ဆေးများကို သက်ကြီးစောင့်ရှောက်ရေးဂေဟာများတွင် နေထိုင်သူများ၊ အရေးပေါ်ဌာနတွင် အလုပ်လုပ်ကိုင်သူများ၊ နယ်စပ်လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဦးစွာထိုးပေးမည်ဟု သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ကိုဗက် အစီအစဉ်မှတစ်ဆင့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ပထမအကျော့ရရှိခြင်းကို ကြိုဆိုကြောင်း၊ အပြည်ပြည်ဆိုင်ရာမှ မိတ်ဖက်အဖွဲ့အစည်းများ၏ ထောက်ပံ့ပေးမှုကိုလည်း ကြိုဆိုကြောင်း ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံသည် အက်စ်ထရာဇနီကာ ကာကွယ်ဆေးအလုံးရေ ငါးသိန်း ကို လက်ခံရရှိခဲ့ပြီး ဆီနိုဖမ်းဘိုင်ရွန်တက်ခ်မှ ထုတ်လုပ်သည့် ကာကွယ်ဆေးပထမအသုတ်ကိုလည်း လက်ခံရရှိခဲ့ပြီးဖြစ်သည်။

ဆင်ဟွာ



ကိုဗစ်-၁၉ ကာကွယ်ဆေးများ သယ်ဆောင်ရန် ပြင်ဆင်နေစဉ်။

# ကျူးဘားကွန်မြူနစ်ပါတီ အကြီးအကဲအဖြစ်မှ ရာအူးလ်ကက်စ်ထရို နုတ်ထွက်မည်

**ဟာဗားနား မေ ၁၇**

ကျူးဘားခေါင်းဆောင် ရာအူးလ်ကက်စ်ထရိုသည် ကွန်မြူနစ်ပါတီ အကြီးအကဲအဖြစ်မှ နုတ်ထွက်တော့မည်ဟု ပြောသည်။ ဆယ်စုနှစ်ခြောက်စုကြာ ကက်စ်ထရို အုပ်ချုပ်မှုကို အဆုံးသတ်ရန် ၎င်း၏အစ်ကိုဖြစ်သူ ဖီဒယ်က စတင်ခဲ့ပြီးနောက် ၎င်းက ဆက်လက်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

အသက် ၈၉နှစ်အရွယ် ရာအူးလ်ကက်စ်ထရိုသည် မေ ၁၆ ရက်က မြို့တော်ဟာဗားနားတွင် ငါးနှစ်အတွင်းပထမဆုံးအကြိမ် ကျင်းပသည့် ကွန်မြူနစ်ပါတီ ကွန်ဂရက်တွင် အဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။

၎င်း၏ လုပ်ငန်းတာဝန်များ ပြီးဆုံးပြီဟု ယူဆသည့်အတွက် အငြိမ်းစားယူတော့မည်ဖြစ်ကြောင်း၊ အနာဂတ် အမိနိုင်ငံတော်အတွက်လည်း ယုံကြည်မှုရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။


ကျူးဘားခေါင်းဆောင် ရာအူးလ်ကက်စ်ထရို။

၎င်း အသက်ရှင်လျက်ရှိနေသမျှ ကာလပတ်လုံး အမိမြေကို ကာကွယ်ရန်ရှိကြောင်း ၎င်းက ပြောသည်။

ဖီဒယ်နှင့်အတူ ရာအူးလ်ကက်စ်ထရိုသည် ကျူးဘားဆိုရှယ်လစ်ကို ၁၉၅၉ ခုနှစ် တော်လှန်ရေးကတည်းက ဦးဆောင်ခဲ့သည်။ ၎င်းသည် လွန်ခဲ့သည့် သုံးနှစ်ခန့်က သမ္မတအဖြစ်မှ အနားယူခဲ့သည်။

တော်လှန်ရေးကာလအပြီး နောက်တွင် မွေးဖွားခဲ့သည့် သမ္မတ မီဂဲဒီရက်ဇ်ကန်နယ်မှာ ပါတီအကြီးအကဲနေရာတွင် ဆက်ခံလိမ့်မည်ဟု ဥရောပမီဒီယာများတွင် ရေးသားကြသည်။

ကျူးဘားနိုင်ငံတွင် စီးပွားရေးအတွက် အခက်ကြုံနေသည့်အချိန်တွင် ရာအူးလ်ကက်စ်ထရို၏ အနားယူရန်ကြေညာမှု ထွက်ပေါ်လာခြင်းဖြစ်သည်။ လွန်ခဲ့သည့်နှစ်အတွင်း စီးပွားရေးမှာ ၁၁ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုသည်လည်း အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုနှင့် ပေါင်းသွားပြီး ကျူးဘားနိုင်ငံ၏ စီးပွားရေးကို ထိခိုက်စေခဲ့ရသည်။

အင်န်အိတ်ချ်ကေ

## ဘရာဇီးနှင့် ဗြိတိန်နိုင်ငံများသို့ လေယာဉ်ခရီးစဉ်များ ပေါ်တူဂီစတင်

**လစ္စဘွန်း မေ ၁၇**

ဘရာဇီးနှင့်ဗြိတိန်နိုင်ငံများသို့ လေယာဉ်ပြေးဆွဲပျံသန်းမှု ခရီးစဉ်ကို ပြန်လည်စတင်ကြောင်း ပေါ်တူဂီပြည်တွင်းရေးရာကိစ္စရပ်များ စီမံခန့်ခွဲရေးဝန်ကြီးဌာနက မေ ၁၆ ရက်တွင် ကြေညာခဲ့သည်။

သို့သော်လည်း မရှိမဖြစ် လိုအပ်သည့် ခရီးစဉ်များအတွက်သာ ခွင့်ပြုပေးသွားမည်ဟု အတည်ပြုခဲ့သည်။ သတင်းစာရှင်းလင်းပွဲတွင် အဆိုပါတိုင်းပြည်များမှ ပေါ်တူဂီသို့ လာရောက်မည့်ခရီးသည်များ အနေဖြင့် ကိုဗစ်-၁၉ ကင်းစင်ကြောင်းလက်မှတ်ပြသရန် လိုအပ်ပြီး ၇၂ နာရီအတွင်း ဆေးစစ်ချက်ကို ပြသရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်မှုအခြေအနေများကြောင့် အစိုးရသည် လေကြောင်းခရီးစဉ်ကန့်သတ်ချက်များကို ဆက်လက် ထားရှိသွားရန် ဆုံးဖြတ်ခဲ့သည်ဟု ထုတ်ပြန်ကြေညာသည်။ မေ ၁ ရက်မတိုင်မီအချိန်အထိ ပေါ်တူဂီနိုင်ငံသည် စပိန်နိုင်ငံနှင့် ကုန်းကြောင်း၊ ရေကြောင်း နယ်စပ်များကို ဆက်လက်ထိန်းချုပ်သွားရန် ဆုံးဖြတ်ခဲ့သည်။

နယ်စပ်ဖြတ်ကျော်ရေးဂိတ်များကို ဖွင့်ခွင့်ပေးဦးမည် မဟုတ်ပေ။ ယခုအချိန်ထိ ပေါ်တူဂီနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၈၃၀၀၀၀ နီးပါးရှိပြီး သေဆုံးသူ ၁၆၉၃၇ ဦးရှိသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာမူ ၇၈၇၆၀၇ ဦးရှိသည်ဟု သိရသည်။

ဆင်ဟွာ

# ယူရေနီယံသန့်စင်မှုလုပ်ငန်း ၆၀ ရာခိုင်နှုန်းပြုလုပ်မှုစတင်ဟု အီရန်ကြေညာ

**တီဟီရန် မေ ၁၇**

အီရန်နိုင်ငံတွင် ယူရေနီယံသန့်စင်မှုကို လက်ရှိတွင် ၂၀ ရာခိုင်နှုန်းပြုလုပ်နေရာမှ ၆၀ ရာခိုင် နှုန်းအထိ ပြုလုပ်မှုစတင်လိုက်သည်ဟု အီရန်အစိုးရက ကြေညာခဲ့သည်။

### နောက်ထပ်သွေဖည်မှုတစ်ရပ်

ယခုကြေညာခဲ့သည့် ပမာဏမှာ အီရန်အတွက် အမြင့်ဆုံး ယူရေနီယံသန့်စင်မှုပမာဏဖြစ်ပြီး အင်အားကြီးနိုင်ငံများနှင့် ပြုလုပ်ထားသည့် ၂၀၁၅ ခုနှစ် အီရန်နျူကလီးယားသဘောတူညီမှုမှ နောက်ထပ်သွေဖည်မှုတစ်ရပ်လည်း ဖြစ်သည်။

အီရန်နိုင်ငံ၏ အဏုမြူစွမ်းအင်အေဂျင်စီ၏ အကြီးအကဲဖြစ်သူ အလီအက္ကဘာ ဆယ်လီဟိုင်က ယူရေနီယံသန့်စင်မှုမှာ မေ ၁၆ ရက်တွင် စတင်ပြီး နာတန်ဇ်မြို့ရှိ စက်ရုံ၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ပြောသည်။

အီရန်နိုင်ငံသည် ဇန်နဝါရီလအတွင်းကလည်း ယူရေနီယံသန့်စင်မှုကို နျူကလီးယားသဘောတူညီမှုတွင် သတ်မှတ်ထားသည့် ၃ ဒသမ ၆၇ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ခဲ့ပြီးဖြစ်သည်။

### ချိုးဖောက်ခဲ့

အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့် လက်ထက်တွင် အီရန်နှင့်နျူကလီးယားသဘောတူညီမှုမှ နုတ်ထွက်ပြီး အီရန်အပေါ် ပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည့် နောက်ပိုင်းတွင် အီရန်နိုင်ငံသည် သဘောတူညီမှုပါ အချက်များကို ချိုးဖောက်ခဲ့သည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း နာတန်ဇ်မြို့ရှိ စက်ရုံမှာ ပေါက်ကွဲမှုဖြစ်စဉ်နှင့် ရင်ဆိုင်ရပြီး ခ‌ၥတ်အား ပြတ်တောက်မှုများ ပေါ်ပေါက်ခဲ့ရသည်။ ယင်းဖြစ်ရပ်အတွက် အီရန်က အစ္စရေးအပေါ်တွင် အပြစ်တင်ထားသည်။

### ပြန်လည်ပါဝင်လို

ယူရေနီယံသန့်စင်မှုလုပ်ငန်းစဉ်ကို ရပ်တန့်မည် မဟုတ်ဟုလည်း အီရန်အဏုမြူစွမ်းအင်မှ အကြီးအကဲဖြစ်သူက ပြောသည်။

အမေရိကန်သည် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ပြုလုပ်နေသည့်ဆွေးနွေးပွဲတွင် ဥရောပသမဂ္ဂမှတစ်ဆင့် အီရန်သို့ သွယ်ဝိုက်ကာ ပြောဆိုဆွေးနွေးမှုများ ပြုလုပ်နေသည်။


အီရန်နိုင်ငံ၏ အဏုမြူစွမ်းအင် အေဂျင်စီ၏ အကြီးအကဲ အလီအက္ကဘာ။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ၂၀၁၅ အီရန်နှင့်နျူကလီးယား သဘောတူညီမှုတွင် ပြန်လည်ပါဝင်လိုသည်။

အင်န်အိတ်ချ်ကေ

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် နှစ်ရက်ဆက်တိုက် နေ့စဉ်သေဆုံးသူ ၁၀၀ ကျော်ရှိလာ

ဒါကာ မေ ၁၇

**ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မေ ၁၇ ရက်က ကိုဗစ်-၁၉ ကြောင့် လူ ၁၀၁ ဦး ထပ်မံသေဆုံးခဲ့သည်။ မေ ၁၇ ရက်သည် ကိုဗစ်-၁၉ ကြောင့် လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့သော ဒုတိယမြောက်ရက်လည်းဖြစ်သည်။ ယနေ့အချိန်အထိ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်း ၁၀၂၈၃ ဦးရှိကြောင်း ကျန်းမာရေးဝန်ဆောင်မှုညွှန်ကြားရေးမှူးချုပ်ရုံး (ဒီဂျီအိတ်ချ်အက်စ်)က ထုတ်ပြန်ကြေညာလိုက်သည်။**



ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ခရီးသည်နှင့် အနေးယာဉ်မောင်းတို့ နှာခေါင်းစည်းတပ်ဆင်သွားလာနေသည်ကို တွေ့ရစဉ်။

မေ ၁၇ ရက်တွင် လူ ၃၄၇၃ ဦး ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရမှုနှင့်အတူ စုစုပေါင်း နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၇၁၅၂၅၂ ဦးရှိကြောင်း ဒီဂျီအိတ်ချ်အက်စ်က ဆက်လက်ထုတ်ပြန်ကြေညာသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှုပေါင်း ၁၆၁၈၅ ခု ပြုလုပ်ခဲ့သည်။ ကိုဗစ်-၁၉ ကပ်ရောဂါမှ ကင်းစင်ပြီး ဆေးရုံမှ ပြန်လည်ဆင်းလာသူ ၆၀၈၈၁၅ ဦးရှိကြောင်း ဒီဂျီအိတ်ချ်အက်စ်က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

တရားဝင် ကိန်းဂဏန်းအချက်အလက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကိုဗစ်-၁၉ သေဆုံးနှုန်းသည် ၁ ဒသမ ၄၄ ရာခိုင်နှုန်းရှိပြီး လတ်တလော ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်ကောင်းမွန်လာနှုန်းသည် ၈၅ ဒသမ ၁၂ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မေ ၇ ရက်က တစ်ရက်အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၆၂၆ ဦးဖြင့် ကူးစက်ဖြစ်ပွားမှုအများဆုံး စံချိန်တင်ခဲ့သည်။ မေ ၁၆ ရက်က ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ ၁၀၁ ဦးရှိပြီး တစ်ရက်အတွင်း သေဆုံးမှုအများဆုံး စံချိန်တင်ခဲ့သည်။ **ဆင်ဟွာ**

# ကိုဗစ် ဒုတိယအကြိမ်ကူးစက်ဖြစ်ပွားနိုင်ခြေရှိသောကြောင့် နီပေါကျောင်းသားများ မရေရာသောအခြေအနေများနှင့် ကြုံတွေ့

**ခတ္တမန္ဒူ မေ ၁၇**

နီပေါနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဒုတိယအကြိမ် ကူးစက်ဖြစ်ပွားနိုင်သည့် အလားအလာကြောင့် နီပေါကျောင်းသားများသည် ကျောင်းတက်ရန် မရေရာသောအခြေအနေများနှင့် ကြုံတွေ့နေရကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၁၇ ရက်က ဖော်ပြလိုက်သည်။


နီပေါမြို့တော် ခတ္တမန္ဒူအနီးရှိ လာလီပါးခရိုင်တွင် ကိုဗစ်-၁၉ ကာကွယ်စေရန် ကျောင်းတက်လာသည့် ကျောင်းသားတစ်ဦးကို ဝန်ထမ်းတစ်ဦးက လက်သန့်စင်ဆေးရည် ဖျန်းပက်ပေးနေသည်ကို တွေ့ရစဉ်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် လွန်ခဲ့သောနှစ်က ပညာရေးနှင့်သက်ဆိုင်သော အဖွဲ့အစည်းများ ကိုးလကြာ ပိတ်ထားခဲ့ရသည်။ အကျိုးဆက်အားဖြင့် ကျောင်းသားများ ကာလရှည်ကြာ စာသင်နှစ်များနှင့် ကြုံတွေ့ခဲ့ရသည်။

မေ ၁၅ ရက်က ကျန်းမာရေးနှင့် လူဦးရေဝန်ကြီးဌာနက ခရိုင် ၁၄ ခုကို နီပေါနိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အန္တရာယ်အရှိဆုံးဒေသများအဖြစ် သတ်မှတ်ခဲ့ပြီး အဆိုပါဒေသများရှိ မိဘပြည်သူများအား ၎င်းတို့၏ သားသမီးများကို ကျောင်းမလွှတ်ရန် တောင်းဆိုထားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါတိုးလာခြင်းနှင့် အသွင်ပြောင်းကိုဗစ်-၁၉ မျိုးစိတ်သစ်တစ်ခု တည်ရှိနေခြင်းကို သတိပြုမိသည့်အားလျော်စွာ ပညာရေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် ခရိုင် ကိုဗစ်-၁၉ အကျပ်အတည်းစီမံခန့်ခွဲမှုဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ခရိုင် ၁၄ ခုရှိ စာသင်ကျောင်းများကို ပိတ်ရန် သို့မဟုတ် တစ်စိတ်တစ်ပိုင်းဖွင့်ရန် ဆုံးဖြတ်ခဲ့သည်။

ထို့အပြင် မေ ၁၇ ရက်က ပါလီမန်ကော်မတီတစ်ခုက အစိုးရကို စာသင်ခန်းများပိတ်ရန်၊ ကိုဗစ်-၁၉ ကူးစက်နိုင်ခြေရှိသည့် နေရာဒေသများတွင် အွန်လိုင်းပညာသင်ကြားရေးကို စတင်ရန်နှင့် ကျန်းမာရေးကြိုတင်သတိပေးချက်များနှင့် ဘေးကင်းလုံခြုံရေးဆောင်ရွက်ချက်များကို လိုက်နာရန် ပျက်ကွက်သော စာသင်ကျောင်းများကိုလည်း တင်းကျပ်သောအရေးယူမှုများ ပြုလုပ်ရန် တိုက်တွန်းပြောကြားလိုက်သည်။

သို့သော်လည်း ကျောင်းသားများသည် ပညာရေးတွင် နောက်ထပ် ပြတ်တောင်းပြတ်တောင်းဖြစ်မည့်အရေးကို စိုးရိမ်နေကြသည်။ **ဆင်ဟွာ**

## ဂျပန်နိုင်ငံ အိုဆာကာတွင် သုံးကြိမ်မြောက် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှုအများဆုံးဖြစ်

**အိုဆာကာ မေ ၁၇**

ဂျပန်နိုင်ငံ အိုဆာကာခရိုင်တွင် မေ ၁၇ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၁၆၁ ဦး တိုးလာခဲ့ကြောင်း ခရိုင်အစိုးရက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

အနောက်ပိုင်းခရိုင်တစ်ခုဖြစ်သော အိုဆာကာခရိုင်တွင် သုံးကြိမ်မြောက်နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှု အများဆုံးဖြစ်ကြောင်း သတင်းထုတ်ပြန်ဖော်ပြချက်အရ သိရသည်။

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၀၀ ကျော်ရှိလာသည်မှာ ငါးရက်ဆက်တိုက်ရှိပြီဖြစ်သည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ၁၂ ဦး ထပ်မံသေဆုံးကြောင်း ခရိုင်တာဝန်ရှိသူများက ပြောသည်။

အိုဆာကာခရိုင်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူ ၆၆၇၅၂ ဦး ရှိသည်။ ခရိုင်အတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းမှာ ၁၂၆၆ ဦးအထိ ရောက်ရှိလာပြီဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူဦးရေ သုံးသန်းကျော်လွန်လာ

**မာရီလန်း့ဒ် မေ ၁၇**

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူဦးရေ သုံးသန်းကျော်လွန်လာပြီ ဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ် သိပ္ပံနှင့် အင်ဂျင်နီယာဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ဂျွန်ဟော့ကင်းတက္ကသိုလ်က ရရှိသော စာရင်းများအရ မေ ၁၇ ရက်အထိ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူဦးရေမှာ သုံးသန်းကျော်သွားပြီဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၅၆၆၂၂၄ ဦး၊ ဘရာဇီးနိုင်ငံတွင် ၃၆၈၇၄၉ ဦး၊ မက္ကဆီကိုတွင် ၂၁၁၆၉၃ ဦးနှင့် အိန္ဒိယတွင် ၂၇၅၆၄၉ ဦးရှိသည်။

ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ယခင်က တစ်သန်းရောက်ရှိရန် ရက်ပေါင်း ၂၅၀ ကြာသော်လည်း နှစ်သန်းရောက်ရှိရန် ၁၀၈ ရက်သာကြာခဲ့သည်။ ယခုနောက်ဆုံးတွင် သုံးသန်းရောက်ရှိရန် ၉၃ ရက်သာကြာကြောင်း သိရသည်။

ဗြိတိန်အောက်စ်ဖို့တက္ကသိုလ် သုတေသီများ၏ ဝက်ဆိုက်တွင် လွန်ခဲ့သော သီတင်းပတ်အနည်းငယ်က အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့တွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုကျဆင်းလာကြောင်း ဖော်ပြထားသည်။


ဘရာဇီးနိုင်ငံ ဆော်ပိုလိုရှိ ကွင်းပြင်ဆေးရုံတွင် ကိုဗစ်-၁၉ လူနာတစ်ဦးကို ကုသပေးနေသော ဆေးဝန်ထမ်းများကို တွေ့ရစဉ်။

အဆိုပါ နိုင်ငံများတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ဖြန့်ဝေမှု တိုးတက်လျက်ရှိသည်။ သို့သော်လည်း ဘရာဇီးနှင့် အိန္ဒိယနိုင်ငံများတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုတိုးလာခဲ့သည်။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့က ကမ္ဘာတစ်ဝန်းလုံးအနေဖြင့် အပတ်စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်သည် လွန်ခဲ့သော နှစ်လကျော်ကာလထက် နှစ်ဆကျော်နီးပါး မြင့်တက်လာပြီး အမြင့်ဆုံးအဆင့်သို့ ရောက်လုနီးလာပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# ကာကွယ်ဆေးဖြန့်ဝေရေးမညီမျှမှုများကြား နောက်ကျကျန်ရစ်ခဲ့တဲ့ ဖွံ့ဖြိုးဆဲ အာဖရိက

ထွန်းကျော်

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရာမှာ ချမ်းသာတဲ့နိုင်ငံတွေဟာ ရှေ့တန်းက ဦးဆောင်လျက်ရှိသလို စီးပွားရေးဆောင်ရွက်ချက်မှာလည်း ပုံမှန်အတိုင်းဖြစ်အောင် အလျင်အမြန်လုပ်ဆောင်နေကြပါတယ်။ အဲဒီလို လုပ်ဆောင်တဲ့နေရာမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ နောက်ကျကျန်ရစ်ခဲ့ပါတယ်။ အထူးသဖြင့် အာဖရိကဖြစ်ပါတယ်။ သူတို့ဘာကြောင့် နောက်ကျကျန်ရစ်ခဲ့သလဲဆိုတာ စိတ်ဝင်စားစရာကောင်းပါတယ်။




တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး စမ်းသပ်ထိုးနှံမည့်သူများကို ကျန်းမာရေးဝန်ထမ်းတစ်ဦးက ရှင်းလင်းပြောကြားစဉ်။

## အဓိကခြိမ်းခြောက်မှုကြီးဖြစ်

တချို့ အနောက်နိုင်ငံတွေဟာ ကာကွယ်ဆေးတွေကို မဆင်မခြင် ရယူစုဆောင်းထားတယ်လို့ အာဖရိကမီဒီယာတွေက ဖော်ပြထားပါတယ်။ ကာကွယ်ဆေးကို နိုင်ငံချစ်စိတ်နဲ့ ရယူပိုင်ဆိုင်ထားတာဟာ အာဖရိကအတွက်တော့ အဓိကခြိမ်းခြောက်မှုကြီးတစ်ခုပဲဖြစ်တယ်လို့ တောင်အာဖရိကနေ့စဉ် မက်ဗရစ်အွန်လိုင်းသတင်းစာမှာ ဖော်ပြထားပါတယ်။

ကင်ညာနိုင်ငံ မြို့တော် နိုင်ရိုဘီမှာ ပြည်သူတွေဟာ ကာကွယ်ဆေးရရှိဖို့ လူတန်းရှည်ကြီးနဲ့ စောင့်ဆိုင်းပြီး တိုးဝှေ့နေရပါတယ်။ တချို့ သက်ကြီးသူတွေဟာ ကာကွယ်ဆေးရရှိရေးအတွက် နံနက် ၆ နာရီကတည်းက စောင့်ဆိုင်းခဲ့ရပါတယ်။

## စိုးရိမ်မှုတွေရှိနေ

ကာကွယ်ဆေးကို သတ်မှတ်ပမာဏသာ ထောက်ပံ့ပေးထားတာကြောင့် ကာကွယ်ဆေးတစ်ကြိမ်သာ ထိုးနှံထားသူတွေအနေနဲ့ နောက်တစ်ကြိမ် မထိုးနှံလိုက်ရမှာကို စိုးရိမ်မှုတွေရှိနေပါတယ်။

အာဖရိကအနေနဲ့ မတူညီတဲ့ ကာကွယ်ဆေးရရှိနိုင်တဲ့ ရင်းမြစ်တွေကနေရရှိထားတဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေး ၂၉ သန်းကျော်သာ ရှိပါတယ်။ အဲဒီထဲမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ကိုဗက်အစီအစဉ်နဲ့ နှစ်နိုင်ငံသဘောတူညီချက်တွေလည်း ပါဝင်တယ်လို့ အာဖရိကရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်ရေးအစီအစဉ် (အာဖရိက စီဒီစီ) က ထုတ်ပြန်ဖော်ပြထားပါတယ်။

## အာဖရိကအနှံ့ မရောက်ရှိသေး

ကာကွယ်ဆေး ၁၀ ဒသမ ၃ သန်းကို ထိုးပေးပြီးပြီဖြစ်ပါတယ်။ အဲဒီထဲကမှ အများစုကို ကျန်းမာရေးလုပ်သားတွေ၊ အသက် ၅၀ နဲ့အထက် သက်ကြီးပိုင်းတွေ၊ ကာကွယ်ဆေးထိုးရန် အရေးပေါ် လိုအပ်နေသူတွေကို ထိုးပေးခဲ့တယ်လို့ အာဖရိက စီဒီစီက ဖော်ပြထားပါတယ်။

မတ် ၂၅ ရက်ကိုသာ ကျော်လွန်လာတယ်။ ကိုဗစ်-၁၉ ကာကွယ်ဆေးဟာ အာဖရိက ၁၀ နိုင်ငံတောင် မရောက်ရှိသေးပါဘူးလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောခဲ့ပါတယ်။

## ဝမ်းနည်းဖွယ်ကောင်းတဲ့ဖြစ်စဉ်

အနောက်နိုင်ငံတွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ကမ္ဘာ့အကြီးဆုံးစီးပွားရေးတည်ရှိရာ အမေရိကန်ပြည်ထောင်စုဟာ မတ်လကုန်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေး သန်း ၂၄၀ ရရှိခဲ့ပါတယ်။ အဲဒီပမာဏဟာ အမေရိကန်ပြည်သူ သန်း ၁၃၀ ကို ကာကွယ်ဆေး အလုံအလောက်ထိုးပေးနိုင်တဲ့ အနေအထားဖြစ်ပါတယ်။

တရုတ်နိုင်ငံအရှေ့တောင်ပိုင်း ဖူကျန်ပြည်နယ်မှာ တရုတ်နိုင်ငံ နိုင်ငံတော်အကြံပေးနှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိဟာ အရှေ့တောင်အာရှနိုင်ငံများမှ ရာထူးတူသူများနဲ့ အတူတကွရှိနေချိန်မှာ ကမ္ဘာ့လူဦးရေရဲ့ ၁၆ ရာခိုင်နှုန်းသာရှိတဲ့ ချမ်းသာတဲ့နိုင်ငံတွေဟာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို ၆၀ ရာခိုင်နှုန်းအထိ ရယူထားတယ်လို့ ပြောပါတယ်။ အဲဒီဖြစ်စဉ်အပေါ်လည်း ဝမ်းနည်းဖွယ်ကောင်းတဲ့ ဖြစ်စဉ်တစ်ခုလို့ သုံးသပ်ပြောကြားခဲ့ပါတယ်။

## ကွာဟမှုကြီးမားစေ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အာဖရိကဆိုင်ရာဒေသရုံး၏ ခုခံအားနဲ့ ကာကွယ်ဆေးဖွံ့ဖြိုးရေးအစီအစဉ်ဆိုင်ရာ ညှိနှိုင်းရေးမှူး ရစ်ချက်ဒ် မီဟီကိုက ကိုဗက်အစီအစဉ်ဖြင့်ကာကွယ်ဆေးဖြန့်ဝေမှုအရှိန်အဟုန်နှေးနေခြင်းက ကမ္ဘာ့ကာကွယ်ဆေးထိုးပြီးသူများနဲ့ ကမ္ဘာ့ကာကွယ်ဆေးမထိုးရသေးသူများကြား ကွာဟမှု ကြီးမားစေတယ်လို့ ပြောပါတယ်။

ဝင်ငွေမြင့်မားတဲ့ နိုင်ငံတွေအနေနဲ့ သူတို့ရဲ့ လူဦးရေအကုန်လုံးကို ကာကွယ်ဆေးထိုးပေးနိုင်ရေးဆောင်ရွက်ချိန်မှာ တချို့ကတော့ အဲဒီလို မလုပ်ဆောင်နိုင်ပါဘူး။ ဒါဟာ မမျှတပါဘူး။ အထူးသဖြင့် အာဖရိကဒေသ အတော်များများမှာ အသက်အန္တရာယ် စိုးရိမ်ရတဲ့သူတွေကို ကာကွယ်ဆေးထိုးနှံပေးဖို့တောင် အနိုင်နိုင်ကြိုးစားနေရပါတယ်လို့ ရစ်ချက်ဒ်က ပြောပါတယ်။

## ပူးပေါင်းလုပ်ဆောင်သွားရမယ်

ဒီမညီမျှမှုကို ရင်ဆိုင်ဖြေရှင်းတဲ့အခါမှာ ဖြစ်နိုင်တဲ့အဖြေကတော့ ကာကွယ်ဆေးသိုလှောင်ထားတဲ့ ချမ်းသာတဲ့နိုင်ငံတွေနဲ့ ပူးပေါင်းလုပ်ဆောင်သွားဖို့ပဲဖြစ်တယ်လို့ ရစ်ချက်ဒ်က ပြောပါတယ်။

ကာကွယ်ဆေးဟာ ကိုဗစ်-၁၉ ကပ်ရောဂါကို ချေမှုန်းတိုက်ဖျက်နိုင်တဲ့ စိတ်ချရဆုံး နည်းလမ်းတစ်ခုပဲဖြစ်ပါတယ်။ ကာကွယ်ဆေး ထိုး အစီအစဉ်ကို အာဖရိကတိုက်မှာ လုံလောက်စွာ မလုပ်ဆောင်နိုင်သေးပါဘူးလို့ သူက ဆက်ပြောပါ တယ်။

## အတူတကွ ပါဝင်ရမယ်

လန်ဒန်တက္ကသိုလ်ရဲ့ ကမ္ဘာ့ကျန်းမာရေးနဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဌာန ပါမောက္ခ အန်တိုနီကော်စတယ်လိုက ကာကွယ်ဆေးမညီမျှမှုအပေါ် အကောင်းဆုံးဖြစ်အောင် အလုပ်ပိုလုပ်ရမယ်လို့ ဆိုထားပါတယ်။ နိုင်ငံအားလုံး အတူတကွပါဝင်ရမယ်လို့လည်း သူက တိုက်တွန်းပြောကြားထားပါတယ်။ ဒါမှသာလျှင် ဒီအစီအစဉ်အောင်မြင်မှာဖြစ်ပါတယ်။

ဒါဟာ ကမ္ဘာ့ကပ်ရောဂါဖြစ်ပါတယ်။ ဒါကို ကမ္ဘာ့ကာကွယ်ဆေးနဲ့ ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေးနည်းလမ်းများနဲ့ ဖြေရှင်းဖို့ လိုအပ်တယ်လို့ သူက ပြောကြားလိုက်ပါတယ်။

## သိသာထင်ရှားတဲ့ ခြေလှမ်းတွေ လျှောက်လှမ်းနေ

တရုတ်နိုင်ငံကတော့ ကမ္ဘာ့ကာကွယ်ဆေးအစီအစဉ်မှာ သိသာထင်ရှားတဲ့ ခြေလှမ်းတွေနဲ့ လျှောက်လှမ်းနေပြီဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာ ကာကွယ်ဆေး မဟာမိတ်ဖြစ် တဲ့ ဂါဗီနဲ့လည်း သဘောတူလက်မှတ်ရေးထိုးထား ပါတယ်။ ဂါဗီဟာ ကိုဗက်အစီအစဉ်ကို လွန်ခဲ့တဲ့ နှစ်ကမှ စတင်ပါဝင်လာတဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် အရေးပေါ် လိုအပ်နေတဲ့ ကာကွယ်ဆေး ၁၀ သန်းကို ဂါဗီက ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။

## လူတိုင်းဘေးကင်းမှာ မဟုတ်

တရုတ်နိုင်ငံဟာ သူ့ရဲ့လူဦးရေ ၁ ဒသမ ၄ ဘီလီယံအတွက် ကာကွယ်ဆေးအများအပြား လိုအပ်နေသော်လည်း တရုတ်နိုင်ငံဟာ နိုင်ငံပေါင်း ၈၀ ကျော်ကို ကာကွယ်ဆေးများ ထောက်ပံ့ပေးနိုင်ရေး တိုးမြှင့်ထုတ်လုပ်သွားမှာ ဖြစ်ပါတယ်။ ထို့အတူ တရုတ်နိုင်ငံဟာ တခြားကာကွယ်ဆေးသုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်ထုတ်လုပ်ရေး လုပ်ဆောင်နေတဲ့ နိုင်ငံပေါင်း ၁၀ နိုင်ငံကျော်နဲ့လည်း ပူးပေါင်းဆောင်ရွက်နေပါတယ်။

ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို နယ်မြေတွေ၊ တံတိုင်းတွေနဲ့ ပိုင်းခြားကာရံထားသော်လည်း လုံခြုံစိတ်ချဖို့ မရှိပါဘူး။ တစ်ယောက်ဘေး မကင်းသရွေ့တော့ လူတိုင်းဘေးကင်းမှာ မဟုတ်ပါဘူး။ ။

ကိုးကား - အေအက်ဖ်ပီ

- ကိုဗက်အစီအစဉ်ဖြင့်ကာကွယ်ဆေးဖြန့်ဝေမှု အရှိန်အဟုန်နှေးနေခြင်းက ကမ္ဘာ့ကာကွယ်ဆေးထိုးပြီးသူများနဲ့ ကမ္ဘာ့ကာကွယ်ဆေးမထိုးရသေးသူများကြား ကွာဟမှု ကြီးမားစေ
- ဝင်ငွေမြင့်မားတဲ့ နိုင်ငံတွေအနေနဲ့ သူတို့ရဲ့ လူဦးရေအကုန်လုံးကို ကာကွယ်ဆေးထိုးပေးနိုင်ရေး ဆောင်ရွက်ချိန်မှာ တချို့ကတော့ အဲဒီလို မလုပ်ဆောင်နိုင်ပါဘူး။

## ၁၇-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၃၁၁၈၂၄ | ၂၄၈၃၆၄၄၂ | ၅၈၀၀၄၁ |
| ၂။ | အိန္ဒိယ | ၁၄၇၀၁၉၂၀ | ၁၂၇၅၈၅၀၃ | ၁၇၆၅၄၃ |
| ၃။ | ဘရာဇီး | ၁၃၈၃၄၃၄၂ | ၁၂၂၉၈၈၆၃ | ၃၆၉၀၂၄ |
| ၄။ | ပြင်သစ် | ၅၂၂၄၃၂၁ | ၄၀၄၆၂၀၅ | ၁၀၀၄၀၄ |
| ၅။ | ရုရှား | ၄၆၉၃၄၆၉ | ၄၃၁၉၃၈၉ | ၁၀၅၁၉၃ |
| ၆။ | ဗြိတိန် | ၄၃၈၅၉၃၈ | ၄၁၄၅၈၁၀ | ၁၂၇၂၆၀ |
| ၇။ | တူရကီ | ၄၁၅၀၀၃၉ | ၃၅၉၁၅၅၀ | ၃၅၃၂၀ |
| ၈။ | အီတလီ | ၃၈၅၇၄၄၃ | ၃၂၃၅၄၅၉ | ၁၁၆၆၇၆ |
| ၉။ | စပိန် | ၃၄၀၇၂၈၃ | ၃၁၂၉၂၃၄ | ၇၆၉၈၁ |
| ၁၀။ | ဂျာမနီ | ၃၁၂၆၂၃၅ | ၂၇၆၅၁၀၀ | ၈၀၄၇၀ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၇ – ၅ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၅၉၉၇၆၃ | ၁၄၅၀၁၉၂ | ၄၃၃၂၈ |
| ဖိလစ်ပိုင် | ၉၂၆၀၅၂ | ၇၀၆၅၃၂ | ၁၅၈၁၀ |
| မလေးရှား | ၃၇၂၈၅၉ | ၃၅၂၃၉၅ | ၁၃၇၀ |
| မြန်မာ | ၁၄၂၆၂၈ | ၁၃၁၈၉၅ | ၃၂၀၆ |
| စင်ကာပူ | ၆၁၈၀၈ | ၆၀၄၆၃ | ၃၀ |
| ထိုင်း | ၄၀၅၈၅ | ၂၈၇၅၀ | ၉၉ |
| ကမ္ဘောဒီးယား | ၅၇၇၁ | ၂၄၁၆ | ၃၉ |
| ဗီယက်နမ် | ၂၇၈၀ | ၂၄၇၅ | ၃၅ |
| ဘရူနိုင်း | ၂၂၁ | ၂၀၆ | ၃ |
| လာအို | ၅၈ | ၄၉ | ၀ |

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင်စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
စာတိုက်သေတ္တာအမှတ်(၁၄၄)၊
ဖုန်းနံပါတ်၀၆၇–၈၁၀၃၃၄၇၊ ၀၆၇–၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ မတ္တရာပြည်သူ့ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၉-၄-၂၀၂၃ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

*(ယမန်နေ့မှအဆက်)*

၄၀။ **Myanmar Public Press News Agency မှ တာဝန်ခံအယ်ဒီတာ ဒေါက်တာစိုးမြင့်ဦး**က ပထမဦးဆုံး မေးလိုသည့် မေးခွန်းမှာ မိမိတို့နိုင်ငံမှာ ဒီမိုကရေစီစနစ်ကို ငါးနှစ်၊ နှစ်ကြိမ်ဖြတ်သန်းပြီးသည့်နောက် မျိုးချစ်စိတ်တော်တော်လေးအားနည်းလာသည်ကို တွေ့ရကြောင်း၊ နောက်ပိုင်းဒုတိယအကြိမ် လွှတ်တော်သက်တမ်းတွင် မိမိတို့နိုင်ငံက ယဉ်ကျေးမှုသည် တော်တော်လေး ယိုင်နဲ့လာကြောင်း၊ အမျိုးသားရေး စရိုက်လက္ခဏာများလည်း တော်တော်အားနည်းလာကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် မျိုးချစ်စိတ်ရှင်သန် ထက်မြက်ရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကာကွယ်မြှင့်တင်နိုင်ရန် တပ်မတော်ဘက်က မည်သို့စီစဉ်ထားပါသလဲ၊ နောက်တစ်ချက်က ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲများကိုလည်း ပြန်ပြီးပြုလုပ်ရန် အစီအစဉ်ရှိပါသလားဆိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

### မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

၄၁။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က မျိုးချစ်စိတ်နှင့် ပတ်သက်ပါက အယူအဆအမျိုးမျိုးရှိပါကြောင်း၊ တချို့ liberal ဆန်သည့်လူများအနေဖြင့် မျိုးချစ်စိတ်ဆိုသည်ကို အန္တရာယ်တစ်ရပ်သဖွယ် မြင်နေမှုမျိုးရှိပါကြောင်း၊ မိမိကိုးကားပြောချင်သည်မှာ အရှေ့တောင်အာရှ၏ Reality သမားကဲ့သို့ မိမိတို့သတ်မှတ်ထားသော စင်ကာပူဝန်ကြီးချုပ် လီကွမ်ယု ပြောသလို ပြောလိုကြောင်း၊ သူနှိုင်းယှဉ်သကဲ့သို့ မျိုးချစ်စိတ်သည် အမှန်က “ကျောက်ချစရာ” နေရာတစ်ခုဖြစ်ကြောင်း၊ မည်မျှကြီးသည့်သင်္ဘောဖြစ်ဖြစ်၊ မည်မျှကြီးသည့်ရေယာဉ်ဖြစ်ဖြစ် ကျောက်ချစရာနေရာ ပျောက်သွားမည်ဆိုပါက ရပ်တည်၍မရကြောင်း၊ မိမိတို့ ခဏခဏပြောနေသည့် မျိုးချစ်စိတ်နှင့်ပတ်သက်ပြီး Globalization ခေတ်ဟုပြောကြကြောင်း၊ Globalization ခေတ်တွင် သတင်းများ၊ စီးပွားကူးသန်းမှုများ၊ ပညာရေးနှင့် နည်းပညာပျံ့နှံ့သည်ကို လက်ခံကြကြောင်း၊ လူများပျံ့နှံ့မှုကို မည်သည့်နိုင်ငံကလက်ခံနိုင်ပါသလဲ၊ ဒီမိုကရေစီဘိုးအေဟုပြောသည့် အမေရိကန်သည် ၎င်း၏တောင်ဘက်မှာရှိသော မက္ကဆီကိုနိုင်ငံမှ ဝင်လာသည့်လူများကို လက်ခံပါသလား၊ လူများဝင်ရောက်ပျံ့နှံ့သည်ကို မည်သည့်နိုင်ငံမှ လက်မခံကြကြောင်း၊ မျိုးချစ်စိတ်နှင့် မိမိနှိုင်းယှဉ်ပြောနေခြင်းမဟုတ်ကြောင်း၊ ၎င်း၏ Reality ကိုတော့ ဖျောက်၍မရသေးဘူးဆိုသည်ကို ပြောနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တချို့နေရာများမှာ liberal၊ liberal ဆိုတိုင်းလည်း အကုန်လုံး မဟုတ်နိုင်ကြောင်း၊ နိုင်ငံကြီးအနေဖြင့် အကုန်လုံးမဟုတ်သေးဘဲ မိမိတို့ဖွံ့ဖြိုးဆဲနိုင်ငံမျိုးတွင် ပိုဆိုးကြောင်း၊ အဓိကပြောချင်သည်မှာ ကျောက်ချစရာ နေရာပျောက်သွားပါက မျိုးချစ်စိတ်ဆိုတာပျောက်သွားလျှင် ရပ်တည်ဖို့ခက်ခဲကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် ပတ်သက်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအခြေခံမှုသည် ဗုဒ္ဓဘာသာယဉ်ကျေးမှုကို အခြေခံခြင်းဖြစ်သည့်အတွက် အခြေခံဥပဒေမှာ



သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသည့် ဆူပူအကြမ်းဖက်မှုတွင်အသုံးပြုသော လက်နက်ကိရိယာများအား သတင်းမီဒီယာများက ကြည့်ရှု လေ့လာစဉ်။

လည်း ဗုဒ္ဓဘာသာနှင့်ပတ်သက်ပြီး ပြဋ္ဌာန်းထားကြောင်း၊ တခြားဘာသာရေးအဖွဲ့များကိုလည်း အလေးပေး ဆောင်ရွက်သွားရမည်ဆိုသည်ကို ပြဋ္ဌာန်းထားကြောင်း၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့်ပတ်သက်ပြီး တပ်မတော်၏ ခံယူချက်သည် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်ဆိုပြီး ခံယူထားသည်ဖြစ်သည့်အတွက် အလေးအနက်ထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

၄၂။ ဆက်လက်၍ **Myanmar Public Press News Agency မှ တာဝန်ခံအယ်ဒီတာ ဒေါက်တာစိုးမြင့်ဦး**က မိမိတို့ပြည်တွင်းမှာရှိသည့် မီဒီယာများကို အရေးယူသင့်မှုများနှင့် အရေးယူထားပြီးပြီဟုသိရပါကြောင်း၊ သို့သော်လည်း ပြည်ပမှ ထုတ်လွှင့်လျက်ရှိသော သတင်းမီဒီယာများအချို့က မမှန်မကန်သတင်းများနှင့် သွေးထိုးလှုံ့ဆော်နေသည်တွေ့ရကြောင်း၊ ထိုသတင်းများကို ပြည်တွင်းစီးဝင်မှုမရှိအောင် မည်သို့ကာကွယ်တားဆီးရန် စီစဉ်ထားပါသလဲဆိုသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

### အမျိုးသားရေး ကိုယ်ခံစွမ်းအားကောင်းရန်

၄၃။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က သတင်းစီးဆင်းမှုနှင့် ပတ်သက်ပြီး မိမိတို့နိုင်ငံထက် ခေတ်မီသည့်နိုင်ငံများတောင် လုံးဝမဝင်အောင်ဆိုတာ လုပ်နိုင်စရာမရှိကြောင်း၊ နည်းလမ်းမျိုးစုံရှိကြောင်း၊ အင်တာနက်လိုင်းပေါ်မှ စီးဝင်မှုရှိကြောင်း၊ လေလိုင်းပေါ်မှ စီးဝင်မှုရှိကြောင်း၊ ၎င်းတို့ကို မိမိတို့နိုင်ငံထဲ မစီးဝင်အောင်တားဆီးသည့်လုပ်ငန်းသည် မိမိမြင်သည်မှာ မှန်ကန်သည့် နည်းလမ်းမဟုတ်ကြောင်း၊ အဓိကမှန်ကန်သည့်လုပ်ငန်းက ဘာလဲဆိုသည်မှာ တိုင်းသူပြည်သားများ၏ စိတ်ထဲတွင် အမျိုးသားရေးကိုယ်ခံစွမ်းအားကောင်းရန်၊ မြှင့်တင်ပေးရန်တို့က ပိုပြီးအဓိကကျသည်ဟု ဆိုလိုကြောင်း၊ မိမိဆိုလိုသည်မှာ မိမိတို့ အိမ်နီးနားချင်းနိုင်ငံများရှိကြောင်း၊ တရုတ်နိုင်ငံနှင့်ပတ်သက်ပြီး ကမ္ဘာ့မီဒီယာများက တော်တော်များများ အကောင်းရေးသားမှု တော်တော်ရှားကြောင်း၊ သတင်းအပုဒ်တိုင်းတွင် ကြည့်လိုက်ပါက ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မိမိတို့နိုင်ငံ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားချိန်က မြန်မာနိုင်ငံမီဒီယာများပါ ပါကြောင်း၊ ဝူဟန်မြို့မှာ ဖြစ်နေသည့်အခြေအနေကို တကယ်ကိုပဲ ငရဲကျနေသည့် အခြေအနေကဲ့သို့ရေးခဲ့သည့် မီဒီယာများရှိကြောင်း၊ သို့သော် အမျိုးသားရေး ကိုယ်ခံစွမ်းအားက ပိုအရေးကြီးကြောင်း၊ ၎င်းတို့တွင် အမျိုးသားရေး ကိုယ်ခံစွမ်းအား ပိုကောင်းသည့်အတွက် သိပ်ပြီးပူစရာမလိုကြောင်း၊ သတင်းမီဒီယာကဏ္ဍတွင် နံပါတ်တစ်အချက်က သတင်းမီဒီယာများနှင့်ပတ်သက်ပြီး အမှန်များထုတ်လွှင့်နိုင်ရန် ပြည်တွင်းမီဒီယာများ၊ နိုင်ငံပိုင် မီဒီယာများက ကြိုးစားရမည်ဖြစ်သလို အမျိုးသားရေး ကိုယ်ခံစွမ်းအားကို State building နှင့် တင်မဟုတ်ဘဲ Nation building ကိုပါ မိမိတို့အလေးထား ဆက်လက်ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ လုပ်စရာ အလုပ်များ ကျန်ပါသေးသည်ဟု ပြောချင်ပါကြောင်း၊ ယခုကဲ့သို့ အကြံပေးမှုမျိုးကိုလည်း ကျေးဇူးတင်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

၄၄။ ဆက်လက်၍ **Myanmar Public Press News Agency မှ တာဝန်ခံအယ်ဒီတာ ဒေါက်တာစိုးမြင့်ဦး**က CDM ကြောင့် မသေသင့်ဘဲသေသွားသည့် ပြည်သူများ၏စာရင်းကို ရပ်ကွက်အလိုက်၊ ရပ်ကွက်ကစုစည်းပြီး မြို့နယ်၊ တိုင်းဒေသကြီး၊ နိုင်ငံအနေဖြင့် မည်မျှရှိသွားပြီလဲဆိုသည်ကို စာရင်းကောက်ပြီး ထုတ်ပြန်ပေးရန် ဖြစ်နိုင်ပါသလား၊ ထုတ်ပြန်ပေးပါဟု အကြံပြုလိုကြောင်း၊ ထိုအတိုင်းဆိုပါက ယခုထက်ဆိုးကျိုးများကို ပိုပြီးသိသာမြင်သာမည်ထင်ကြောင်း၊ အိမ်ပတ်ဝန်းကျင်တွင်လည်း ကြုံခဲ့ရမှုများရှိကြောင်း၊ ဆေးရုံ၊ ဆေးခန်း အချိန်မီပို့ခွင့်မရ၍ အသက်ဆုံးရှုံးသွားသည့် လူများရှိကြောင်း၊ ထိုအချက်များကို ပြည်သူများသိခွင့်ရပါက ဝေဖန်ချင့်ချိန်နိုင်မည်ကို မျှော်လင့်မိ၍ သိလိုပါကြောင်း မေးမြန်းသည်။

၄၅။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က မိမိတို့ ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

၄၆။ ဆက်လက်၍ **Myanmar Public Press News Agency မှ တာဝန်ခံအယ်ဒီတာ ဒေါက်တာစိုးမြင့်ဦး**က ပညာရေးဝန်ကြီးဌာနကို မေးမြန်းလိုကြောင်း၊ ပြီးခဲ့သည့် အစိုးရလက်ထက်တွင် အကြောင်းအမျိုးမျိုးကြောင့် တချို့ကိစ္စများ၌ ပုဂ္ဂိုလ်ရေးသဘောထားအမြင်ချင်းမတူမှုကြောင့် အရေးယူခံရသည့် ပညာရေးဝန်ထမ်းများရှိကြောင်း၊ ဧယျာဝတီအထက်တန်းကျောင်းအုပ် ဒေါ်သီတာမြဆွေအား ပစ်စာမှာပါသည့် အကြောင်းအရာက ကျောင်းပြောင်းလက်မှတ်တွင် အလှူငွေ ၅၀၀၀ ကောက်ခံပါသည်ဟု ပါရှိကြောင်း၊ ထိုကိစ္စနှင့် ဟိုစစ်ဒီစစ်လုပ်ကြောင်း၊ နောက်ကြောင်းရာဇဝင်များ ရှိကြောင်း၊ သဘောထားအမြင်ချင်း မတူမှုရှိကြောင်း၊ ပုဂ္ဂိုလ်ရေးကိစ္စများရှိကြောင်း၊ သို့သော် ပညာရေးဝန်ကြီးဌာန က Disable လုပ်လိုက်ကြောင်း၊ ယင်းကိစ္စကို အယူခံဝင်မှုမရကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက ပညာရေးဝန်ကြီးဌာနကို တရားစွဲချွန်လွှာနှင့် ရင်ဆိုင်ကြောင်း၊ ဆရာမကြီးဘက်က တရားနိုင်ကြောင်း၊ ထို့နောက် အလုပ်ပြန်ခန့်ကြောင်း၊ ယင်းနောက် မကြာခင်ပြန်စစ်ပြီး နောက်တစ်ခါ Disable မဟုတ်သော်လည်း Removal ဆိုပြီး Gratuity ၏ ၂၅ ရာခိုင်နှုန်းသာ ခံစားခွင့်ပေးမည်ဆိုပြီး အကြောင်းပြန်ကြားခြင်းမျိုးဖြစ်ခဲ့ကြောင်း၊ ထိုကိစ္စသည် လုံးဝမဖြစ်သင့် မဖြစ်ထိုက်သည့် အခြေအနေတစ်ရပ်ဖြစ်နေကြောင်း၊ ဆရာမကြီး ဒေါ်သီတာမြဆွေနည်းတူ တခြားပညာရေးဝန်ထမ်း ၈၀ ကျော်လည်းရှိသည်ဟု ကြားသိရကြောင်း၊ ထိုပညာရေးဝန်ထမ်းကိစ္စနှင့် ပတ်သက်ပြီး တကယ့်ခံစားခွင့်ရနိုင်သော၊ ဖြစ်သင့်သည့်အခြေအနေမျိုးကို တချို့မှာ ပြန်လည်တာဝန်ထမ်းဆောင်၍ ရမည့်အခြေအနေမျိုးရှိမည်ဟု ထင်ကြောင်း၊ ပြန်လည်ခံစားခွင့်ရအောင် အမြန်ဆုံးဆောင်ရွက်ပေးဖို့ ဖြစ်နိုင်သလားဆိုတာ သိလိုပါကြောင်း မေးမြန်းသည်။

၄၇။ **ပညာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦး**က ၎င်းကိစ္စအရေးယူမှုက ပစ်စာဆိုပါက အရေးယူမှုသည် မိမိတို့ဆီမှာစိစစ်ပြီး အရေးယူကြောင်း၊ DE အဖွဲ့က အရေးယူစိစစ်ပြီး ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးနှင့် ဆောင်ရွက်ထားသည့်ကိစ္စများဖြစ်ကြောင်း၊ ထို့ကြောင့် ရှေ့နေချုပ်ရုံးက ညွှန်ကြားသည့်အတိုင်း ပြန်ခန့်၊ ပြန်စစ်မှုတွင် တရားခုံမအောင်ခဲ့ပါက မိမိတို့ နောက်တရားခုံနှင့် ပြန်လည်စိစစ်ကာ MOEC သို့ တင်ပြပြီး ဆောင်ရွက်ထားသော ကိစ္စများဖြစ်သည့်အတွက်ကြောင့် မှန်မှန်ကန်ကန် ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ ထိုပစ်စာမှာပါသည့်အချက်များ သာမကဘဲ တစ်ခါတစ်ရံ စစ်လိုက်သည့်အချိန် နောက်ကြောင်းများက ထပ်မံပေါ်လာမှုများ ရှိကောင်းရှိနိုင်ကြောင်း၊ ယင်းကိစ္စများနှင့် ငြိစွန်းခြင်းများလည်း ဖြစ်နိုင်ကြောင်း၊ ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးတွင် တင်ပြဆောင်ရွက်ထားခြင်းဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

၄၈။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က ဆက်လက်ဖြေကြားရာတွင် ဥပဒေအရ နစ်နာသူရှိပါက နစ်နာသူက တရားဥပဒေအဆုံးအဖြတ် အဆုံးစွန်အထိ ဆောင်ရွက်၍ရကြောင်း၊ ဤတစ်မှုပြီးသွားလျှင် နောက်တစ်မှု ထပ်စွဲခံရပါက ထိုကိစ္စနှင့်ပတ်သက်ပြီး ထပ်မံတင်ပြ၍ရကြောင်း၊ နစ်နာသူဘက်က လုပ်ပိုင်ခွင့်အတိုင်းသာ ဆက်လက်လုပ်ဆောင်ရန် မိမိအကြံပေးလိုကြောင်း ရှင်းလင်းဖြေကြားသည်။

၄၉။ **General Life သတင်းဌာနမှ သတင်းထောက် ဦးခိုင်ထူး**က ယခုလက်ရှိ ဘဏ်လုပ်ငန်းများ၏အခြေအနေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် တာဝန်ရှိလူကြီးများ အသိပင်ဖြစ်ကြောင်း၊ ယခုလက်ရှိတွင် ပုဂ္ဂလိကဘဏ်များနှင့် ATM စက်များမှ ငွေသွင်း၊ ငွေထုတ်ကိစ္စများ ဆောင်ရွက်ရာ ငွေကြေးကန့်သတ်ထားခြင်း၊ တန်ဖိုးကန့်သတ်၍ ထုတ်ယူသုံးစွဲရခြင်းများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ အဆိုပါအခြေအနေသည် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ငွေကြေးလည်ပတ်မှုကို ထိခိုက်မှုများရှိနေပါကြောင်း၊ ATM စက်များတွင် တန်းစီ၍ ငွေထုတ်သည့်အခါတွင်လည်း စီနီယာ၊ ဂျူနီယာ စနစ်ဖြင့် တန်းစီရသည့်အတွက် ၁၅ ယောက်ခန့် ထုတ်ယူပြီးပါက နောက်ဆုံးမှလူက ၂ နာရီခန့်တန်းစီ၍ စောင့်ခဲ့ရသော်လည်း ၎င်းအလှည့်တွင် ATM စက်ထဲ၌ ငွေမရှိတော့သဖြင့် မထုတ်ရဘဲ ပြန်ခဲ့ရသည့် အခြေအနေများရှိခဲ့ကြောင်း၊ အဆိုပါ အခြေအနေများနှင့်ပတ်သက်၍ ငွေကြေးလည်ပတ်မှု ပုံမှန်ဖြစ်စေရေးနှင့် ယခုထက် ပိုမိုကောင်းမွန်သည့် ငွေကြေးလည်ပတ်မှုဖြစ်စေရေး မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ပေးသွားမည်ကို သိလိုကြောင်း မေးမြန်းသည်။

**CDM လုပ်ခြင်းသည် အစိုးရကို တိုက်ခိုက်ခြင်းဖြစ်**

၅၀။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က ဘဏ်များ ပြန်လည် ဖွင့်လှစ်နိုင်မှုအနေဖြင့် ဗဟိုဘဏ်မှ ခွင့်ပြုထားသည့် ဘဏ်ခွဲအရေအတွက်၏ ၁၀ ရာခိုင်နှုန်း မကျော်နိုင်သေးမှုနှင့် ATM စက်မှငွေထုတ်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို သိရှိရပါကြောင်း၊ အချို့ဘဏ်များဆိုလျှင် ATM မှတစ်ဆင့် ငွေပေးသွင်းနိုင်သည့်စနစ်ဖြင့် ဘဏ်ခွဲများသို့ သွားရောက်ရန်မလိုဘဲ ငွေပေးသွင်းနိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့သော် ဘဏ်များတွင် သွားရောက်ငွေထုတ်ယူရာ၌ ယခင်ကဲ့သို့ တိုကင်ယူ၍ တန်းစီနေရသည့် ပြဿနာများ၊ ငွေကြေးထုတ်ယူရာတွင် ကန့်သတ်မှုထားရှိသည်ဟုလည်း သိရှိရပါကြောင်း၊ ယခုကဲ့သို့ ဖြစ်နေခြင်းသည် ဘဏ်များအနေဖြင့် လုပ်ဆောင်ခြင်းမဟုတ်ဘဲ ဝန်ထမ်းအခက်အခဲကြောင့်သာ ဖြစ်ပါကြောင်း၊ အချို့ဝန်ထမ်းများက CDM လုပ်နေကြကြောင်း၊ အစိုးရဝန်ကြီးဌာနများမှ ဝန်ထမ်းများ CDM လုပ်ခြင်းသည် အစိုးရကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ သို့သော် Professional Life မဟုတ်ကြောင်း၊ ပုဂ္ဂလိကဘဏ်များမှ ဝန်ထမ်းများ CDM လုပ်ခြင်းသည် အမှန်တကယ်အားဖြင့် ပုဂ္ဂလိကဘဏ်ပိုင်ရှင်များနှင့် ဥက္ကဋ္ဌများသာ နစ်နာကြောင်း၊ အဆိုပါ ကိစ္စများနှင့်ပတ်သက်၍ ဖြေရှင်းပေးနိုင်ရန် ကြိုးစား အဖြေရှာဆဲဖြစ်ကြောင်း၊ လက်တွေ့လုပ်ဆောင်မည့် လုပ်ငန်းစဉ်အနေဖြင့် အချက်အချာကျသည့် မြို့နယ်တစ်မြို့နယ် သို့မဟုတ် တိုင်းဒေသကြီးတစ်ခုလျှင် ဘဏ်နှင့်ပတ်သက်သည့် ဝန်ထမ်းများ မည်မျှရှိသည်ကို တွက်ချက်နေကြောင်း၊ မည်သည့်လုပ်ငန်းများကို မည်ကဲ့သို့ အစားထိုးရမည်ကိုလည်း တွက်နေကြောင်း၊ မြို့နယ်တစ်ခုတွင် ဘဏ်ခွဲ သုံးလေးခုရှိသည့် ဘဏ်ကို ဘဏ်ခွဲအားလုံး မဖွင့်တော့ဘဲ လုံခြုံသည့်နေရာတွင် အဆိုပါဘဏ်နှင့်ပတ်သက်သည့် ဘဏ်ခွဲတစ်ခုဖွင့်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ မကြာမီဖြစ်ပေါ်လာနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ဘဏ်အားလုံး မဖွင့်နိုင်သေးသည်ကတော့ သေချာပါကြောင်း ပြန်လည်ဖြေကြားသည်။

**"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် ပတ်သက်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ အခြေခံမှုသည် ဗုဒ္ဓဘာသာယဉ်ကျေးမှုကို အခြေခံခြင်းဖြစ်သည့်အတွက် အခြေခံဥပဒေမှာလည်း ဗုဒ္ဓဘာသာနှင့် ပတ်သက်ပြီး ပြဋ္ဌာန်းထားကြောင်း၊ တခြားဘာသာရေးအဖွဲ့များကိုလည်း အလေးပေး ဆောင်ရွက်သွားရမည်ဆိုသည်ကို ပြဋ္ဌာန်းထားကြောင်း၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့်ပတ်သက်ပြီး တပ်မတော်၏ ခံယူချက်သည် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်ဆိုပြီး ခံယူထားသည်ဖြစ်သည့်အတွက် အလေးအနက်ထား ဆောင်ရွက်သွားမည်ဖြစ်"**

၅၁။ **Voice Of Myanmar (VOM)သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က တပ်မတော်က အာဏာလွှဲပြောင်းရယူခဲ့သည်မှာ နှစ်လကျော်ခန့် ရှိပြီဖြစ်ကြောင်း၊ နေပြည်တော်တစ်ခုသာ အခြေအနေ ထိန်းသိမ်းနိုင်သည်ကို တွေ့ရကြောင်း၊ မြေအနေအထားအရ အပြည့်အဝယန္တရားမလည်ပတ်နိုင်သေးကြောင်း၊ မည်သည့်အချိန်ခန့်တွင် လည်ပတ်နိုင်မည်ဆိုသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**အကြမ်းဖက်မှုများ ဖြစ်လာနိုင်**

၅၂။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က ထိုမေးခွန်းကို မှားနေသည်ဟု ယူဆကြောင်း၊ နေပြည်တော်တစ်ခုတည်းသာ ထိန်းချုပ်နိုင်သည်ဆိုသည့် မေးခွန်းသည် အယူအဆတစ်ခုသာဖြစ်ကြောင်း၊ မေးခွန်းမှားနိုင်သည်ဟုသာ မိမိဆိုလိုခြင်းဖြစ်ပြီး ကန့်ကွက်ခြင်းမဟုတ်ပါကြောင်း၊ ယခုဆူပူဆန္ဒပြမှု အခြေအနေနှင့်ပတ်သက်ပြီး အများဆုံးဖြစ်ပေါ်သည်ကတော့ ရန်ကုန်၊ မန္တလေး၊ မုံရွာတစ်ဝိုက်ဖြစ်ကြောင်း၊ ဖေ့စ်ဘွတ်ပေါ်တွင် ဖြစ်စေ၊ မီဒီယာများလွှင့်သည့်အခါတွင်ဖြစ်စေ ကြည့်လျှင် သိနိုင်ကြောင်း၊ လူစုခိုင်းလိုက်ပြီး ဓာတ်ပုံရိုက်သည်ကတော့ မြန်ပါကြောင်း၊ ရန်ကုန်မှာတောင် ဘယ်လိုအခြေအနေမျိုးရှိသည်ဆိုသည်ကို ရန်ကုန်ကလာသည့် သတင်းထောက်ကြီးများကို မေးကြည့်လျှင် သိနိုင်ကြောင်း၊ ရန်ကုန်၌ ယခင်အခြေအနေနှင့် ယခုအခြေအနေ မည်သို့ကွာခြားသည်ကို လက်တွေ့မေးကြည့်လိုက်လျှင် ပိုပြီးကောင်းပါကြောင်း၊ မိမိပြောနိုင်သည်မှာ ပြည်သူများ ဂရုစိုက်ရမည်က ဆန္ဒပြမှုများ လျော့နည်းသွားသည်မှာ မှန်ကြောင်း၊ သို့သော် အကြမ်းဖက်မှုများဖြစ်လာနိုင်ကြောင်း၊ အကြမ်းဖက်မှုများ ဖြစ်ပေါ်လာနိုင်သည့် အကြောင်းရင်းကလည်း ဆန္ဒပြမှုများ လျော့နည်းသွားသည်ဆိုသည်ကို ကာမိအောင်ဖြစ်ကြောင်း၊ သို့သော် ပြည်သူလူထုအနေဖြင့် ထိုအရာများကို ဂရုစိုက်ကြဖို့ မေတ္တာရပ်ခံလိုကြောင်း ဖြေကြားသည်။

**"ပြည်သူများ ဂရုစိုက်ရမည်က ဆန္ဒပြမှုများ လျော့နည်းသွားသည်မှာ မှန်ကြောင်း၊ သို့သော် အကြမ်းဖက်မှုများဖြစ်လာနိုင်ကြောင်း၊ အကြမ်းဖက်မှုများ ဖြစ်ပေါ်လာနိုင်သည့် အကြောင်းရင်းကလည်း ဆန္ဒပြမှုများ လျော့နည်းသွားသည်ဆိုသည်ကို ကာမိအောင်ဖြစ်ကြောင်း၊ သို့သော် ပြည်သူလူထုအနေဖြင့် ထိုအရာများကို ဂရုစိုက်ကြဖို့ မေတ္တာရပ်ခံလို"**

၅၃။ **VOM သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က အမှိုက်ကစ ပြဿဒ်မီးလောင်ဆိုသကဲ့သို့ပင် ဘဏ်ကိစ္စနှင့်ပတ်သက်၍ အခြေခံလူတန်းစား တော်တော်များများ ဒုက္ခရောက်နေကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး မည်သို့ဖြေရှင်းမည်ဆိုသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

၅၄။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က ပထမအဆင့်ဖြေရှင်းမည့်ပုံစံမှာ ဘဏ်များကို စုပေါင်းပြီး ဖွင့်မည်ဖြစ်ကြောင်း၊ ဒုတိယအဆင့်မှာ တာဝန်ခံပြီးလုပ်ပေးမည် ဖြစ်ကြောင်း၊ တာဝန်ခံပြီး လုပ်ပေးမည်ဆိုသည်မှာ ဥပမာ- မြန်မာ့စီးပွားရေးဘဏ်က ဖွင့်နိုင်သည်ဆိုလျှင် မြန်မာ့စီးပွားရေးဘဏ်၌ အခြားဖွင့်နိုင်သည့် ဘဏ်ခွဲများဖွင့်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီ အောင်မြင်နိုင်လိမ့်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

၅၅။ **VOM သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က နစကဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်ရှိမြေပြင်တွင် ဖြစ်ပေါ်နေသည့်အခြေအနေ အကုန်လုံး သိ/မသိ သိလိုပါကြောင်း၊ TV တွင်ဈေးများ၊ ဘုရားများမှာစည်ကားနေသည်ဟု ကြေညာနေကြောင်း၊ လွှင့်နေသည့်အစီအစဉ်များသည် နေ့စဉ်ထပ်နေကြောင်း၊ ထို့ကြောင့် မြေပြင်အခြေအနေနှင့် သတင်းလွှင့်နေသည့်အခြေအနေ အနည်းငယ်ကွာဟမှု ဖြစ်ပေါ်နေကြောင်း၊ ယင်းအခြေအနေကို သိ/မသိ သိလိုပါကြောင်း မေးမြန်းသည်။

**ဈေး၊ ဆေးရုံနှင့် ဘဏ်များ ပိတ်ထားသည်မဟုတ်**

၅၆။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က မည်သည့်ခေါင်းဆောင်မှ မြေပြင်အခြေအနေကို ၁၀၀ ရာခိုင်နှုန်းမသိကြောင်း၊ မိမိလည်း ၁၀၀ ရာခိုင်နှုန်းမသိကြောင်း၊ သို့သော် သိသင့်သိထိုက်သလောက်သိကြောင်း၊ မည်သို့ပင်ဖြစ်စေ နိုင်ငံ့ခေါင်းဆောင်တစ်ဦးလုပ်သည့်နေရာတွင် သတင်းပေးသည့် သတင်းဌာနများစွာရှိကြောင်း၊ သတင်းဌာန တစ်ခုတည်းက သတင်းပေးခြင်းမဟုတ်ဘဲ မျက်စိ၊ နားများစွာရှိကြောင်း၊ အရာအားလုံးကို သိသင့်သလောက် သိပါကြောင်း၊ မည်သူမှ ၁၀၀ ရာခိုင်နှုန်း သိနိုင်ခြင်းမရှိကြောင်း၊ ဆေးရုံများနှင့် ဘဏ်များဖွင့်နိုင်သည့်နေရာများကို ပြသခြင်းရည်ရွယ်ချက်သည် အချို့မီဒီယာများတွင်ပါသကဲ့သို့ တစ်နိုင်ငံလုံးတွင် အရောင်းအဝယ်များ ပိတ်ထားသည်၊ ဈေးများ၊ ဆေးရုံများ၊ ဘဏ်များ ပိတ်ထားသည်ဆိုသည်မှာ မဟုတ်ကြောင်းကို ပြသလိုခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

၅၇။ **VOM သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ် သေသွားပြီဆိုသည့် သတင်းနှင့်ပတ်သက်ပြီး သတင်းထွက်နေသည့်အတိုင်း ဟုတ်/မဟုတ် သိလိုကြောင်း မေးမြန်းသည်။

၅၈။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က မနေ့က သတင်းမီဒီယာတစ်ခုတွင် တွေ့ကြောင်း၊ မည်သူကစပြီး ဖွလိုက်သည်ကိုမသိကြောင်း၊ မိမိတို့နိုင်ငံတွင် ဖြစ်ပျက်နေသည်မှာ သတင်းမီဒီယာများကလည်း media logo တပ်ထားပြီး တော်တော်လေးကို ဆိုးရွားနေကြောင်း၊ ဦးဘိုဘိုငယ် ကျန်းမာစွာရှိကြောင်း၊ အချုပ်ထဲမှာ မဟုတ်ကြောင်း၊ အချုပ်အနှောင်လည်းမခံရကြောင်း၊ ရိပ်သာ၌ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ထိန်းသိမ်းရမည်ဆိုသည့်လူကို ထိန်းသိမ်းထားကြောင်း၊ စစ်ဆေးရမည့်သူများကို စစ်ဆေးနေတာရှိကြောင်း၊ သို့သော် ဥပဒေအရ အရေးယူခံရမည့်သူ မဟုတ်ဘူးဆိုလျှင် ထိုသူများကို ချုပ်နှောင်ထားမည်မဟုတ်ကြောင်း၊ ရိပ်သာ၌သာထားပြီး စစ်ဆေးလျက်ရှိကြောင်း၊ ထိုအရာနှင့် ပတ်သက်ပြီး မိမိပြောလိုသည်မှာ ထိုသတင်းသည် အမှန်မဟုတ်ကြောင်း၊ သို့သော် တစ်ခုဂရုစိုက်ရမည်မှာ ယခုရက်ပိုင်းအတွင်း ရည်ရွယ်ချက်ရှိရှိနှင့် သတင်းတချို့ကို ဖွနေကြောင်း၊ ဥပမာ- နေပြည်တော်က BBC ကိုအောင်သူရ ထိန်းသိမ်းခံရစဉ်က ထိန်းသိမ်းခံရပြီး တစ်ရက်နှစ်ရက်ခန့်ကြာသောအခါ ကိုအောင်သူရ သေပြီဆိုပြီး သတင်းထောက်တစ်ဦးကပဲ စပြီးဖွကြောင်း၊ မိမိတို့ဆီကို ဖုန်းနှင့်မေးမြန်းကြသည်များ ရှိပါကြောင်း၊ ထိုအရာများ၏နောက်ကွယ်တွင် ရည်ရွယ်ချက်ရှိကြောင်း၊ ယခု ဦးဘိုဘိုငယ်လည်း ဆုံးသွားပြီဆိုသည်ကို ဖွနေကြကြောင်း၊ အချို့ဆန္ဒပြမှုများ၊ ဆူပူမှုများ အရှိန်ကျလာသည့် အချိန်တွင် ထင်ရှားသည့်သူ တစ်ယောက်ယောက် သို့မဟုတ် လူအများ အာရုံစိုက်ခံရသည့်သူ တစ်ယောက်ယောက်ကို သေပြီဟုပြောပြီး ဆူပူအုံကြွမှုများ ဖြစ်လာအောင်ဖြစ်စေ၊ အကျိုးသက်ရောက်မှုတစ်ခုခု ရရှိလာအောင်ဖြစ်စေ ဆောင်ရွက်ခြင်း၊ အစပျိုးနေခြင်းဖြစ်သည်ဟု ထင်မြင်ကြောင်း ပြန်လည်ဖြေကြားသည်။

၅၉။ **VOM သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က ရှမ်းပြည်နယ် ဝမ်ဟိုင်း၌ ရဟတ်ယာဉ်တစ်စင်း ပစ်ချခံရသည်ဆိုသည့်သတင်း ဟုတ်/မဟုတ်ကို သိလိုပါကြောင်း မေးမြန်းသည်။

၆၀။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က မနေ့က မနက် ၁၀ နာရီခန့်တွင် ဝမ်ဟိုင်း၌ ရဟတ်ယာဉ်တစ်စင်း ပစ်ခံရကြောင်း၊ ထိုရဟတ်ယာဉ်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက်သွားသည့် ရဟတ်ယာဉ်ဖြစ်ကြောင်း၊ ထိုရဟတ်ယာဉ်သည် SSPP နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံရန်သွားခြင်းဖြစ်ကြောင်း၊ အခြေအနေကောင်းကြောင်း၊ ပစ်သည်ဆိုရာတွင်လည်း ရဟတ်ယာဉ်က အနိမ့်ပျံသည့်အချိန်တွင် မြေပြင်၌ SSPP က လူနာသယ်သည့် အဖွဲ့တစ်ဖွဲ့ရှိနေကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် သွားလုပ်သည်ကိုလည်း မည်သူမျှမသိကြောင်း၊ ထို့ကြောင့် ရဟတ်ယာဉ်က အနိမ့်ကဖြတ်ပျံလာသည့်အချိန် ၎င်းတို့က အောက်ကနေ ပစ်လိုက်ခြင်းဖြစ်ကြောင်း၊ ရဟတ်ယာဉ်ရောက်သည့်အချိန်မှာပင် ၎င်းတို့ကလည်း ပစ်လိုက်မိသည်ကို ဝန်ခံပြီးတောင်းပန်ခဲ့ကြောင်း၊ ထို့နောက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ လုပ်ခဲ့ကြောင်း၊ ဆွေးနွေးမှုများ အောင်မြင်မှုရှိကြောင်း ပြန်လည်ဖြေကြားသည်။ *(ဆက်လက်ဖော်ပြပါမည်)*

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော် ဧပြီ ၁၇

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ဆရာဝန်များအား ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ သင်းသင်းစိုး (လ/ထ ဆရာဝန်) | ဘုရားကြီး တိုက်နယ်ဆေးရုံ | ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၂ | ဒေါက်တာ သက်နိုင်စိုး (လ/ထ ဆရာဝန်) | ထုံးဘိုပြည်သူ့ဆေးရုံ | ကျောက်ပန်းတောင်းမြို့၊ မကွေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၃ | ဒေါက်တာ အေးမြတ်သန္တာ (လ/ထ ဆရာဝန်) | အုတ်ဖိုပြည်သူ့ဆေးရုံ | အုတ်ဖိုမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၄ | ဒေါက်တာ ပြေမိုးအောင် (လ/ထ ဆရာဝန်) | အုတ်ဖိုပြည်သူ့ဆေးရုံ | မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၅ | ဒေါက်တာ မင်းမော်ကို (လ/ထ ဆရာဝန်) | တောင်ငူပြည်သူ့ဆေးရုံ | လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၆ | ဒေါက်တာ စည်သူ (လ/ထ ဆရာဝန်) | တောင်ငူပြည်သူ့ဆေးရုံ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၇ | ဒေါက်တာ သက်စုမွန် (လ/ထ ဆရာဝန်) | တောင်ငူပြည်သူ့ဆေးရုံ | နတ်တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၈ | ဒေါက်တာ ယုမွန်မြင့် (လ/ထ ဆရာဝန်) | တောင်ငူပြည်သူ့ဆေးရုံ | ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၉ | ဒေါက်တာ မိုးမြင့်မောင် (လ/ထ ဆရာဝန်) | အမ်းပြည်သူ့ဆေးရုံ | ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၀ | ဒေါက်တာ လင်းသစ်လွင် (လ/ထ ဆရာဝန်) | စစ်တွေ ပြည်သူ့ဆေးရုံကြီး | စစ်တွေမြို့၊ ရခိုင်ပြည်နယ်။ | ၅၀၅-က |  |
| ၁၁ | ဒေါက်တာ ဝင်းအိနိုင် (လ/ထ ဆရာဝန်) | စစ်တွေ ပြည်သူ့ဆေးရုံကြီး | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၂ | ဒေါက်တာ ကျော်ကျော်ဟိန်း (လ/ထ ဆရာဝန်) | ပင်းတယပြည်သူ့ဆေးရုံ | ပင်းတယမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။ | ၅၀၅-က |  |
| ၁၃ | ဒေါက်တာ အောင်စိုးသူ (လ/ထ ဆရာဝန်) | ဇလွန်ပြည်သူ့ဆေးရုံ | ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၄ | ဒေါက်တာ ခေမာသူ (လ/ထ ဆရာဝန်) | ဇလွန်ပြည်သူ့ဆေးရုံ | ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၅ | ဒေါက်တာ မြတ်သန္တာအုန်း (လ/ထ ဆရာဝန်) | ကသာပြည်သူ့ဆေးရုံ | ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၆ | ဒေါက်တာ ဆန်းစုစုကြည် (မေ့ဆေးဆရာဝန်) | တပ်ကုန်း ပြည်သူ့ဆေးရုံ | ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၇ | ဒေါက်တာ မင်းထက် မောင်မောင် (လ/ထ ဆရာဝန်) | တပ်ကုန်း ပြည်သူ့ဆေးရုံ | မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၈ | ဒေါက်တာ တင်ဇော်ထွန်း (လ/ထ ဆရာဝန်) | တပ်ကုန်း ပြည်သူ့ဆေးရုံ | သီပေါမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။ | ၅၀၅-က |  |
| ၁၉ | ဒေါက်တာ ကျော်မင်းထွန်း (လ/ထ ဆရာဝန်) | ဖားကန့်ပြည်သူ့ဆေးရုံ | ဖားကန့်မြို့၊ ကချင်ပြည်နယ်။ | ၅၀၅-က |  |
| ၂၀ | ဒေါက်တာ မျိုးခန့်ကိုကို (ခွဲစိတ် ဆရာဝန်) | လွိုင်ကော်ပြည်သူ့ဆေးရုံ | လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ၅၀၅-က |  |

ဖော်ပြပါ ဆရာဝန်များအနက် တပ်ကုန်းမြို့နယ် ပြည်သူ့ဆေးရုံ(ခုတင်-၁၀၀)မှ ဒေါက်တာ ဆန်းစုစုကြည် (မေ့ဆေးဆရာဝန်)၊ ဒေါက်တာ မင်းထက်မောင်မောင် (လ/ထ ဆရာဝန်)၊ ဒေါက်တာ တင်ဇော်ထွန်း(လ/ထ ဆရာဝန်)တို့သည် "ရတနာ" ဆေးရုံ၌ လည်းကောင်း၊ ဖားကန့်မြို့ပြည်သူ့ဆေးရုံ (ခုတင်-၅၀)မှ ဒေါက်တာ ကျော်မင်းထွန်း (လ/ထ ဆရာဝန်)သည် စိစစ်ဆဲဆေးခန်း၌လည်းကောင်း၊ လွိုင်ကော်မြို့ ပြည်သူ့ဆေးရုံမှ ဒေါက်တာ မျိုးခန့်ကိုကို (ခွဲစိတ်ဆရာဝန်) သည် "မြင့်" အထူးကုဆေးခန်း၌ လည်းကောင်း တာဝန်ကျရာ ဆေးရုံများတွင် ကုသခြင်းမပြုဘဲ CDM ပြုလုပ်၍ ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများတွင် သွားရောက်ကုသလျက်ရှိကြောင်း မှတ်တမ်းဓာတ်ပုံများနှင့်အတူ အောက်ပါအတိုင်း စိစစ်တွေ့ရှိရသည်။



ဒေါက်တာဆန်းစုစုကြည်၊ဒေါက်တာ မင်းထက်မောင်မောင် နှင့် ဒေါက်တာ တင်ဇော်ထွန်း (တပ်ကုန်းမြို့နယ်ပြည်သူ့ဆေးရုံခုတင်-၁၀၀) တို့ အားဆေးကုသခွင့်ပေးထားသည့် "ရတနာ"ဆေးရုံမှတ်တမ်းဓာတ်ပုံ



ဒေါက်တာဆန်းစုစုကြည်



ဒေါက်တာ မင်းထက်မောင်မောင်



ဒေါက်တာ တင်ဇော်ထွန်း

စာမျက်နှာ ၂၃ သို့

## ၂၀၂၁ ခု ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူသည့်ကြေညာချက်

၂၀၂၁ ခု ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ ဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဧပြီလ(၃၀)ရက်နေ့အထိ လျှောက်ထားနိုင်ပါကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ဦးစီးပေးအစီအစဉ်ဖော်ပြ၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်းနှင့် တယ်လီဖုန်းအမှတ်-၀၆၇-၃၄၁၁၁၄၅/ ၀၆၇-၃၄၁၁၆၃၆- လိုင်းခွဲ/ ၈၃၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ဘွဲ့လွန်ဆေးပညာသင်တန်းများအတွက် လိုအပ်သည့် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် လျှောက်လွှာတွင်ပါဝင်ရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Website: https://mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## အသိပေး ကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်များတွင် ပါဝင်ခြင်းမရှိသည့် စာအုပ်စာစောင်အချို့အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်ခန့်မှစ၍ တရားမဝင် ထုတ်ဝေဖြန့်ချိနေသည်ကို တွေ့ရှိနေရပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၄-၄-၂၀၂၁)

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄) အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ဝေခွင့်ပြုထားသည့် စာအုပ် စာစောင်စာရင်းတွင် မိုလိုတော့ဗ် (Molotov) စာစောင် မပါဝင်ပါ။

အဆိုပါ မိုလိုတော့ဗ်စာစောင်မှာ တရားမဝင် ထုတ်ဝေဖြန့်ချိနေသော စာစောင်သာဖြစ်ပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၂-၄-၂၀၂၁)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၄ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**


## မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm



# ပညာရေးစာပေ(၂)

## မောင်ခင်မင် (ဓနုဖြူ)

"ဆရာ အကြောင်းနဲ့ ပတ်သက်ပြီး ပြောစရာရှိသေးတယ် သမီးရဲ့"

"ပြောပါ ဘဘ"

"တို့ ဗုဒ္ဓဘာသာဝင်တွေက အနန္တောအနန္တငါးပါးကို အလေးအမြတ်ထားကြတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ ဆိုတဲ့ အနန္တငါးပါးစလုံးဟာ ဆရာဆိုတဲ့ ပုဂ္ဂိုလ်တစ်ပါးထဲမှာ အားလုံးအကျုံးဝင်တယ်ကွဲ့"

"ဘယ်လိုအကျုံးဝင်တာလဲ ဘဘ"

"ဘုရားရှင်ရဲ့ ဂုဏ်တော်ကိုးပါးမှာ သတ္တမမြောက်ဂုဏ်တော်ဟာ 'သတ္တာဒေဝ မနုဿာနံ' မဟုတ်လား။ အဲဒီဂုဏ်တော်ရဲ့ အဓိပ္ပာယ်ကို သမီးသိမှာပေါ့"

"ဟုတ်ကဲ့။ နတ်လူသတ္တဝါတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားလို့ အဓိပ္ပာယ်ရပါတယ် ဘဘ"

"ဟုတ်တယ်။ ဘုရားရှင်ရဲ့ ဂုဏ်တော်တစ်ပါးဟာ နတ်လူသတ္တဝါတွေရဲ့ ဆရာဖြစ်ခြင်းပဲ။ စာပေတွေမှာ ဘုရားရှင်ကို 'သည်မြတ်စွာတို့ဆရာ' လို့ဖွဲ့တယ်။ ဘုရားဆုတောင်းတဲ့သူက 'သုံးလူ့ဆရာ ငါဖြစ်လို၏'လို့ ဆုတောင်းတယ်။ လူနတ်ဗြဟ္မာဆိုတဲ့ သုံးပါးကို လူသုံးပါးလို့ဆိုလိုတာပေါ့"

"နားလည်ပါပြီ ဘဘ"

"ဘုရားရှင် ပရိနိဗ္ဗာန်မစံခင် သံဃာတော်တွေကို မိန့်ကြားခဲ့တယ်။ ငါဘုရားပရိနိဗ္ဗာန်ပြုသွားရင် ငါဟောကြားတဲ့တရားတွေဟာ သင်တို့အတွက် ဆရာတွေ ဖြစ်လိမ့်မယ်လို့ မိန့်ကြားတာလေ။

**"ပညာသင်ကြားရေးနဲ့ ပတ်သက်ပြီး ထင်ရှားတာကတော့ စာသင်တိုက်၊ စာသင်ကျောင်းတွေရှိနေတာပဲ။ ပုဂံကျောက်စာတွေထဲမှာ အဲဒီဝေါဟာရတွေရှိတယ်။ အဲဒီကျောင်းတိုက်တွေမှာ စာပေပရိယတ္တိသင်ရတဲ့ ရဟန်းတွေကို စာသင်လို့ခေါ်တယ်။ စာသင်သားပေါ့။ ဒီတော့ ပုဂံခေတ်ပညာသင်ကြားရေးဟာ ဘုန်းတော်ကြီးကျောင်းတွေမှာ အရင်းခံတယ်လို့ ဆိုနိုင်တာပေါ့"**

ဒီတော့ တရားတော်ဟာလဲ ဆရာပဲပေါ့"

"ဟုတ်ကဲ့ပါ ဘဘ၊ သံဃာတော်တွေကရော"

"သံဃာအကြီးအကဲကို 'ဆရာတော်'လို့ခေါ်တာပဲကြည့်လေ။ ဆရာရင်း ဒကာရင်းဆိုတဲ့အသုံးလဲရှိတယ်။ ရှေးကရော၊ ခုခေတ်ရော သံဃာတော်တွေကို ကပ်လှူတဲ့ဘွဲ့တွေမှာ 'ဂုရု'ဆိုတဲ့ ပါဠိစကားပါတယ်။ 'ရာဇဂုရု'၊ 'မဟာရဋ္ဌဂုရု' စသည်ဖြင့်ပေါ့။ 'မင်းဆရာ'၊ 'တိုင်းပြည်ရဲ့ ဆရာ'ဆိုတဲ့ အဓိပ္ပာယ်ရတယ်လေ"

"သဘောပေါက်ပါပြီ ဘဘ"

"ကဲ– မိဘကျတော့ 'လက်ဦးဆရာ၊ မည်ထိုက်စွာသား၊ ပုဗ္ဗာစရိယ၊ မိနှင့်ဘ' လို့ဆိုတယ် မဟုတ်လား။ ဒါကြောင့် မိဘဟာလဲ ဆရာပဲလေ"

"ဆရာ့ရဲ့ ဂုဏ်ဟာ အနန္တငါးပါးစလုံး လွှမ်းခြုံနေတယ်ဆိုတာ အခုသမီးနားလည်ပါပြီ ဘဘ"

"ဆရာအကြောင်းပြီးတော့ တပည့်အကြောင်းပြောရမှာပေါ့။ တပည့်ဆိုတဲ့စကားကိုလဲ ပုဂံခေတ်ကျောက်စာတွေမှာ တွေ့နိုင်တာမို့ စာပေအရေးအသား မပေါ်ခင်ကတည်းက သုံးနေတဲ့စကားဖြစ်တယ်ဆိုတာ တွေးကြည့်နိုင်ပါတယ်"

"ဟုတ်ကဲ့ပါ"

"ပုဂံခေတ်ကျောက်စာမှာ တပည့်ကို 'တပေအ်'လို့ အရေးများတယ်။ 'တပည့်၊ တပည့်သား၊ တပည့်သားကြီး' ဆိုတဲ့ အသုံးတွေ တွေ့ရတယ်။ အဲ...'ဆရာ'ဆိုတဲ့ စကားလုံးရဲ့ ဇာစ်မြစ်ကို သေသေချာချာပြောနိုင်ပေမဲ့ 'တပည့်'ရဲ့ ဇာစ်မြစ်ကိုတော့ သေသေချာချာ မပြောနိုင်ဘဲ ဖြစ်နေတယ် သမီးရဲ့"

"ဩော်၊ ဟုတ်ကဲ့"

"ပုဂံခေတ်ရေးထုံး 'တပေအ်'ကနေ နောက်ပိုင်းမှာ 'တပည့်' ဖြစ်လာတာတော့ သေချာတာပေါ့။ ဒါပေမဲ့ 'တပေအ်'က ဘယ်စကားက ဆင်းသက်လာတယ်ဆိုတာကိုတော့ ဆရာကြီးဦးဖိုးလတ်လဲ ကြံဆရုံလောက်ပဲ ကြံဆနိုင်တယ်။ ပါဠိတို့၊ မွန်တို့မှာလဲ နီးစပ်တာမတွေ့ဘူး။ ဆရာကြီးဦးဖိုးလတ်ကတော့ မွန်ဂိုဘာသာ 'ရှဗိ'နဲ့ တရုတ်ဘာသာ 'တိဇု' တို့ပေါင်းပြီး 'တိဗိ'လို့ခေါ်ရာက တိပေအ်တို့၊ တပည့်တို့ ဖြစ်လာလေသလားလို့တွေးမိကြောင်း မိန့်ဆိုတယ်။ ဆရာကြီးကိုယ်တိုင်တောင် အခိုင်အမာ မပြောနိုင်သေးဘူးပေါ့ကွယ်။ 'ဒီပဲယင်း'ကို ရှေးက 'ထိပေအ်သျှင်'လို့ရေးတယ်။ တပည့်ရှင်သာမဏေဆိုတဲ့ အဓိပ္ပာယ်ပေါ့။ အသုံးနီးစပ်တာကို ဆရာကြီးကထုတ်ပြတာလေ"

"ဟုတ်ကဲ့ပါ"

"ကဲ– ဆရာရယ်၊ တပည့်ရယ်ရှိပြီဆိုတော့ စာသင်တဲ့အလုပ်လဲ အထင်အရှား ရှိနေပြီပေါ့။ ကျောက်စာတွေမှာ 'သင်ပုန်း'၊ 'ကံကူဆန်'၊ 'ပေ'၊ 'ပုရပိုက်' ဆိုတဲ့ စာရေးရာမှာ အသုံးပြုတဲ့ အသုံးအဆောင်တွေကို ဖော်ပြတဲ့ ဝေါဟာရတွေလဲ တွေ့ရတယ်။ သမီး 'ကံကူလက်လှည့်ဆရာ'ဆိုတဲ့ စကားကို သိမှာပေါ့"

"သိပါတယ် ဘဘ။ ကလေးကို စာစသင်ရင် ကံကူဆန်နဲ့ သင်ပုန်းပေါ်မှာ ဘယ်လိုရေးရမယ်ဆိုတာကို ကလေးရဲ့ လက်ကိုကိုင်ပြီး လက်တွေ့ သင်ပေးတဲ့ လက်ဦးဆရာပါ ဘဘ"

"အေး၊ ဒီတော့ ကလေးတွေကို စာစသင်တဲ့အခါ သင်ပုန်းပေါ်မှာ ကံကူဆန်နဲ့ရေးပြီး သင်ခဲ့ကြလိမ့်မယ်ဆိုတာ သိနိုင်တာပေါ့။ အဲ... သင်ပုန်းဆိုတာ ခုခေတ်မှာ ဘဘတို့မြင်တွေ့နေကြတဲ့ ကျောက်သင်ပုန်းကို ဆိုလိုတာမဟုတ်ဘူးနော်။ ကျောက်သင်ပုန်းက နောက်မှပေါ်တာ။ ရှေးကသုံးတဲ့သင်ပုန်းက သစ်သားနဲ့လုပ်တဲ့သင်ပုန်းကွဲ့"

"ဩော်... ဟုတ်ကဲ့ပါ"

"အခုအထိ ကျေးလက်တောရွာတချို့က ဘုန်းတော်ကြီးကျောင်းတွေမှာ အဲဒီသစ်သားသင်ပုန်းတွေရှိသေးတယ်။ ဘဘတို့ငယ်ငယ်က အညာဘက်မှာ ခဏသွားနေရင်း ဘုန်းတော်ကြီးကျောင်းမှာ သင်ပုန်းနဲ့ စာသင်ခဲ့ရသေးတယ်"

"ပြောပြပါ ဘဘ"

"သစ်သားသင်ပုန်းက ထောင့်မှန်စတုဂံပုံ လေးထောင့်သစ်သားပြားကြီးပဲ။ အလျားရှည်ရှည် အနံတိုတိုပေါ့။ အရွယ်လဲအမျိုးမျိုးရှိတယ်။ အနံတစ်ဖက်ထိပ်မှာ ခေါင်းကလေးရှိပြီး ကြိုးတပ်ထားတယ်။ အဲဒီကြိုးနဲ့ နံရံမှာ သင်ပုန်းကို ချိတ်ထားလို့ရတယ်"

"ဟုတ်ကဲ့"

"သင်ပုန်းမှာ စာမရေးခင် မီးသွေးမှုန့်နဲ့ထမင်းရည်ရောထားတဲ့ အရည်နဲ့ သင်ပုန်းကို သုတ်ရတယ်။ ခပ်ပျစ်ပျစ်ပေါ့။ ပြီးရင်နေလှန်းရတယ်။ ခြောက်ရင် ရေးလို့ရပြီပေါ့။ ကျောက်တံနဲ့ရေးလို့လဲရတယ်။ ရေးထားတဲ့စာကိုဖျက်ချင်ရင် ရေဆေးပြီးဖျက်ရတာပေါ့"

"ဟုတ်ကဲ့ပါ"

"စာစသင်ရင် ကကြီးခခွေး ဗျည်းတွေ သရတွေကို သင်ပုန်းမှာရေးသင်ရတယ် မဟုတ်လား။ သင်ပုန်းကြီးဆိုတဲ့ စကားနဲ့ဆက်စပ်နေတယ်"

"ဟုတ်တယ်နော် ဘဘ"

"ပညာသင်ကြားရေးနဲ့ ပတ်သက်ပြီး ထင်ရှားတာကတော့ စာသင်တိုက်၊ စာသင်ကျောင်းတွေရှိနေတာပဲ။ ပုဂံကျောက်စာတွေထဲမှာ အဲဒီဝေါဟာရတွေရှိတယ်။ အဲဒီကျောင်းတိုက်တွေမှာ စာပေပရိယတ္တိသင်ရတဲ့ ရဟန်းတွေကို စာသင်လို့ခေါ်တယ်။ စာသင်သားပေါ့။ ဒီတော့ ပုဂံခေတ် ပညာသင်ကြားရေးဟာ ဘုန်းတော်ကြီးကျောင်းတွေမှာ အရင်းခံတယ်လို့ ဆိုနိုင်တာပေါ့နော်"

"ဟုတ်တယ်နော် ဘဘ။ ခုခေတ်ကျောင်းတွေလို စာသင်ကျောင်းမျိုးတွေက ကိုလိုနီခေတ်ကျမှ ပေါ်တာမဟုတ်လားဟင်"

"ဟုတ်တယ်လေ။ အတန်းကျောင်းစနစ်က ကိုလိုနီခေတ်ကျမှ ပေါ်လာတာပါ။ ကျောင်းတွေ၊ တက္ကသိုလ်တွေဖြစ်လာတာပါ။ အရင်ကတော့ ဘုန်းတော်ကြီးကျောင်းတွေမှာပဲ စာသင်ပေးတာလေ။

"ဟုတ်ကဲ့ပါ"

"ဒီတော့ စာစသင်တဲ့လူငယ်တစ်ယောက်ကို ဘုန်းတော်ကြီးကျောင်းတွေမှာ ဘယ်လိုစာတွေသင်ပေးသလဲဆိုတာ လေ့လာဖို့ကောင်းတာပေါ့။ ဘဘငယ်ငယ်ကလဲ ဘုန်းတော်ကြီးကျောင်းမှာကော စာသင်ဖူးတယ်။ အဲဒီအတွေ့အကြုံနဲ့ဆက်စပ်ပြီးကြည့်ရင် ဘုန်းတော်ကြီးကျောင်းတွေမှာ အခြေခံအနေနဲ့ သင်ရတဲ့စာတွေက မှန်းလို့ရတာပေါ့"

"ဟုတ်ကဲ့ပါ"

"ဘဘငယ်ငယ်က ပုံနှိပ်ခေတ်ဖြစ်နေပြီဆိုတော့ ပုံနှိပ်စာအုပ်နဲ့ သင်ရတယ်။ ထင်ရှားတာကတော့ 'ဆယ်စောင်တွဲ'ပဲ "

"ဆယ်စောင်တွဲဆိုတာ ဘာတွေပါပါသလဲဘဘ"

"သင်ပုန်းကြီးကုန်လို့ စာဖတ်တတ်ပြီဆိုရင် ဆယ်စောင်တွဲ စာအုပ်သင်ရတယ်။ စာဆယ်မျိုးတွဲထားတာလေ။ မင်္ဂလသုတ်ရယ်၊ အပြင်အောင်ခြင်းရယ်၊ အတွင်းအောင်ခြင်းရယ်၊ ရတနာရွှေချိုင့်ရယ်၊ နမက္ကာရရယ်၊ လောကနီတိရယ်၊ ပရိတ်ကြီးရယ်၊ ပရိတ်ကြီး ၁၁ သုတ်ပေါ့။ အဲဒါက ခုနစ်မျိုးရှိသွားပြီး။ ကျန်တဲ့သုံးမျိုးက ပုတ္တောဝါဒဆုံးမစာတို့၊ လောကသာရဆုံးမစာတို့၊ ဖိုးသူတော်ဦးနုစကားပုံတို့ သင်ရတယ်"

"စိတ်ဝင်စားစရာပဲနော် ဘဘ။ သမီးတော့ လောကနီတိနဲ့ ပရိတ်ကြီးပဲသိတယ်။ ဆုံးမစာတွေတော့သိပါတယ်"

"ပုံနှိပ်ခေတ်ကျမှ သင်ရလွယ်အောင် ဆယ်စောင်တွဲဆိုပြီး စုစည်းတာလေ။ နှစ်စောင်တွဲတို့၊ ငါးစောင်တွဲတို့လဲ ရှိတယ်။ ဒီစာမျိုးတွေပါပဲ။ ပုံနှိပ်စက်မပေါ်ခင်ရှေးတုန်းကတော့ ဒီစာတွေကို သင်ပုန်းမှာရေးပြီး သင်မှာပေါ့။ အကျိုးကျေးဇူးကတော့ ပါဠိတွေကောင်းကောင်း ဖတ်တတ်သွားတာပဲ"

"ဟုတ်ကဲ့ပါ"

"ဒီအခြေခံတွေ သင်ပြီးရင်တော့ သဒ္ဒါဂြိုဟ်နဲ့သဒ္ဒါကိုသင်ရတယ်။ သဒ္ဒါဂြိုဟ်က အဘိဓမ္မတ္ထသင်္ဂဟဆိုတဲ့ အဘိဓမ္မာအချုပ်ပေါ့။ သဒ္ဒါကတော့ ကစ္စည်းသဒ္ဒါကျမ်းလို ပါဠိသဒ္ဒါပေါ့။ သဒ္ဒါဂြိုဟ်နဲ့သဒ္ဒါကတော့ တော်တော်အဆင့်မြင့်မှ သင်ရတာပါ။ နောက်တော့ ပရိယတ္တိစာပေ အမျိုးမျိုးသင်ရတာပေါ့။ ဒါတွေက မြန်မာ့ပညာရေးရဲ့အစ ဘုန်းတော်ကြီးကျောင်းတွေမှာ ပညာသင်ကြားတဲ့အကြောင်းပေါ့ကွယ်..."။ ။

---

# ဆီဆိုင်မြို့မဈေးအနောက်ဘက်လမ်း

# ကတ္တရာခင်းခြင်းလုပ်ငန်း

# ရာနှုန်းပြည့်ပြီးစီး

**ဆီဆိုင် ဧပြီ ၁၇**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့၌ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပမှုရှိစေရေးနှင့် ရပ်ကွက်နေပြည်သူများ၊ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများသွားလာရေး အဆင်ပြေစေရေးတို့အတွက် မြို့မဈေးအနောက်ဘက်လမ်း (စိန်ပန်းလမ်း) ကတ္တရာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးထန်ဒေါ်ငွတ်ထံမှ သိရသည်။

အဆိုပါလမ်းကို ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးဌာန၏ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၂ ဒသမ ၅၁၅ သန်းဖြင့် တင်ဒါအောင်မြင်သောကုမ္ပဏီကတာဝန်ယူဆောင်ရွက်ခဲ့ပြီး ကတ္တရာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ခွန်ရဲထွေး**

**(ဆီဆိုင်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၄ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နှစ်သစ်မင်္ဂလာပရိတ်တရားတော်နာယူခြင်း အခမ်းအနားကျင်းပ



နေပြည်တော် မေ ၁၇

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ နှစ်သစ်မင်္ဂလာပရိတ်တရားတော်နာယူခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက အဆိုပါဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် ခင်ပွန်းဒေါက်တာ အောင်ကျော်ဝင်း၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း / အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပျဉ်းမနားကိုးခန်းကြီးကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ သာသနဓဇ ဓမ္မာစရိယဝိနယဝိဒူ ဘဒ္ဒန္တ အာစိန္တ ထံမှ ငါးပါးသီလခံယူကာ ဆရာတော်သံဃာတော်များထံမှ ပရိတ်တရားတော်များနာယူသည်။

ယင်းနောက် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ကုသိုလ်ကောင်းမှုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေ၍ သာဓုအနုမောဒနာခေါ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူးပြုလုပ်သည့် ဇီဝိတဒါနငါးလွှတ်ပွဲနှင့် အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲကျင်းပ

**မန္တလေး မေ ၁၇**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူးကျင်းပသည့် မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲကို ယနေ့နံနက် ၈ နာရီတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မျက်နှာစာရှေ့ ကျုံးတောင်ဘက်ခြမ်း၌ လည်းကောင်း၊ ညနေ ၅ နာရီတွင် အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲကို မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးတွင် လည်းကောင်း ကျင်းပသည်။



မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို ဇီဝိတဒါနငါးလွှတ်ပွဲတွင် ငါးသားပေါက်များကို လွှတ်ပေးစဉ်။

ရှေးဦးစွာ ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ အဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များနှင့် မြို့တော်စည်ပင်ဝန်ထမ်းများက ဇီဝိတဒါနအဖြစ် ကျုံးအတွင်းသို့ ငါးသားပေါက်များကို လွှတ်ပေးကြသည်။

ယနေ့ပြုလုပ်သည့် ဇီဝိတဒါနငါးလွှတ်ပွဲတွင် အောင်မြေသာစံမြို့နယ် သရက်ကုန်းငါးလုပ်ငန်း ဦးစီးဌာန၊ ငါးသားပေါက်စခန်းမှ ငါးကြင်းနှင့်ငါးမြစ်ချင်း ငါးသားပေါက် အကောင်ရေတစ်သောင်းကို ဇီဝိတဒါနအဖြစ် လွှတ်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ညနေ ၅ နာရီတွင် အန္တရာယ်ကင်း ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲကို တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးဝင်းအတွင်းပြုလုပ်ရာ စံပယ်ရုံမိုးကုတ်ရိပ်သာ ပဓာနနာယက၊ မဟာကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ ကစ္စာယနအမှူးပြုသော ပင့်သံဃာများ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ကိုနှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ဝန်ထမ်းများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ စံပယ်ရုံမိုးကုတ်ရိပ်သာ၊ ပဓာနနာယက ဆရာတော်ထံမှ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ ချီးမြှင့်တော်မူသည့် နှစ်သစ်ကူးအန္တရာယ်ကင်း ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များအား တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး စံပယ်ရုံမိုးကုတ်ရိပ်သာ ပဓာနနာယကထံမှ အနုမောဒနာ ရေစက်ချတရား နာယူကြည်ညိုကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**သတင်းစဉ်**

# မအူပင်ခရိုင် တိုးမြစ်အတွင်း ဇီဝိတဒါနငါးများ စုပေါင်းလွှတ်

**မအူပင် မေ ၁၇**

မအူပင်ခရိုင် မအူပင်မြို့နယ်၏ ဇီဝိတဒါနစုပေါင်း ငါးလွှတ်ပွဲအခမ်းအနားကို မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် မအူပင်မြို့ တိုးမြစ်ကမ်းဘေးရှိ မင်းရောတံတား၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မအူပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့်အဖွဲ့များ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းဆန်းနှင့်အဖွဲ့များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပြီး မအူပင်တိုးမြစ်အတွင်းသို့ တလုပ်လုငါးလုပ်ငန်းစခန်းမှ နှစ်လက်မ အရွယ်ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၅၀၀၀၀ အား ဇီဝိတဒါန စုပေါင်းငါးလွှတ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုယ်ကျင့်သိက္ခာဆေးကောင်းဖြင့် ကုစားရုံမှတစ်ပါး အခြားမရှိ

**မောင်သောမန**

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သော ဧည့်သည်များက မြန်မာနိုင်ငံကို နေချင့်စဖွယ်ကောင်းသောနိုင်ငံဟု မှတ်ချက်ချခဲ့ကြဖူးသည်။ သာယာရှုမောဖွယ်ကောင်းသော သဘာဝ ပတ်ဝန်းကျင်၊ စိတ်နှလုံး ကြည်နူးအေးချမ်း တန်ဖိုးထားဖွယ်ရာ အဆင်းရှိသည့် စေတီ၊ ဘုရား၊ ကျောင်း၊ ကန်များနှင့် မြန်မာတိုင်းရင်းသားများ၏ မြတ်နိုးဖွယ်ရာ ယဉ်ကျေးမှု အစဉ်အလာ ဓလေ့ထုံးစံများမှာ ဧည့်သည်များ၏ ကျေနပ်ဖွယ်ရာမှတ်ချက်များ ဖြစ်စေခဲ့သည်။

**"မြန်မာနိုင်ငံတွင် ထေရဝါဒ အခြေခံအုတ်မြစ် အခိုင်အမာစိုက်ထူထားနိုင်ပြီလားဟုမေးလျှင် ခိုင်မာသင့်သလောက် ခိုင်မာသော်လည်း မပြိုပျက်လောက်အောင်တော့ မခိုင်မာသေးဟု ပြောရမည်ဖြစ်သည်။ ထေရဝါဒအုတ်မြစ် ခိုင်မာအောင်၊ မပြိုပျက်အောင် အားထုတ်ကြိုးပမ်းနိုင်မှ တန်ကာကျမည်ဟု ဆိုချင်ပါသည်။ မြန်မာနိုင်ငံသည် ကိုယ့်မင်းကိုယ့်ချင်းဘဝမှ တိုင်းတစ်ပါးလက်အောက် ကျရောက်ခဲ့ဖူးသည်။ တိုင်းတစ်ပါးလက်အောက်သို့ ကျရောက်ခဲ့ရာ၌ ခံစားရသော ဒဏ်ရာအမျိုးမျိုးတွင် ကိုယ်ကျင့်သိက္ခာယိုယွင်းသွားသည့် ဒဏ်ရာသည် များစွာပြင်းထန်ပါသည်"**

### ရှေးထုံးစဉ်လာမပျက်

လွန်ခဲ့သည့် နှစ်ပေါင်း ၂၆၀၀ ကျော်ကာလ ဗုဒ္ဓဘုရားရှင်ပွင့်တော်မူပြီးနောက် ပုဂံခေတ်မှစတင်၍ ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားခဲ့သည်။ ထေရဝါဒ ဗုဒ္ဓဘာသာကို ပြည်သူများက ယုံကြည်သက်ဝင်ကိုးကွယ်လျက်ရှိပြီး မြန်မာ့လူ့ဘောင် အသိုက်အဝန်းများတွင် ဗုဒ္ဓတရားတော် အဆုံးအမများနှင့်အညီ ငြိမ်းအေးချမ်းသာစွာ နေထိုင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် လူမျိုးပေါင်းစုံ ဘာသာပေါင်းစုံ အတူယှဉ်တွဲ နေထိုင်ကြသည်ဆိုသော်လည်း ရှေးထုံးစဉ်အလာမပျက် ဗုဒ္ဓဘာသာအဆုံးအမနှင့်အညီ ခံယူလာခဲ့ကြသည့် နိုင်ငံသူ၊ နိုင်ငံသားများ ဖြစ်ကြသည်။

မြန်မာနိုင်ငံသည် ထေရဝါဒ အခြေခံအုတ်မြစ်ကို ခိုင်မာစွာစိုက်ထူထားသော နိုင်ငံဖြစ်သည်။ သို့ကြောင့်ပင် ပုဂံခေတ်၌ အနော်ရထာမင်းမြတ်အား ဓမ္မဝိနယနှင့်အညီ မှန်ကန်စွာ လမ်းညွှန်နိုင်သော ရှင်အရဟံလို ရဟန်းတော်များ တွေ့ရှိရခြင်းဖြစ်သည်။ အနော်ရထာလို နိုင်ငံတော်ကို ဦးဆောင်နိုင်သော ခေါင်းဆောင်ကောင်းများ ပေါ်ထွက်လာခြင်းဖြစ်သည်။ မင်းအဖြစ် တင်မြှောက်ခံရပါလျက်နှင့် ငြင်းပယ်သော ကျန်စစ်သားလို သူရဲကောင်းများ တွေ့ရခြင်းဖြစ်သည်။ သူ့ကျေးဇူးကို အလွန်သိတတ်သော ရာဇကုမာရလို သူတော်ကောင်းများ တွေ့ရခြင်းဖြစ်သည်။

### နေလို လလိုထွန်းကား

ထိုသို့ အစဉ်အဆက်ရှိခဲ့သောကြောင့်လည်း ယနေ့ မြန်မာနိုင်ငံတော်၌ သာသနာတော် နေလိုလလို ထွန်းကားနေဆဲဖြစ်ပြီး ကျောင်းကန် ဘုရားနှင့် စေတီပုထိုးများအား အစဉ်မပြတ် တည်ထားကိုးကွယ်လျက်ရှိကာ ကြည်ညိုသဒ္ဓါပွားဖွယ် ရှုမြင်နိုင်ပါသည်။

မြန်မာနိုင်ငံသည် ဘာသာရေးအရ အစဉ်အလာကြီးမားသည့်နိုင်ငံဖြစ်သည်။ မိသားစု အဆွေအမျိုးတို့ကို ချစ်ခင်တွယ်တာတတ်သည်။ မိသားစုအပြင် သွေးမတူသူတို့ကိုလည်း ချစ်ခင်ညှာတာတတ်သည်။ ကမ္ဘာ့လူသားအားလုံးနှင့်တကွ သတ္တဝါတို့ကိုပါ သနားချစ်ခင်တတ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ဘာသာရေးအရ အစဉ်အလာကြီးမားသည့်နိုင်ငံဟု ဆိုလိုခြင်းဖြစ်သည်။ ယဉ်ကျေးမှုအရလည်း အစဉ်အလာကြီးမားသည်ကို လက်ရှိ ဖြစ်ထွန်းနေသော ဒြပ်ရှိ/ဒြပ်မဲ့ ယဉ်ကျေးမှုများက သက်သေခံလျက်ရှိသည်။ အသိဉာဏ်ပိုင်းဆိုင်ရာတွင် ဗုဒ္ဓတရားကို အခြေခံ တည်ဆောက်ခဲ့သောကြောင့် လောကပါလတရားများ၊ ဗြဟ္မစိုရ်တရားများထွန်းကားသော နိုင်ငံဖြစ်သည်။ ထို့ကြောင့်ပင် ထေရဝါဒ အခြေခံအုတ်မြစ်ကို ခိုင်ခိုင်မာမာ တည်ဆောက်ထားသော နိုင်ငံဖြစ်သဖြင့် သာသနာ့အာဇာနည်များ၊ ခေါင်းဆောင်ကောင်းများ၊ သူရဲကောင်းများ၊ သူတော်ကောင်းများ ပေါ်ထွန်းခဲ့ခြင်း ဖြစ်သည်ဟု ယုံကြည်နိုင်သည်။

### ယိုယွင်းသွားသည့်ဒဏ်

သို့ဖြစ်လျှင် **မြန်မာနိုင်ငံတွင် ထေရဝါဒ အခြေခံအုတ်မြစ် အခိုင်အမာ စိုက်ထူထားနိုင်ပြီလားဟုမေးလျှင် ခိုင်မာသင့်သလောက် ခိုင်မာသော်လည်း မပြိုပျက်လောက်အောင်တော့ မခိုင်မာသေးဟု ပြောရမည်ဖြစ်သည်။ ထေရဝါဒအုတ်မြစ် ခိုင်မာအောင်၊ မပြိုပျက်အောင် အားထုတ်ကြိုးပမ်းနိုင်မှ တန်ကာကျမည်ဟု ဆိုချင်ပါသည်။ မြန်မာနိုင်ငံသည် ကိုယ့်မင်းကိုယ့်ချင်းဘဝမှ တိုင်းတစ်ပါးလက်အောက် ကျရောက်ခဲ့ဖူးသည်။ တိုင်းတစ်ပါးလက်အောက်သို့ ကျရောက်ခဲ့ရာ၌ ခံစားရသော ဒဏ်ရာအမျိုးမျိုးတွင် ကိုယ်ကျင့်သိက္ခာယိုယွင်းသွားသည့်ဒဏ်ရာသည် များစွာ ပြင်းထန်ပါသည်။**

တိုင်းတစ်ပါးလက်အောက်မှ လွတ်မြောက်ပြန်သောအခါ မြန်မာ့ယဉ်ကျေးမှုနှင့် မဆီလျော်သည့် တိုင်းတစ်ပါးယဉ်ကျေးမှု အမျိုးမျိုးတို့ ခေတ်အလိုက် လွှမ်းမိုးမှု၊ ကူးစက်မှုများ ခံကြရပြန်သည်။ မင်းကောင်းမင်းမြတ်များ၊ ခေါင်းဆောင်ကောင်းများက ထေရဝါဒ အခြေခံအုတ်မြစ်ကို ခိုင်မာသထက်ခိုင်မာအောင်၊ မယိုင်လဲအောင် ဆောက်တည်ထားခဲ့သော်လည်း တိုင်းတစ်ပါးအငွေ့အသက်မကင်းသည့် ခေါင်းဆောင်များ လက်ထက်တွင်မူ ထေရဝါဒ အခြေခံအုတ်မြစ်သည် ယိုင်နဲ့လာခဲ့သည်။ အကျိုးဆက်မှာ အမျိုးသားယဉ်ကျေးမှု အစဉ်အလာများနှင့် ဂုဏ်သိက္ခာများ၊ ပြည်သူများ၏ ကိုယ်ကျင့်တရားနှင့် စာရိတ္တများ ကျဆင်းလာခြင်းဖြစ်ပါသည်။

### တရားသေမှတ်ထား

မြန်မာနိုင်ငံတွင် ကိုယ်ကျင့်သိက္ခာ စာရိတ္တ ယိုယွင်းမှုဒဏ်ကြောင့် ဗုဒ္ဓဘာသာဝင်ဖြစ်သူများသည်ပင် မေတ္တာတရားများ၊ ဗြဟ္မစိုရ်တရားများ၊ လောကကျင့်ဝတ်များ၊ လောကနီတိများ ခေါင်းပါးလာကြသည်ကို တွေ့ရမည်ဖြစ်သည်။ မိစ္ဆာဒိဋ္ဌိ ဝါဒသမားတို့၏ အမူအကျင့်အတိုင်း ကျင့်ကြံလာကြသည်ကို ယနေ့ မြင်တွေ့နေရပြီဖြစ်သည်။ မိစ္ဆာဒိဋ္ဌိဝါဒအရ အကျိုးရရှိမည်ဆိုလျှင် ဘာကိုပဲ လုပ်ရလုပ်ရ လုပ်ကြမည်သာဖြစ်သည်။ အခြားကိစ္စများတွင်လည်း ဤသို့ပင်ဖြစ်သည်။ အကြောင်းမှန်/မမှန်ကို အကျိုးနှင့် တိုင်းတာကြသည်။ အကယ်၍ လိုအပ်သော အကျိုးရနိုင်လျှင် အကြောင်းမှန်၍သာဖြစ်သည်ဟု တရားသေ မှတ်ထားကြသည်။ အကယ်၍ အဇာတသတ်လို အဖကိုသတ်၍ ထီးနန်းရလျှင် အဖသတ်ခြင်းသည် မှန်ကန်သည်ဟု ခံယူသော ဝါဒသဘောမျိုး ဖြစ်လာသည်။

ဤဝါဒအရ အသက်ရှင်နေသရွေ့ ကာလပတ်လုံး ဂုဏ်တွေ၊ သိက္ခာတွေ၊ ကိုယ်ကျင့်တရားတွေ၊ ပတ်ဝန်းကျင်တွေ၊ စည်းကမ်းဥပဒေတွေကို လိုက်နာစရာမလို။ အခြေအနေပေးလျှင် ပေးသလို ဆောင်ရွက်လာသည်။ သို့မှသာ လိုချင်တာကို မြန်မြန် ရနိုင်မည်။ လိုချင်တာရမှ ပန်းတိုင်ကိုရောက်မည့် ခံယူချက် ထားလာသည်။

လောကတွင် ဘနဖူး သိုက်တူးသူများရှိသည်။ သူတို့၌ စောင့်ထိန်းမှုမရှိ၊ သစ္စာဟူသည်မှာ ဝေလာဝေး။ ဘုရား မသိ၊ တရား မသိ၊ သံဃာမသိ၊ မိဘ၊ ဆရာသမားမှန်း မသိကြပေ။ ဤအယူအဆသည် ဗုဒ္ဓဘာသာသာမက လူ့လောက၌ မရှိကောင်းသောဝါဒ၊ အမြင်၊ အယူအဆ ဖြစ်သည်။ ဤဝါဒသည် ကိုယ်ကျင့်သိက္ခာကိုဖျက်ဆီးသော ဝါဒဖြစ်၍ ယင်းဝါဒ မြန်မာနိုင်ငံတွင် မထွန်းကားအောင် ဆောင်ရွက်ရန် တာဝန်ရှိသည်။ ကြိုးပမ်းရန် တာဝန်ရှိပါသည်။ တာဝန်ရှိသည့်အားလျော်စွာ ဆောင်ရွက်ကြရမည်ဖြစ်သည်။

### အမှားမှား အယွင်းယွင်း

ကိုယ်ကျင့်သိက္ခာပျက်စီးလာခြင်းသည် မိစ္ဆာဒိဋ္ဌိ အယူဝါဒသဘော ဖြစ်သည်။ မိစ္ဆာဒိဋ္ဌိမှိုင်းမိလျှင် ကြောက်မက်ဖွယ်ရာသာဖြစ်စေသည်။ မိမိတို့အယူဝါဒကိုသာယုံမှု စသည့် အလွဲအမှား ယုံမှုများသည် မိစ္ဆာအယူဖြစ်သည်။ ဒိဋ္ဌိသည်လည်း မှားမှားယွင်းယွင်း သိမြင်ခြင်းပင်ဖြစ်သည်။ ဤအသိအမြင် မှားနေခြင်းကိုပင် ယခုကာလ၌ အယူမှားဟု ဆိုကြသည်။ ဤဒိဋ္ဌိသည် "မရှိသည်ကို အရှိ၊ ရှိသည်ကို မရှိ၊ မဟုတ်သည်ကို အဟုတ်၊ ဟုတ်သည်ကို မဟုတ်"ဟု သိမြင်နေရုံသာမက **"သူ၏အမြင်က အမှန်၊ သူများအမြင်က အမှား" စွပ်စွဲတတ်သေးသည်။ အရက်မူးသမားဟူသည် ချစ်စရာကိုလည်း မုန်းတတ်သည်။ မုန်းစရာကိုလည်း ချစ်တတ်သည်။ စိတ်ဆိုးစရာ မဟုတ်သည်ကိုလည်း စိတ်ဆိုးတတ်သည်။ စိတ်ဆိုးစရာ ဟုတ်သည်ကိုလည်း စိတ်မဆိုးတတ်။ အားလုံး ကမောက်ကမ အမှားမှားအယွင်းယွင်း ဖြစ်သည်။**

ထို့အတူပင် လူ၌ နဂိုကတည်းက အာသဝတရားများ ရှိကြ၏။ အာသဝတရားများဟူသည်မှာ အရက်ပင်ဖြစ်သည်။ အာသဝတရား လေးပါး ရှိရာတွင် အရက်ကြောင့် အဝိဇ္ဇာသဝက – မဟုတ်ကို မဟုတ်မှန်း မသိရလေအောင် ဖုံး၏။ မဟုတ်ကို အဟုတ်အဖြစ် ထင်ရလေအောင် ဖော်၏။ ဒိဋ္ဌာသဝကသည် မဟုတ်ကို အဟုတ်အဖြစ်လည်းကောင်း၊ အဟုတ်ကို မဟုတ်အဖြစ်လည်းကောင်း မြင်၏။ ဤသို့ဖြင့် လူ၌ အမှောက်မှောက် အမှားမှား အမှန်မထင်သည့်တရားများ ရှိပြီဖြစ်၏။ ဤသို့ ရှိပြီးဖြစ်သည့်အထဲ အမှန်ဘဝသို့ မရောက်အောင်၊ အမှားဘဝမှ မလွတ်မြောက်အောင် နှောင့်ယှက်ဖျက်ဆီးမှုများလည်း ရှိသေးသည်။ ထိုနှောင့်ယှက်ဖျက်ဆီးမှုများနှင့်ပတ်သက်၍ ပြိတ္တာဘုံဘဝနှင့် ဥပမာပေးလိုပါသည်။

### မကျွတ်မလွတ်သည့်ဘဝ

မြန်မာ့ဓလေ့တွင် ကွယ်လွန်ပြီးသူ မိဘဆွေမျိုးများကို ရည်စူး၍ ကျန်ရစ်သူမိသားစုတို့က ဆွမ်းကျွေး တရားနာပြီးနောက် ကျွတ်အောင်၊ လွတ်အောင် အမျှပေးဝေကြသည်။ ကွယ်လွန်သူ ဆွေမျိုးက သာဓုခေါ်ကာ ဝမ်းမြောက်လျှင် ကွယ်လွန်သူမှာ လက်ငင်း အကျိုးရသည်။ မကျွတ်မလွတ်သည့် ငတ်မွတ်နေသော ပြိတ္တာတို့သည် ဆွမ်းကျွေး အမျှဝေသည်ကို သာဓုခေါ်လျှင် အစာကောင်းရ၏။ အဝတ်လှူ၍ အမျှဝေလျှင် အဝတ်မရှိသည့်ပြိတ္တာမှာ အဝတ်အစားရ၏။ ကံအကျိုးပေးရှိလျှင် ပြိတ္တာဘဝမှကျွတ်လွတ်၍ ကောင်းသည့်ဘဝသို့ရောက်၏ဟု ကျမ်းဂန်တို့၌ တွေ့ရ၏။ ကွယ်လွန်သူ ချမ်းသာစေရန်၊ ကျွတ်လွတ်စေရန် ရည်မှန်း၍ ကျန်ရစ်သူတို့က အမျှပေးဝေရာ၌ အနှောင့်အယှက်လည်း ပေးတတ်ကြသည်။ *စာမျက်နှာ ၂၃ သို့*

**"ကိုယ်ကျင့်သိက္ခာပျက်စီးလာခြင်းသည် မိစ္ဆာဒိဋ္ဌိ အယူဝါဒသဘော ဖြစ်သည်။ မိစ္ဆာဒိဋ္ဌိမှိုင်းမိလျှင် ကြောက်မက်ဖွယ်ရာသာဖြစ်စေသည်။ မိမိတို့အယူဝါဒကိုသာယုံမှု စသည့် အလွဲအမှား ယုံမှုများသည် မိစ္ဆာအယူဖြစ်သည်။ ဒိဋ္ဌိသည်လည်း မှားမှားယွင်းယွင်း သိမြင်ခြင်းပင် ဖြစ်သည်။ ဤအသိအမြင် မှားနေခြင်းကိုပင် ယခုကာလ၌ အယူမှားဟု ဆိုကြသည်။ ဤဒိဋ္ဌိသည် 'မရှိသည်ကို အရှိ၊ ရှိသည်ကို မရှိ၊ မဟုတ်သည်ကို အဟုတ်၊ ဟုတ်သည်ကို မဟုတ်'ဟု သိမြင်နေရုံသာမက 'သူ၏အမြင်က အမှန်၊ သူများအမြင်က အမှား' စွပ်စွဲတတ်သေးသည်။ အရက်မူးသမားဟူသည် ချစ်စရာကိုလည်း မုန်းတတ်သည်။ မုန်းစရာကိုလည်း ချစ်တတ်သည်။ စိတ်ဆိုးစရာမဟုတ်သည်ကိုလည်း စိတ်ဆိုးတတ်သည်။ စိတ်ဆိုးစရာ ဟုတ်သည်ကိုလည်း စိတ်မဆိုးတတ်။ အားလုံး ကမောက်ကမ အမှားမှားအယွင်းယွင်းဖြစ်သည်"**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ



တောင်ငူမြို့ တပ်မတော်ဆေးရုံ၌ ဒေသခံပြည်သူများအား ဆေးဝါးကုသပေးစဉ်။

**နေပြည်တော် ဧပြီ ၁၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား ပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၄၃၇၂၈ ဦး၊ အတွင်းလူနာ ၃၉၆၈ ဦးကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၆၈၀၆ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၃၅၃၂ ဦး၊ စုစုပေါင်း ၁၀၃၃၈ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားလူနာ ၃၅၃၉ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၅၄၉၉ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိကလေးငယ် ၉၀၉၂ ဦးကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့်လူနာစောင့်များနေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၈ မှ*

အဆိုပါအမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင်ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်း ပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်းမဆို တာဝန်ကျရာ ဆေးရုံများ၌ CDM လှုပ်ရှားမှုတွင် ပါဝင်ကာ မူလတာဝန်များထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများသို့ သွားရောက်၍ အခကြေးငွေရယူ ဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိက ဆေးရုံ/ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်သည်။

**သတင်းစဉ်**



ဒေါက်တာ ကျော်မင်းထွန်း(ဖားကန့်မြို့၊ ပြည်သူ့ဆေးရုံ ခုတင်-၅၀) ဆေးကုသနေသည့် ဆေးခန်းမှတ်တမ်းပုံ



ဒေါက်တာ ကျော်မင်းထွန်း



ဒေါက်တာ မျိုးခန့်ကိုကို (ခွဲစိတ်ဆရာဝန် ၊ လှိုင်ကော်ပြည်သူ့ဆေးရုံ)အား ဆေးကုသခွင့်ပေးထားသည့် "မြင့်" အထူးကုဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ မျိုးခန့်ကိုကို

*စာမျက်နှာ ၂၂ မှ*

ကွယ်လွန်သူကို ကျန်ရစ်သူတို့က လှူဒါန်းရာ၌ အလှူခံပုဂ္ဂိုလ်သည် သီလစင်ကြယ်ဖို့ အရေးကြီးလှ၏။ ရှေးက ဒုသီလရဟန်း (သီလမရှိသောရဟန်း)အား လှူဒါန်းအမျှဝေရာ သုံးကြိမ်တိုင်အောင် လှူဒါန်းအမျှပေးဝေသော်လည်း "ငါ့ဥစ္စာကို ဒုသီလကြီး လုယူနေပါတယ်"ဟု ဆွေမျိုးပြိတ္တာများ အော်ဟစ်ကြသည်ကို ကြားဖူးသည်။ ထို့နောက် သီလပြည့်စုံသော ရဟန်းအား လှူဒါန်းအမျှပေးဝေမှသာ ကုသိုလ်အဖို့ကို ပြိတ္တာက ရသည်ဟု အဋ္ဌကထာတွင် ဆိုထားသည်။ ဤသို့ အမျှပေးဝေရာတွင် ကွယ်လွန်သူက အိမ်၏အနီးအပါး၌ ပြိတ္တာဖြစ်နေမှသာ သာဓုခေါ်နိုင်၍ အမျှရနိုင်သည်ကိုလည်း သိထားသင့်သည်။

**အမှန်ဘဝသို့မရောက်နိုင်**

ပြိတ္တာဘဝတွင်လည်း အင်အားကြီးပြိတ္တာ၊ အင်အားငယ်ပြိတ္တာ၊ အရင်ဖြစ်သည့်၊ နောက်ကျမှဖြစ်သည့် ပြိတ္တာများ ရှိတတ်ပြီး အားကြီးသူ၊ အရင်ဖြစ်သူ ပြိတ္တာတို့က အားနည်းသူ၊ နောက်ကျမှဖြစ်သူ ပြိတ္တာတို့အား အဝေးသို့မောင်းထုတ်၍လည်းကောင်း၊ သာဓုခေါ်သံ မကြားရအောင် ပိတ်ဖုံး၍လည်းကောင်း အမျှဝေ လှူဒါန်းမှုမရအောင် ဟန့်တားကြသည်များလည်း ရှိသည်။ ပြိတ္တာလက်သစ်အချို့တွင် မကွယ်လွန်မီက "ဒီမိုကရေစီရမှ အမျှဝေပါ" ကတိစကားကြောင့် အမျှမရကြသူတို့လည်း ရှိသေးသည်။ လူဘဝတွင် အမြင်မှား၊ အယူမှား၊ အမှန်မသိသော အမှားအယွင်းများ ရှိကြသလို ပြိတ္တာများအပါအဝင် အပါယ်လေးဘုံသားများ ဘဝတွင်လည်း အသိမှား အမြင်မှား၊ နှိပ်စက် အနိုင်ကျင့်မှုများနှင့် အမှန်ဘဝသို့ မရောက်နိုင်သည့် အမှောင့်မျိုးစုံ ရှိကြသည်ကို သိအပ်ပေသည်။

ထိုသို့ အယူဝါဒလွဲမှားပြီး ပြိတ္တာများ၏ အဖြစ်ကဲ့သို့ အမှန်ကို အမှန်အတိုင်း မသိနိုင်သော အမှောင်ဖုံးမှုများ ကြုံတွေ့နေရပြီ။ အမှန်ကို အမှန်အတိုင်း မသိသည်နှင့် ကိုယ်ကျင့်သိက္ခာလည်း ပျက်စီးလွယ်ပေပြီ။ အခြေခံခိုင်မာခဲ့သော ထေရဝါဒအုတ်မြစ် ယိုင်နဲ့လာခဲ့ပြီ။ ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း ရဟန်းသံဃာတော်များအနေဖြင့် ဘာသာရေးနှင့်ပတ်သက်၍ စိတ်မချမ်းမြေ့မှုများ ဖြစ်ပေါ်ခဲ့ရသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာကိုးကွယ်မှု ၈၇ ရာခိုင်နှုန်းရှိပြီး ဂုဏ်ထူးဝိသေသနှင့်လျော်ညီသည့် ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

**ပြန်လည်တည့်မတ်ပေး**

**ယခုအခါ မိမိတို့နိုင်ငံရှိ လူငယ်အများစု ကိုယ်ကျင့်သိက္ခာ ယဉ်ကျေးမှု ပျက်ပြားလာသည့်အချိန်တွင် အမှန်ဘဝသို့ မရောက်နိုင်သည့် အမှောင်ဖုံးသည့် ဝါဒမှိုင်းများ လွှမ်းခြုံလာသောကြောင့် လူဆိုး၊ လူကောင်း မခွဲခြားနိုင်သည့် တိုင်းဆူပြည်ဖျက် အလုပ်များကိုပင် လုပ်ရဲကိုင်ရဲ ရှိလာပြီဖြစ်သည်။ အမှားအမှန်မခွဲခြားနိုင်သည့် အဝိဇ္ဇာ ဖုံးအုပ်လာသောအခါ မိမိ၏မိဘကိုပင် စွန့်လွှတ်ကြောင်းကြေညာခြင်း၊ စော်ကားခြင်း၊ ရဟန်းသံဃာများနှင့် ဆရာသမားများအား ရိုင်းစိုင်းစွာစော်ကားခြင်းများအထိ ပြုလုပ်လာသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် မိမိတို့နိုင်ငံရှိ လူငယ်များ စာရိတ္တကောင်းမွန်ရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်စေရေး ပြန်လည်တည့်မတ်ပေးရန် အရေးတကြီးလိုအပ်နေပြီဖြစ်သည်။**

ကိုယ်ကျင့်သိက္ခာ စာရိတ္တ ယိုယွင်းသွားသည့်ဒဏ်ကို ကုစားရာ၌ ထေရဝါဒဆိုင်ရာ ကိုယ်ကျင့်သိက္ခာတည်ဆောက်မှုတည်းဟူသော ဆေးကောင်းဖြင့် ကုစားရုံမှတစ်ပါး အခြားကုစားနည်းဟူ၍ ရှိကောင်းမည်မဟုတ်ဟု ဆိုချင်ပါသည်။ ။

**"ယခုအခါ မိမိတို့နိုင်ငံရှိ လူငယ်အများစု ကိုယ်ကျင့်သိက္ခာ ယဉ်ကျေးမှု ပျက်ပြားလာသည့်အချိန်တွင် အမှန်ဘဝသို့မရောက်နိုင်သည့် အမှောင်ဖုံးသည့်ဝါဒမှိုင်းများ လွှမ်းခြုံလာသောကြောင့် လူဆိုး၊ လူကောင်း မခွဲခြားနိုင်သည့် တိုင်းဆူပြည်ဖျက် အလုပ်များကိုပင် လုပ်ရဲကိုင်ရဲ ရှိလာပြီဖြစ်သည်။ အမှားအမှန် မခွဲခြားနိုင်သည့် အဝိဇ္ဇာ ဖုံးအုပ်လာသောအခါ မိမိ၏မိဘကိုပင် စွန့်လွှတ်ကြောင်း ကြေညာခြင်း၊ စော်ကားခြင်း၊ ရဟန်းသံဃာများနှင့် ဆရာသမားများအား ရိုင်းစိုင်းစွာ စော်ကားခြင်းများအထိ ပြုလုပ်လာသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် မိမိတို့နိုင်ငံရှိလူငယ်များ စာရိတ္တကောင်းမွန်ရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်စေရေး ပြန်လည်တည့်မတ်ပေးရန် အရေးတကြီး လိုအပ်နေပြီဖြစ်သည်"**

# အာဃာတ အမုန်းတရားများ ကုန်ဆုံးသည့်တစ်နေ့

## စာချစ်သူ

**အာဃာတ အမုန်းတရားများ**

တစ်နေ့က ဆွေမျိုးတော်စပ်သူ အစ်မတစ်ဦး အိမ်အလည်ရောက်လာသည်။ မတွေ့ရသည်မှာကြာပြီမို့ ဝမ်းသာအယ်လဲဖြစ်ရသည်။ ဆွေမျိုးရင်းချာတွေ အာလာပ သလ္လာပ စကားစမြည် ပြောကြ ဆိုကြရသည်မှာ ကြည်နူးစရာကောင်းလှပေသည်။

သို့တစေ ပြောရင်းဆိုရင်း လက်ရှိ မြန်မာ့နိုင်ငံရေးနယ်ထဲသို့ စကားတွေကျွံသွားတော့ သူ၏မျက်နှာသည် အရောင်ပြောင်းသွားလေသည်။ ရဲရဲတောက် နီမြန်းလာသည်။ အမြင်တွေ မတူကွဲပြား ခြားနားလေသောအခါ သူ၏မျက်နှာနှင့် လေသံသည် ထန်လာ၏၊ မာန်လာ၏။ လက်သီးလက်မောင်းတွေ တန်းလာ၏။ သူ့ရင်ထဲက အမုန်းတရားများကား ကြောက်ခမန်းလိလိ။ အံ့ဩဖို့ကောင်းသည်မှာ သူရို့တစ်တွေသည် ပုံစံကျတစ်ပုံစံတည်း ဖြစ်နေသည်။ ဆွေမျိုးအရင်းအချာများပေမို့ တော်ပါသေး၏။

"အမုန်းတရားများ"။ ထိုအာဃာတ အမုန်းတရားများကား မြန်မာပြည်၏ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပိတ်ဆို့နေသော အကြောင်းအရာတစ်ခု ဖြစ်သကဲ့သို့ အေးချမ်းသာယာသော မြန်မာပြည်ကို မီးတောက်မီးလျှံများအဖြစ် အဆက်မပြတ်တောက်လောင်ကျွမ်းနေစေရန် မီးထိုးပေးနေသော မီးစာတစ်ခုလည်း ဖြစ်နေသည်။

နိုင်ငံရေး၊ လူမျိုးရေး၊ အယူဝါဒ အမျိုးမျိုးနှင့် ဂိုဏ်းဂဏ အုပ်စုတိုက်ပွဲများမှတစ်ဆင့် ဖြစ်တည်လာခဲ့သော ထိုအာဃာတ အမုန်းတရားများကြောင့် မြန်မာပြည်သည် စိန်ခေါ်မှုများ၊ အခက်အခဲ အကျပ်အတည်းများနှင့် မကြာခဏဆိုသလို ရင်ဆိုင်ကြုံတွေ့ခဲ့ရလေသည်။

**လွတ်လပ်ရေးရပြီးနောက် ပုန်ကန်မှုများ**

၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် လွတ်လပ်ရေးရပြီး မကြာမီ မတ်လ ၂၈ ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီသည် တောခိုလေတော့သည်။ ဧပြီ ၂ ရက်က ဖြစ်ပွားခဲ့သော ပဲခူးခရိုင် ပေါက်ကုန်းကြီးတိုက်ပွဲမှ ပေါ်ထွက်လာသော သေနတ်သံသည် မြန်မာနိုင်ငံ ပြည်တွင်းစစ်၏ ကနဦး တံခါးခေါက်သံ ဖြစ်လာသည်။

ကွန်မြူနစ်တို့ တောခိုကြသောအခါ ပြည်သူ့ရဲဘော်တို့သည်လည်း မတည်မငြိမ် ဖြစ်လာသည်။ ပြီးတော့ ကရင်အမျိုးသားသမဂ္ဂ(ကေအင်ယူ)နှင့် ၎င်း၏ လက်နက်ကိုင်အဖွဲ့ဖြစ်သော ကရင်အမျိုးသား ကာကွယ်ရေးအဖွဲ့ (ကေအင်ဒီအို)တို့သည်လည်း လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။ ကေအင်ယူတို့သည် ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အင်းစိန်မြို့ကို သိမ်းပိုက်လိုက်ခြင်းအားဖြင့် အစိုးရကို ပေါ်ပေါ်ထင်ထင်ပင် ပုန်ကန်လာကြသည်။ ဇန်နဝါရီ ၂ ရက်တွင် တောင်ငူမြို့နှင့် ဖေဖော်ဝါရီ ၄ ရက်တွင် ပြည်မြို့ကို အတိအလင်း ထပ်မံ သိမ်းပိုက်လိုက်ကြပြန်သည်။

ထို့နောက် မော်လမြိုင်၊ သထုံ၊ ညောင်လေးပင်၊ တောင်ငူ၊ မိတ္ထီလာ၊ မန္တလေး၊ ပခုက္ကူ၊ မြင်းခြံ၊ ရေနံချောင်း၊ မင်းဘူး၊ မကွေး၊ ပြည်နှင့် မြစ်ဝကျွန်းပေါ်မှ မြို့ကြီးအချို့တို့သည်လည်း သူပုန်တို့လက်တွင်း သက်ဆင်းခဲ့ရပြန်သည်။ ပုသိမ်မြို့ကြီးကိုပင် သူပုန်တို့သည် နာရီပိုင်းမျှ သိမ်းပိုက်နိုင်ခဲ့သည်။

**ရင်မြေကတုတ် တွန်းလှန်ခုခံခဲ့ရ**

ဖဆပလအစိုးရ၏ အာဏာစက်သည် ရန်ကုန်၊ ပဲခူး၊ သာစည်၊ စစ်ကိုင်း၊ ရွှေဘို၊ မြစ်ကြီးနားနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ အနည်းငယ်သော ခရိုင်မြို့ကြီးများတွင်သာ ရှိတော့လေသည်။ တပ်မတော်သည် မိမိထက် အဆမတန် များပြားလှသော ရောင်စုံသူပုန်တို့အား လှေခွက်ချည်းကျန် အလံမလှဲ စိတ်ဓာတ်ဖြင့် ရင်မြေကတုတ် တွန်းလှန်ခုခံနေကြရသည်။

"၁၉၄၈ ခုနှစ်၊ ၁၉၄၉ ခုနှစ်ပိုင်းမှာ ဆိုလို့ရှိရင် ဒို့မှာ စဖွဲ့ကတည်းကိုက တပ်ရင်း ဆယ်ရင်းနဲ့ အဲဒီအတွက်သာ ဒို့မှာ လက်နက်ရှိတယ်။ နည်းနည်းပါးပါးပဲ ရှိတယ်။ ရေတပ်၊ လေတပ်ဆိုတာဟာ လေယာဉ်ပျံက တိုင်းဂါးမောက်နဲ့ ချစ်မန်ခ်တို့ ဒီလောက်ပဲရှိတယ်။ ရေတပ်မှာလည်းပဲ 'မေယု' တစ်စင်းတော့ ရှိတာပေါ့လေ။ ကြီးကြီးထဲက၊ ကျန်တာတွေကတော့ အမ်အယ် ရှစ်စင်းလား၊ ဆယ်စင်းလား ဒါပဲရှိတယ်။ ရေတပ်တို့ လေတပ်တို့ဆိုတာကတော့ ဒို့မှာ တိုးဖို့ငွေလည်းမရှိ၊ ရှိတာနဲ့ပဲ တိုက်ကြတယ်"ဟု ဗိုလ်ချုပ်ကြီးနေဝင်းက ၁၉၆၈ ခုနှစ် စက်တင်ဘာလက ကျင်းပခဲ့သော တပ်မတော် တပ်မှူးများညီလာခံတွင် သတိတရ ပြန်ပြောင်းပြောဆိုခဲ့လေသည်။

တပ်မတော်သည် ထိုသို့ လူအင်အား၊ လက်နက်အင်အား ချို့တဲ့နည်းပါးလှသည့်ကြားက ရောင်စုံသူပုန်များအား အကြိတ်အနယ် ပြန်လည်ခုခံနေခဲ့ရာမှ တစ်စတစ်စ တန်ပြန်ထိုးစစ်ကို ဆင်နွှဲနိုင်ခဲ့လေသည်။

**ဆုံးရှုံးမှုတန်ဖိုး ကြီးမားခဲ့**

အသက်ပေါင်းများစွာပေးဆပ်၍ ၁၉၄၉ ခုနှစ်အတွင်း ရန်သူတို့လက်မှ မိတ္ထီလာ၊ မေမြို့ (ပြင်ဦးလွင်)၊ အင်းစိန်၊ မန္တလေး၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း၊ ရေနံချောင်း၊ တွံတေး၊ သထုံ၊ မလှိုင်၊ သာယာဝတီ၊ လက်ပံတန်း၊ လားရှိုး၊ သိန္နီ၊ လှိုင်လင်၊ သုံးခွ၊ ခရမ်း၊ ညောင်တုန်း၊ တောင်ကြီး၊ ခနေ့ဖြူနှင့် စဘူးတောင်မြို့များကိုလည်းကောင်း၊ ၁၉၅၀ ခုနှစ်အတွင်း ကျောက်ပန်းတောင်း၊ ကွမ်းလုံ၊ ပြွန်တန်ဆာ၊ ညောင်လေးပင်၊ ဖြူးနှင့် တောင်ငူမြို့များကိုလည်းကောင်း ပြန်လည်သိမ်းပိုက်နိုင်ခဲ့လေသည်။

သို့တစေ **လွတ်လပ်စ မြန်မာပြည်၏ ဆုံးရှုံးမှုတန်ဖိုးက ကြီးမားလွန်းလှပေသည်။ အမေရိကန်**

**"လွတ်လပ်စမြန်မာပြည်၏ ဆုံးရှုံးမှုတန်ဖိုးက ကြီးမားလွန်းလှပေသည်။ အမေရိကန် စာရေးဆရာကြီး ရစ်ချတ်ဘတ်ဝဲလ်က '၁၉၄၈၊ ၄၉၊ ၅၀ ခုနှစ်များအတွင်း မြန်မာပြည်သည် ပြည်တွင်းစစ်ကြောင့် စိုက်ပျိုးနိုင်သော မြေဧရိယာ၏ ၃၅ ရာခိုင်နှုန်းတို့ ကောခဲ့ရသည်။ လူဦးရေ သုံးသန်းခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြရသည်။ ပြည်သူပြည်သား ၂၂၀၀၀ နှင့် အစိုးရဘက်မှ စစ်ဘက်နယ်ဘက် အမှုထမ်းပေါင်း ၅၇၀၀ တို့ အသက်ဆုံးရှုံးကြရသည်။ ပြည်သူပိုင်ပစ္စည်းတန်ဖိုး ဒေါ်လာ ငါးသန်း၊ ပြည်သူပြည်သားတို့၏ ကိုယ်ပိုင်အိုးအိမ်ပစ္စည်း တန်ဖိုး ဒေါ်လာ ၉၅ သန်း ဆုံးရှုံးခဲ့ရသည်'ဟု သူ၏စာအုပ်တွင် ဖော်ပြခဲ့လေသည်"**

**စာရေးဆရာကြီး ရစ်ချတ်ဘတ်ဝဲလ်က "၁၉၄၈၊ ၄၉၊ ၅၀ ခုနှစ်များအတွင်း မြန်မာပြည်သည် ပြည်တွင်းစစ်ကြောင့် စိုက်ပျိုးနိုင်သော မြေဧရိယာ၏ ၃၅ ရာခိုင်နှုန်းတို့ ကောခဲ့ရသည်။ လူဦးရေ သုံးသန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရသည်။ ပြည်သူပြည်သား ၂၂၀၀၀ နှင့် အစိုးရဘက်မှ စစ်ဘက်နယ်ဘက် အမှုထမ်းပေါင်း ၅၇၀၀ တို့ အသက်ဆုံးရှုံးကြရသည်။ ပြည်သူပိုင်ပစ္စည်းတန်ဖိုး ဒေါ်လာ ငါးသန်း၊ ပြည်သူပြည်သားတို့၏ ကိုယ်ပိုင်အိုးအိမ်ပစ္စည်း တန်ဖိုး ဒေါ်လာ ၉၅ သန်း ဆုံးရှုံးခဲ့ရသည်"ဟု သူ၏စာအုပ်တွင် ဖော်ပြခဲ့လေသည်။**

**သံဝေဂ မယူနိုင်**

သို့ရာတွင် မြန်မာ့နိုင်ငံရေး ခေါင်းဆောင်များနှင့် တိုင်းရင်းသားလူမျိုးစု ခေါင်းဆောင်များသည် နိုင်ငံရေးသံဝေဂရယူနိုင်ခြင်း မရှိခဲ့ပေ။ အံ့ဩဖွယ်ကောင်းသည်မှာ နိုင်ငံရေးသမားအချို့သည် ဂိုဏ်းဂဏစိတ်ကို အခြေခံသော ထိုအာဃာတ အမုန်းတရားများကို မျိုးဆက် အဆက်ဆက်ထံ လွှဲပြောင်းဆက်ခံစေခဲ့ပြန်သည်။

ပြည်တွင်း ပြည်ပ မီဒီယာအချို့နှင့် ဂျာနယ်လစ်ဟုဆိုကြသူ အချို့တို့မှာလည်း ဆင်ခြင်တုံတရားကင်းမဲ့စွာ အတိတ်ကဖြစ်ပေါ်ခဲ့ဖူးသော နိုင်ငံရေးအကျပ်အတည်းများ၊ နိုင်ငံရေးပဋိပက္ခ အရေးအခင်းများကို ပြန်ပြောင်းလက်ညှိုးထိုး၍ ဘာနေ့ ညာနေ့၊ ဘာအခမ်းအနား ညာအခမ်းအနားဟုဆိုကာ အစဉ်တစိုက် လှုံ့ဆော်ဖော်ပြလေ့ရှိကြပြန်သည်။ သူတို့သည် အမျိုးသားရင်ကြားစေ့ရေးကို ဦးတည်ကြရမည့်အစား အမာရွတ်၊ အနာဟောင်းကို အသစ်တစ်ဖန် ပြန်လည်တူးဆွ၍ မြန်မာ့အနာဂတ်ကို အဆိပ်ခတ်မြဲ၊ ခတ်ဆဲ၊ ခတ်ပြီးရင်း ခတ်နေကြလေသည်။

ပစ္စက္ခကာလတွင်လည်း အမြော်အမြင်နည်းပါးသူ နိုင်ငံရေးသမားအချို့သည် လက်ရှိ မြန်မာ့နိုင်ငံရေးအပြောင်းအလဲ ဖြစ်စဉ်နှင့်ပတ်သက်၍ မျိုးဆက်သစ် လူငယ်ထုကိုသာမက အနာဂတ်၏ အညွန့်အဖူးများဖြစ်ကြသည့် ကလေးသူငယ်များကိုပင်မချန် ထို အာဃာတ အမုန်းတရားများကို မျိုးစေ့ကြဲချကာ သွေးထိုးလှုံ့ဆော်နေကြပြန်သည်။

တစ်ဖက်တွင်လည်း လူငယ်တို့၏ လူငယ်ဘာဝ စွန့်လွှတ်စွန့်စားလိုစိတ်၊ မဟုတ်မခံသောစိတ်၊ လောကကြီးကို စူးစမ်းလိုစိတ်၊ တက်ကြွသောစိတ်တို့ကို အခွင့်ကောင်းယူ၍ လက်နက်ကိုင်တော်လှန်ရေးလမ်းကြောင်းဆီသို့ တွန်းပို့လျက်ရှိပြန်သည်။

**အမုန်းတရားများ ကုန်ဆုံးသည့်တစ်နေ့**

ထို အာဃာတ အမုန်းတရားများကား ဘယ်တော့ ကုန်ဆုံးလေမည်နည်း။ ဘယ်သောအခါမှ လွန်မြောက်နိုင်မည်နည်း။ ထို အာဃာတ အမုန်းတရားများ ကုန်ဆုံးသည့်တစ်နေ့ . . .

မြန်မာ့သမိုင်းတွင် မကြုံစဖူး ထူးထူးကဲကဲဟု ဆိုရမည့် ပြည်သူ့အရေးတော်ပုံပါတီ၊ ဗမာ့ တပ်မတော်၊ ကွန်မြူနစ်ပါတီ၊ အာရှလူငယ်တို့နှင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားတို့၏ စုစည်းညီညွတ်မှု အားမာန်အပြည့်ဖြင့် ဆင်နွှဲခဲ့ကြသော မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု ခေတ်ကာလကဲ့သို့ တစ်တိုင်းပြည်လုံး သွေးစည်းညီညွတ်လာနိုင်မည့်တစ်နေ့ . . .

**အမျိုးသားရင်ကြားစေ့ရေး အမှန်တကယ် ဖြစ်တည်လာသည့်တစ်နေ့ဝယ် . . .**

**ရေခံမြေခံနှင့် အခွင့်အလမ်းကောင်းများ လက်ဝယ်ရှိနေသော မြန်မာသည် ဒေသတွင်း၌ နောက်ထပ် ကျားတစ်ကောင်အဖြစ် ထွက်ပေါ်လာပါလိမ့်မည်။ အားမာန်အပြည့်ဖြင့် နိုးထ ဟစ်ကြွေးနိုင်ပေလိမ့်မည်။** ။

**"အမျိုးသားရင်ကြားစေ့ရေး အမှန်တကယ် ဖြစ်တည်လာသည့် တစ်နေ့ဝယ်. . .**
**ရေခံမြေခံနှင့် အခွင့်အလမ်းကောင်းများ လက်ဝယ်ရှိနေသော မြန်မာသည် ဒေသတွင်း၌ နောက်ထပ် ကျားတစ်ကောင်အဖြစ် ထွက်ပေါ်လာပါလိမ့်မည်။ အားမာန်အပြည့်ဖြင့် နိုးထဟစ်ကြွေးနိုင်ပေလိမ့်မည်"**

**❖ တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။**
**နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။**

# မော်လမြိုင်မြို့ ခေါင်းဆေးကျွန်းတွင် တည်ထားကိုးကွယ်လျက်ရှိသည့် သမိုင်းဝင် သစ္စာမဏ္ဍိုင်စေတီတော်နှင့် ကျိုက်မရောမြို့နယ် ဘုရားကြီးကျောင်းတိုက်အတွင်းရှိ ပုဂံဆောင်ဘုံပြာသာဒ်၌ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူ ပူဇော်



မော်လမြိုင်မြို့ ခေါင်းဆေးကျွန်းတွင် တည်ထားကိုးကွယ်လျက်ရှိသော သမိုင်းဝင်ဆံတော်ရှင် သစ္စာမဏ္ဍိုင်စေတီတော်မြတ်ကြီး၌ ရတနာစိန်ဖူးတော် တင်လှူပူဇော်စဉ်။

**နေပြည်တော် ဧပြီ ၁၇**

မွန်ပြည်နယ် မော်လမြိုင်မြို့ ခေါင်းဆေးကျွန်းတွင် တည်ထားကိုးကွယ်လျက်ရှိသော သမိုင်းဝင်ဆံတော်ရှင် သစ္စာမဏ္ဍိုင်စေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့် တင်လှူပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၌ ပြုလုပ်ရာ အလှူတော်မင်္ဂလာအခမ်းအနားသို့ ခေါင်းဆေးကျွန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမင်္ဂလ အမှူးပြုသော သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် အဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်နေပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ သံဃာတော်များက ဦးဆောင်၍ စေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်အား ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်ကြည်ညိုကြပြီး မင်္ဂလာရထားပျံဖြင့် သံဃာတော်များ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စေတီတော်အထွတ်သို့ တင်လှူပူဇော်၍ အမွှေးနံ့သာများ ပက်ဖျန်းကာ ဇယန္တောဗောဓိ ယာမူလေအစချီ အောင်ဂါထာတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။

ဆက်လက်၍ မွန်ပြည်နယ် ကျိုက်မရောမြို့ ဘုရားကြီးကျောင်းတိုက်အတွင်းရှိ ပုဂံဆောင်ဘုံပြာသာဒ်၌ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲကို ဆက်လက်ကျင်းပရာ ကျိုက်မရောမြို့ ဘုရားကြီးကျောင်းတိုက်ဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါရိန္ဒ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဘုရားကြီးကျောင်းတိုက်ဆရာတော်၊ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်၍ စေတီတော်အထွတ်သို့ တင်လှူပူဇော်ကာ အမွှေးနံ့သာများ ပက်ဖျန်းပြီး ဇယမင်္ဂလာ အောင်ဂါထာတော်များ ရွတ်ဖတ်ပူဇော်ကြပြီး ရွှေထီး တော်တင်လှူပူဇော်ပွဲ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်အတွင်း မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲများ ကျင်းပ



ရှမ်းပြည်နယ် ဟဲဟိုးမြို့တွင် ဇီဝိတဒါနစုပေါင်းငါးလွှတ်ပွဲ ကျင်းပစဉ်။

**ဟဲဟိုး ဧပြီ ၁၇**

မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ရှမ်းပြည်နယ်အတွင်းရှိ ကလောမြို့နယ် ဟဲဟိုးမြို့ အင်းခေါင်းဆည်၌ ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပရာ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်း ဦးဆောင်သော ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးလွှမ်းမိုးဇော်နှင့် ဝန်ထမ်းများ၊ ပြည်နယ်/ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ပြီး နှစ်လက်မအရွယ်ရှိ ရွှေဝါငါးကြင်း သားပေါက်ကောင်ရေ ၄၀၀၀၀ နှင့် ငါးခုံးမကြီး သားပေါက်ကောင်ရေ ၁၀၀၀၀၊ စုစုပေါင်းသားပေါက်ကောင်ရေ ၅၀၀၀၀အား စုပေါင်း၍ ဇီဝိတဒါနငါးမျိုးလွှတ်ပေးခဲ့ကြသည်။

အလားတူ ရှမ်းပြည်နယ် ကျိုင်းတုံခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ကျိုင်းတုံမြို့နယ် ကျိုင်းဖောင်းချောင်းအတွင်းသို့ ရွှေဝါငါးကြင်းနှင့် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂၀၀၀၀ အား လည်းကောင်း၊ လွိုင်လင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ လွိုင်လင်မြို့နယ်၊ မြကန်သာကန်တော်အတွင်းသို့ ရွှေဝါငါးကြင်းနှင့် ငါးခုံးမကြီး သားပေါက်ကောင်ရေ ၃၀၀၀၀ အားလည်းကောင်း၊ လင်းခေးခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ မိုးနဲမြို့နယ် နန်းယွန်းချောင်းအတွင်းသို့ ရွှေဝါငါးကြင်းနှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၁၀၀၀၀နှင့် မောက်မယ်မြို့နယ် နန့်တွန်ချောင်းအတွင်းသို့ ရွှေဝါငါးကြင်းနှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၁၀၀၀၀ အား လည်းကောင်း သက်ဆိုင်ရာ ခရိုင်/မြို့နယ်အဆင့် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့်အတူ အသီးသီး ဇီဝိတဒါန ငါးမျိုးလွှတ်ထည့်ပေးခဲ့ကြသည်။ ရှမ်းပြည်နယ်အတွင်း ဇီဝိတဒါနစုပေါင်းငါးလွှတ်ပွဲတွင် ညောင်ရွှေငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ရွှေဝါငါးကြင်းနှင့် ငါးခုံးမကြီးကောင်ရေ ၁၂၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းစစ်ဌာနချုပ်အလိုက် အန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ဖတ်ပူဇော် ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားပူဇော်ပွဲများပြုလုပ်



မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ရန်ကုန်မြို့ ဗိုလ်ချို-၂ ရပ်ကွက်အတွင်း ပြည်သူအများ အန္တရာယ်ကင်းစေရန် သံဃာတော်များ ပရိတ် ရွတ်ဖတ်နေစဉ်။

စိန်လွင်အောင် (မြန်မာ့အလင်း)

**နေပြည်တော် ဧပြီ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့ဖြစ်သော ယနေ့တွင် နှစ်ဦးပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဇီဝိတဒါနငါးလွှတ်ခြင်းနှင့် သက်ကြီးဘိုးဘွားများအား ပူဇော် ကန်တော့ခြင်းတို့ကို တိုင်းစစ်ဌာနချုပ်များနှင့် တပ်ရင်း/တပ်ဖွဲ့အသီးသီး၌ ပြုလုပ်ကြသည်။

### ရွတ်ပွားပူဇော်

အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို တိုင်းစစ်ဌာနချုပ်များနှင့် တပ်ရင်း/တပ်ဖွဲ့အသီးသီးတို့ရှိ ဓမ္မာရုံများနှင့် သတ်မှတ်နေရာများ၌ သံဃာတော်များက ရွတ်ပွားပူဇော်ချီးမြှင့်တော်မူကြရာ တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သီလခံယူဆောက်တည်၍ ပရိတ်တရားတော်များကိုနာယူကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

### ဇီဝိတဒါနစုပေါင်းငါးလွှတ်

ထို့ပြင် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စီမံအုပ်ချုပ်ရေးကောင်စီတို့မှ ကောင်စီဥက္ကဋ္ဌများ၊ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ဇီဝိတဒါနစုပေါင်းငါးလွှတ်ခြင်း၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း၊ စားသောက်ဖွယ်ရာများပေးအပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျေးငှက်စုံလင် မိုးယွန်းကြီးအင်းတစ်ခွင်

## ဝိုင်လိုင်မင်း

ဘဝအမောတွေပြေစေဖို့အတွက် အပန်းဖြေခရီးစဉ်တွေ သွားလာကြတဲ့သူတွေဟာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှာ တဖြည်းဖြည်း များပြားလာပါတယ်။ ဒီလို အပန်းဖြေခရီးစဉ်တွေသွားဖို့ စိတ်ကူးတဲ့အခါ ဝန်းကျင်အသစ်၊ မြင်ကွင်းအသစ်၊ ခံစားမှုအသစ်တွေနဲ့အတူ အစားအသောက် ထူးဆန်းတာတွေပါ ရရှိနိုင်တဲ့ နေရာမျိုးတွေကို ဦးစားပေး ရွေးချယ်ကြလေ့ရှိပါတယ်။ ဒါ့အပြင် မိမိတို့နေထိုင်ရာအရပ်နဲ့ သွားလာရေးအဆင်ပြေပြီး မနီးမဝေးခရီးစဉ်တွေကို ခရီးသွား အပန်းဖြေဖို့လည်း ဆန္ဒရှိကြသူတွေ များပါတယ်။ ဒီလိုခရီးစဉ်တွေအနက် ရန်ကုန်မြို့နဲ့ မနီးမဝေးမှာရှိပြီး နေ့ချင်းပြန် သွားလာလို့ရတဲ့ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ခရီးစဉ်ကလည်း ခရီးသွားအပန်းဖြေဖို့ကောင်းမွန်တဲ့ နေရာတစ်ခုအဖြစ် တည်ရှိနေပါတယ်။



### ရေလှောင်ကွင်း

မိုးယွန်းကြီးအင်းလို့ အများကခေါ်နေကြတဲ့ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောဟာ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နဲ့ ဝေါမြို့နယ် အတွင်း တည်ရှိပါတယ်။ ရန်ကုန်မြို့ကနေ ၆၉ မိုင်ခန့်အကွာ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းပေါ်မှာရှိတဲ့ ပျဉ်ပုံကြီးအလွန် အရှေ့ဘက်ကိုခြောက်ဖာလုံခန့် ဝင်ရောက်လိုက်ရင် မိုးယွန်းကြီးအင်းကို ရောက်ရှိပါတယ်။ ဒေသအခေါ် ရေလှောင်ကွင်းလို့လည်း ခေါ်ဝေါ်တတ်ကြတာဟာ အရင်က ဒီနေရာကို အဝေးကလှမ်းကြည့်လိုက်ရင် ရေပြင်ဖွေးဖွေးကို အတိုင်းသား မြင်တွေ့ရတာမို့ ဒေသခံတွေက ရေလှောင်ကွင်းလို့ ခေါ်ဝေါ်ကြတာဖြစ်ပါတယ်။

နွေရော မိုးပါ ရေမပြတ်တမ်း တည်ရှိနေတာမို့ ဒီဒေသက တံငါရွာဖြစ်တဲ့ ပန်းတိုင်ရွာနဲ့ အနီးဝန်းကျင်က ကျေးရွာသားအချို့ဟာ အရင်က ဒီရေလှောင်ကွင်းကြီးထဲမှာ တံငါအလုပ်တွေကို နွေရာသီမှာ လာရောက်လုပ်ကိုင် ရှာဖွေတတ်ကြပါတယ်။

### မိုးယွန်းကြီးအင်း ဖြစ်တည်လာပုံ

မိုးယွန်းကြီးအင်း ဖြစ်ပေါ်လာပုံကတော့ ၁၈၇၃ ခုနှစ်က ဘုံဘေဘားမားကုမ္ပဏီက စစ်တောင်းမြစ်နဲ့ ပဲခူးမြစ်တို့ကို ဆက်သွယ်တဲ့ ပဲခူး-စစ်တောင်း တူးမြောင်းကို ဖောက်လုပ်ပြီးတဲ့အခါ တူးမြောင်းနဲ့ ဆက်သွယ်ကာ ရေလှောင်ကန်ကြီးအဖြစ် တူးဖော်ခဲ့တာဖြစ်ပါတယ်။ အဲဒီ ရေလှောင်ကန်ကြီးဟာ စတုရန်း မိုင် ၄၀ ခန့်(ဧရိယာ ၂၅၆၀၀ ဧက) ရှိတာမို့ အချိန်ကာလ ကြာမြင့်လာတဲ့အခါမှာတော့ သဘာဝ အင်းကြီးအဖြစ် ပြောင်းလဲလာတာ ဖြစ်ပါတယ်။

ရေလှောင်ကန်ကြီးအဖြစ် တူးဖော်ခဲ့တာကတော့ ၁၈၇၈ ခုနှစ်ကဖြစ်ပြီး ပဲခူး-စစ်တောင်း တူးမြောင်းကို ရေဖြည့်ပေးဖို့အတွက် ရည်ရွယ်ပြီး ဖော်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ နွေရာသီ သစ်ဖောင်တွေမျှောတဲ့အခါ ပဲခူး- စစ်တောင်းတူးမြောင်း အတွင်း ရေလွှတ်ဖြည့်ပေးနိုင်ဖို့အတွက် ရည်ရွယ်ခဲ့တာဖြစ်တာမို့ နောက်ပိုင်းမှာ သဘာဝအင်းကြီးအဖြစ် တည်ရှိခဲ့တာဖြစ်ပါတယ်။

မိုးယွန်းကြီးအင်းကို ၁၉၈၈ ခုနှစ် ဧပြီ ၂၂ ရက်မှာတော့ မိုးယွန်းကြီးအင်း ဘေးမဲ့တောအဖြစ် သတ်မှတ်ကြေညာခဲ့ပြီး နိုင်ငံတကာ ရေတိမ်ဒေသ ထိန်းသိမ်းရေး အဖွဲ့အစည်းဖြစ်တဲ့ Ramsar Convention အဖွဲ့သို့ မြန်မာနိုင်ငံက ၂၀၀၅ခုနှစ် မတ်လမှစတင်ကာ အဖွဲ့ဝင်ဖြစ်လာခဲ့ပြီးနောက်ပိုင်း မိုးယွန်းကြီးအင်း ဘေးမဲ့တောဟာ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့အရေးကြီးထိန်းသိမ်းရမယ့် ရေတိမ်ဒေသအဖြစ် ပထမဆုံး အသိအမှတ်ပြုတဲ့နေရာတစ်ခု ဖြစ်လာခဲ့ပါတယ်။




### ရွေးချယ်စရာ ခရီးစဉ်တစ်ခု

ဒီလိုအခြေအနေတွေကြောင့် အခုဆိုရင် မိုးယွန်းကြီးအင်းမှာ ပြည်တွင်းရေပျော်ငှက်တွေ၊ ရာသီအလိုက် ပြောင်းရွှေ့ကျက်စားတဲ့ ဆောင်းခိုငှက်တွေ၊ ဌာနေရေပျော်ငှက်တွေ နားခိုကျက်စားရာ နေရာတစ်ခုအဖြစ် ရောက်ရှိလာတာဖြစ်ပါတယ်။ ရေတိမ်ဒေသနဲ့ ဂေဟစနစ်တွေ ထိန်းသိမ်းရင်း ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်တွေအတွက် အပန်းဖြေနေရာတစ်ခုအဖြစ်လည်း ရောက်ရှိလာတာမို့ အခုဆိုရင် ကိုဗစ်အလွန်ကာလတွေမှာ ခရီးသွားဧည့်သည်တွေအတွက် ရွေးချယ်သွားလာရမယ့် ခရီးစဉ်တစ်ခုလည်း ဖြစ်လာပါတယ်။

ရန်ကုန်မြို့ကနေပြီး မိုးယွန်းကြီးအင်းကို မော်တော်ယာဉ်နဲ့ သွားရင် ၆၃ မိုင်ခရီးဖြစ်တာမို့ ခရီးလည်းနီးသလို ကားလမ်းကလည်း အဆင်ပြေတာမို့ အချိန်မရွေး ရာသီမရွေး သွားလာအပန်းဖြေလို့ရပါတယ်။

အပန်းဖြေ အိမ်ငယ်တွေနဲ့ စားသောက်ဆိုင်လည်းရှိတာမို့ မိသားစုအလိုက်ရော၊ တစ်ဦးချင်းအတွက်ပါ နေထိုင်အနားယူ စားသောက်လို့ အဆင်ပြေစေပါတယ်။ နွေရာသီမှာတော့ မိုးယွန်းကြီးအင်းအတွင်းမှာ ရေလျော့နည်းနေတတ်တာမို့ ကျေးငှက်တွေရဲ့သဘာဝအတိုင်း နေထိုင်ကျက်စားမှု ဓလေ့စရိုက်တွေကို စိတ်တိုင်းကျ သွားလာကြည့်ရှုနိုင်ဖို့ အနည်းငယ် အခက်အခဲရှိနိုင်ပါတယ်။

### အင်းအတွင်း လှည့်လည်သွားလာခြင်း

မိုးယွန်းကြီးအင်းအတွင်း လှေငယ်နဲ့ သွားလာလှည့်လည်ကြည့်ရှုပြီး ဓာတ်ပုံရိုက်လို့ရသလို အင်းအတွင်းမှာ တည်ဆောက်ထားတဲ့ ငှက်ကြည့်စင်အပေါ်ကနေလည်း စိတ်တိုင်းကျ စောင့်ကြည့်ပြီး ကျေးငှက်တွေရဲ့ နေထိုင်ကျက်စားမှုကို ဓာတ်ပုံမှတ်တမ်းယူနိုင်တဲ့ အခွင့်အရေးလည်း ရှိပါတယ်။ ငှက်မျိုးစိတ်ပေါင်း ၇၅ မျိုးကျော် နေထိုင်ကျက်စားနေတဲ့ မိုးယွန်းကြီးအင်းထဲမှာ လှေတစ်စင်းနဲ့ လှည့်လည်သွားလာရင်း ကျေးငှက်တွေကို အနီးကပ်ဆုံး ကြည့်ရှုလေ့လာလို့လည်း ရနိုင်ပါတယ်။

လှေတစ်စင်းနဲ့ လှည့်လည်ပြီး ငှက်ကြည့်ရတဲ့ ခံစားမှုဟာ တစ်ပြိုင်နက်တည်းမှာ ရသမျိုးစုံကို ရရှိအောင် ပေးစွမ်းနိုင်မှာဖြစ်ပါတယ်။ လှေနဲ့သွားလာရတဲ့ ခံစားမှု၊ မိုးယွန်းကြီးအင်းအတွင်း သဘာဝမြင်ကွင်း၊ ကိုင်းပင်တွေအကြား လှေထိုးသွားလာတဲ့ အသံနဲ့ ရေလှိုင်းပုတ်သံတွေနဲ့အတူ ကျေးငှက်တွေရဲ့ တွန်ကျူးသံတွေအပြင် တစ်နေရာနဲ့ တစ်နေရာ ပျံသန်းသွားလာနေကြတဲ့ ငှက်မျိုးစုံတို့ရဲ့ သဘာဝအတိုင်း လှုပ်ရှားနေထိုင်မှု စတဲ့ရသတွေဟာ မြို့ပြသဘာဝ ကျင်လည်ရမှုတွေရဲ့ ဘဝအမောတွေကို ပြေပျောက်သွားစေမှာ အမှန်ပါပဲ။

### အပင်နှင့် ဇီဝမျိုးစုံ မျိုးစိတ်များ

မိုးယွန်းကြီးအင်းဟာ ရေတိမ်စားကျက်လည်း ဖြစ်တာမို့ အပင်အမျိုးအစားပေါင်း ၂၀ ကျော် ပေါက်ရောက်နေပါတယ်။ အဲဒီ ရေတိမ်ဒေသအပင်တွေဟာ လာရောက်ကျက်စားတဲ့ ကျေးငှက်တွေရဲ့စားကျက်ဖြစ်နေတဲ့အပြင် ရေနေကုန်းနေသတ္တဝါတွေအတွက်လည်း စားပင်တွေအဖြစ် တည်ရှိနေပါတယ်။

မိုးယွန်းကြီးအင်းအတွင်းမှာ ငှက်မျိုးစိတ် ၁၃၀ ခန့်ရှိပြီး တွားသွားသတ္တဝါ အမျိုးပေါင်း ၂၀ ခန့်နဲ့ ကုန်းနေရေနေသတ္တဝါ ကိုးမျိုးခန့်လည်း နေထိုင်ကျက်စားနေကြောင်း သိရပါတယ်။

ဒါ့အပြင် မိုးယွန်းကြီးအင်းအတွင်းမှာ ငါးမျိုးစိတ် ၄၅ မျိုးကျော်နဲ့ အင်းဆက်အမျိုးပေါင်း ၃၀ ခန့်လည်း နေထိုင်ကျက်စားနေတာမို့ ရေတိမ်ဒေသ ဂေဟစနစ် ဖြစ်စဉ်တွေကို သုတေသနပြုလေ့လာလိုသူတွေအတွက်လည်း အကြိုက်တွေ့စေမယ့် အပန်းဖြေခရီးစဉ်တစ်ခုဖြစ်ပါတယ်။ အင်းအလယ်မှာရှိတဲ့ ငှက်ကြည့်စင်တွေကနေပြီး မှန်ပြောင်း တစ်လက်၊ ကင်မရာတစ်လုံးနဲ့ စိတ်လွတ်ကိုယ်လွတ် ကြည့်ရှုလေ့လာ မှတ်တမ်းတင်နိုင်တဲ့ အပြင် ကျေးငှက်တွေ ပျံဝဲနေတဲ့ နေဝင်ဆည်းဆာအလှကိုလည်း တမေ့တမော ငေးမောခံစားနိုင်ခွင့်လည်း ရရှိစေမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့နဲ့ မနီးမဝေးမှာရှိတဲ့အပြင် နေ့ချင်းပြန်လို့ရတဲ့ မိုးယွန်းကြီးအင်း အပန်းဖြေခရီးစဉ်ဟာ ကိုဗစ်အလွန်ကာလမှာ ပြည်တွင်းပြည်ပ ခရီးသွားတွေအတွက် စိတ်အပန်းပြေစေနိုင်တဲ့ ရွေးချယ်စရာနေရာကောင်းတစ်ခုအဖြစ် တည်ရှိနေမှာဖြစ်ပါတယ်။ ကျေးငှက်မျိုးစုံ စုံလင်တဲ့ မိုးယွန်းကြီးအင်းတစ်ခွင်ကတော့ သဘာဝအတိုင်း တည်ရှိနေတဲ့ ကြည်နူးစရာ မြင်ကွင်းတွေနဲ့အတူ ခရီးသွားဧည့်သည်တွေကို ခံစားမှုရသမျိုးစုံကို ပေးစွမ်းမယ့်နေရာတစ်ခုအဖြစ် ရှိနေတာအမှန်ပါပဲ။ ။

**“နွေရာသီမှာတော့ မိုးယွန်းကြီးအင်းအတွင်းမှာ ရေလျော့နည်းနေတတ်တာမို့ ကျေးငှက်တွေရဲ့သဘာဝအတိုင်း နေထိုင်ကျက်စားမှု ဓလေ့စရိုက်တွေကို စိတ်တိုင်းကျသွားလာကြည့်ရှုဖို့ အနည်းငယ်အခက်အခဲရှိနိုင်ပါတယ်။ မိုးယွန်းကြီးအင်းအတွင်း လှေငယ်နဲ့သွားလာ လှည့်လည်ကြည့်ရှုပြီး ဓာတ်ပုံရိုက်လို့ရသလို အင်းအတွင်းမှာ တည်ဆောက်ထားတဲ့ ငှက်ကြည့်စင်အပေါ်ကနေလည်း စိတ်တိုင်းကျစောင့်ကြည့်ပြီး ကျေးငှက်တွေရဲ့ နေထိုင်ကျက်စားမှုကို ဓာတ်ပုံမှတ်တမ်းယူနိုင်တဲ့ အခွင့်အရေးလည်း ရှိပါတယ်။ ငှက်မျိုးစိတ်ပေါင်း ၇၅ မျိုးကျော် နေထိုင်ကျက်စားနေတဲ့ မိုးယွန်းကြီးအင်းထဲမှာ လှေတစ်စင်းနဲ့ လှည့်လည်သွားလာရင်း ကျေးငှက်တွေကို အနီးကပ်ဆုံး ကြည့်ရှုလေ့လာလို့လည်း ရနိုင်ပါတယ်”**

# မြစ်ကြီးနားမြို့နယ်နှင့် မိုးညှင်းမြို့နယ်အတွင်း KIA အဖွဲ့က အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်

**နေပြည်တော် ဧပြီ ၁၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်သို့ ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်ခန့်တွင် KIA အဖွဲ့က ရှထောင်ကျေးရွာ၏အနောက်မြောက်ဘက် မီတာ ၅၀၀ ခန့်အကွာရှိ တောင်ကုန်းပေါ်မှ ၁၀၇ မီလီမီတာ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရှော့တိုက်ဒုံး ၃ လုံးသည် နယ်မြေခံတပ်အနီးသို့ လည်းကောင်း၊ ရှော့တိုက်ဒုံး ၁ လုံးသည် အောက်မော်ဖောင်းကျေးရွာအတွင်းသို့ လည်းကောင်း အသီးသီးကျရောက် ပေါက်ကွဲခဲ့သည်။

**ရှော့တိုက်ဒုံးကျရောက်**

အဆိုပါ ရှော့တိုက်ဒုံးကျရောက် ပေါက်ကွဲမှုကြောင့် အောက်မော်ဖောင်းကျေးရွာ ရှိဦးဆွမ်ဆေးဂုံ၏ နေအိမ်မီးဖိုချောင် သွပ်အမိုးနှင့်ထရံများ ပျက်စီးခဲ့ပြီး ၎င်း၏ ယာဘက်ကျောကုန်းနှင့် တင်ပါးတို့တွင် လက်နက်ကြီးစထိမှန် ဒဏ်ရာများရရှိခဲ့သဖြင့် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိသည်။

ထို့ပြင် မန္တလေးမြို့မှ ဖားကန့်မြို့ဘက်သို့ စက်သုံးဆီနှင့် စားသောက်ကုန်ပစ္စည်းများ ပို့ဆောင်ရန်သွားရောက်သည့် ဦးအောင်ကို(ဘ)ဦးထွန်းကြိုင် မောင်းနှင်၍ ဦးဝေဖြိုးဦး(ဘ)ဦးဂျပန် လိုက်ပါလာသော NISSAN DIESEL အမျိုးအစား ၁၂ ဘီးယာဉ်သည် ယနေ့နံနက် ၆ နာရီ ၄၅ မိနစ်ခန့်တွင် မိုးညှင်းမြို့ မော်ဟဲကျေးရွာအဝင်သို့ အရောက်၌ KIA အဖွဲ့က လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ဦးအောင်ကိုနှင့် ဦးဝေဖြိုးဦး တို့တွင် လက်နက်ငယ်ထိမှန်ဒဏ်ရာများရရှိခဲ့၍ ယာဉ်၏ ရှေ့လေကာမှန် နှင့် ယာဘက်ရှေ့ဘီးတို့တွင် လက်နက်ငယ်ကျည်များ ထိမှန်ပျက်စီးခဲ့ပြီး လက်နက်ငယ်ကျည်ထိမှန် ဒဏ်ရာရရှိသူများအား မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစဉ် ဦးအောင်ကိုမှာ ရရှိဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။

**နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်**

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် နယ်မြေများအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ရှော့တိုက်ဒုံးကျရောက်ပေါက်ကွဲမှုကြောင့် အောက်မော်ဖောင်းကျေးရွာရှိ နေအိမ်မီးဖိုချောင် ပျက်စီးမှုကိုတွေ့ရစဉ်။

# ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရာတွင်အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများနှင့် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၇**

ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များနှင့် ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေ သတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။




ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒေသန္တရလက်လုပ်မိုင်း၊ အကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသူများ။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၅ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက် ရိပ်သာလမ်းအမှတ် ၃၆ နေ ရဲမြတ်ထွဋ်(၂၉ နှစ်) (ဘ) ဦးမောင်သန်း၏ နေအိမ်၌ ဒေသန္တရ လက်လုပ်မိုင်းနှင့် အကြမ်းဖက်ရာတွင် အသုံးပြုသောပစ္စည်းများ ပြုလုပ်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေရာ ရဲမြတ်ထွဋ်နှင့်အတူ ကျော်နိုင်ထွဋ် (၂၂ နှစ်) (ဘ) ဦးမောင်သန်းနှင့် ၎င်း၏ဖခင် ဦးမောင်သန်း (၅၉နှစ်) (ဘ)ဦးဂျာကရာသန်း၊ နိုင်ထွန်းမြတ် (၂၂နှစ်) (ဘ)ဦးစံထွန်းအောင်၊ ဖြိုးပြည့်မောင် (၁၆နှစ်) (ဘ) ဦးစံထွန်းအောင်၊ ကောင်းဇင်သူ(၁၈နှစ်) (ဘ)ဦးပန်းမြိုင်၊ မင်းဆက်မော်(၂၂နှစ်) (ဘ) ဦးဇင်ကိုဆက်တို့ ၇ ဦးကို YGN AA-8986 Caldina နီညိုရောင် ယာဉ် ၁ စီး၊ လက်လုပ်မိုင်းများ၊ ဂျင်ကလိများ၊ လေးခွများ၊ ဓားများ၊ စကေဘာများ၊ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ဧပြီ ၁၆ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ (၁၂)ရပ်ကွက် အောင်မင်္ဂလာလမ်းထောင့်နှင့် အောင်သစ္စာလမ်းထောင့်ရှိ နေမင်းထွန်း၏ နေအိမ်၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အလားတူ ယနေ့တွင် မြောင်မြို့နယ် မရိုးကုန်းကျေးရွာရှိ အောင်ကျော်ဝင်း အား ၎င်း၏ နေအိမ်၌ လက်လုပ်သေနတ် ၂ လက်၊ သစ်သားဒူးလေး ၂ လက်၊ ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်(တောင်) ရပ်ကွက် မကြီးကြီးလမ်း၌ ထက်ဝေယံ အား လက်လုပ်ဗုံး ၂ လုံး၊ မီးခိုးဗုံး ၉ လုံးတို့နှင့် လည်းကောင်း၊ တာမွေမြို့နယ် ပုသိမ်ညွန့်ရပ်ကွက် ဣစာသယလမ်း အမှတ်(၅၂) (၅)လွှာရှိ နေအိမ်၌ ဆူပူအကြမ်းဖက်ရာတွင်အသုံးပြုသည့် ပစ္စည်းများကိုလည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အထက်ပါ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် လက်နက်များ၊ ဆက်စပ် ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများကို ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရန် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရှာဖွေသတင်း ဖော်ထုတ်မှုများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။


သတင်းစဉ်

# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၁၇**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေး နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ် ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်း


**နေပြည်တော် ဧပြီ ၁၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန် ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား အောက်ပါဖုန်းနံပါတ်သို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(၁) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၃၉၁၀၆၉၀၀၊ ၀၃၆-၃၁၀၀၅

(၂) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ
မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။



## အမြို့မြို့ အနယ်နယ် ပျံ့နှံ့သည့် မြန်မာ့အလင်း၊ ကြေးမုံ ရောင်စုံသတင်းစာများတွင် ကြော်ငြာများ ထည့်သွင်းဖော်ပြလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။
  ဖုန်း- ၀၉-၄၃၀၁၉၁၆၂၊ ၀၉-၄၃၀၂၇၃၃၇
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း- ၀၉-၄၂၀၁၁၄၀၀၅၊ ၀၉-၄၃၀၃၆၀၃၀၊ ၀၉-၄၂၀၁၁၅၀၅၃
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း- ၀၉-၅၁၆၆၅၄၃၊ ၀၉-၄၅၀၀၂၅၁၄၅၊ ၀၉-၄၂၀၁၃၆၉၆၁
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
  ဖုန်း-၀၉-၂၀၅၁၆၈၃၊ ၀၉-၆၉၆၁၁၃၆၉၉
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)
  ဖုန်း-၀၉-၂၅၄၄၃၆၆၃၀၊ ၀၉-၈၉၃၉၇၅၅၃၈
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)
  ဖုန်း-၀၉-၂၅၀၂၀၄၆၅၁၊ ၀၉-၄၂၂၂၁၉၈၅၃
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)
  ဖုန်း-၀၉-၆၈၇၉၀၂၇၁၇၊ ၀၉-၆၇၃၄၅၄၄၀၄
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)
  ဖုန်း-၀၉-၄၀၀၀၂၁၈၂၅
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)
  ဖုန်း-၀၉-၅၂၁၄၃၅၇
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)
  ဖုန်း-၀၉-၉၇၅၃၂၈၆၆
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)
  ဖုန်း-၀၉-၅၁၇၁၁၂၃
- ကိုယ်ပွားသတင်းစာတိုက်(မကွေး)
  ဖုန်း-၀၉-၂၅၉၀၈၅၈၅၆
- ကိုယ်ပွားသတင်းစာတိုက်(ကလေး)
  ဖုန်း-၀၉-၂၅၈၆၅၅၀၇၉
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်)
  ဖုန်း-၀၉-၇၈၁၉၀၇၈၀၇

Email (သို့) Viber ဖြင့်
ပေးပို့၍လည်း ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်-

မြန်မာ့အလင်း
mmalygn544@gmail.com
(+95)9420 114 005

ကြေးမုံ
newstest.ygn@gmail.com
(+95)951 66 543

တစ်လအတွင်း မြန်မာ့အလင်း ကျပ်(၅၀)သိန်း။ ကြေးမုံ ကျပ် (၇၅)သိန်းဖိုးနှင့်အထက် ကြော်ငြာပြီး

5% Discount

အခမြန်ဆုံး ရယူလိုက်ပါ

# နေ့စဉ် သတင်းမှန်၊ အဖြစ်မှန်၊ တကယ်အချက်အလက်မှန်များကို

# မှန်မှန် မြန်မြန် သိလိုပါသလား?

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

THE GLOBAL NEW LIGHT OF MYANMAR

# ဖတ်ရှုနိုင်ပါပြီ။



## ဆက်သွယ် မှာယူနိုင်ပါသည်-

မြန်မာ့အလင်း 09-448042214, 09-43036030, 09-420145613

ကြေးမုံ 09-450025570, 09-450025145, 09-773094931

The Global New Light of Myanmar
09-250204653, 09-770677513, 09-983924991

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးမြင့်စိုး
## ဦးစီးမှူး၊ မြို့ပြ(ငြိမ်း)ဆည်မြောင်း
## အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဦးမင်းလမ်း၊ အမှတ် ၁၆၂၆ နေ (ဦးကျော်-ဒေါ်ရီရီလေး) တို့ ၏သား၊ ဦးကြည်ဌေး၊ ဒေါ်သင်းသင်းချိုတို့၏မောင်၊ ဦးတင်ဝင်း-ဒေါ်ဌေးဌေး၊ ဦးငွေထွန်း-ဒေါ်ကျင်ကျင်ရှိန်၊ (ဦးမောင်ထွန်းဝင်း-ဒေါ်ဝေ) ၊ ဦးမင်းထွဋ်-ဒေါ်ခင်ဌေးဝင်း၊(ဦးထွန်းမြင့်ကျော်)၊ ဦးသန်းအောင်-ဒေါ်လှလှဆွေ၊ ဦးဝင်းဇော်-ဒေါ်ခင်ဌေးကြွယ်တို့၏အစ်ကိုကြီး၊ ဒေါ်စန်းကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်စိုး-ဒေါ်သီတာလင်း၊ ဦးအောင်စိုးဦး-ဒေါ်မြတ်မြတ်စိုး၊ ဦးအေးမင်းဝင်း-ဒေါ်ခင်သီတာစိုး၊ ဦးစည်သူစိုး-ဒေါ်စိုးမိုးလွင်၊ ဒေါ်စပါယ်စိုး၊ ဦးဗညားမြင့်စိုး တို့၏ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မောင်မင်းပြည်ဖြိုး၊ မောင်သံမြတ်ဟိန်း၊ မောင်ကောင်းမင်းဇင်၊ မောင်အံ့ဘုန်းမင်း၊ မောင်ညီ မင်းဆက်၊ မောင်သံလွင်ဟိန်း၊ မောင်ဧကစည်သူ၊ မောင်အံ့စစ်စည်သူတို့၏ ဘိုးဘိုးကြီးသည် ၁၆-၄-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၂:၃၅နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၂၀ရက် (ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဦးရီထွန်း(အုန္နဲ)
## အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် ၁၄လမ်း၊ အမှတ် (၄၉၄/ခ)နေ (ဦးအောင်ချမ်း-ဒေါ်တင်ညွန့်)တို့၏သား၊ (ဦးအောင်သန်း-ဒေါ်သောင်းစိန်)တို့၏သားသမက်၊ ဒေါ်သန်းသန်း၏ခင်ပွန်း၊ ကိုအောင်ဇေယျာဖြိုး၊ ကိုကျော်ဇေယျာဖြိုး၊ ကိုထွန်းဇော်လင်း-မနေခြည်ထွန်းတို့၏ ဖခင်၊ မောင်လင်းဇေသစ်၏ အဘိုးသည် ၁၇-၄-၂၀၂၀ရက် (စနေနေ့) နံနက် ၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၂၀ရက်(သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူ ကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက် များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများ ကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေ ရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆ ကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေး ရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေး အတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေ အနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေ ပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါး လုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၇)၊ ဦးပိုင်အမှတ်(၆၈)၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ရန်ပြေလမ်းနှင့် ပျူစောထီးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စုစန္ဒာထက် ၉/ခအဇ(နိုင်)၀၂၇၄၅၇က သက်တမ်းတိုးလျှောက်ထားလာရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် "တောဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် (၁-က)ဦးပိုင်မှတ်ပုံတင်စာအုပ်နှင့်စိစစ်၍ ဂရန်မိတ္တူထုတ်ပေးခြင်းဖြစ်သည်။ တောဂရန်မူရင်း ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသည့် မိတ္တူမှန်သည် ပျက်ပြယ်သည်"ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအားပယ်ဖျက်၍ သားရေဖုံး ဂရန်စာချုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၊ A-(၁၀)လမ်း၊ တိုက် ၁၁၊ အခန်း ၄၀၄၊ ပေ (၂၀x ၃၀) အကျယ်ရှိ တိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်များ အရပ်ရပ်အားလုံးတို့ကို တိုက်ခန်း အမည်ပေါက်ဦးဌေးမြင့် (အီးအမ်ဂျီအိုင်-၁၀၇၉၆၀) ထံမှ အဆက်ဆက်အရောင်းအဝယ်စာချုပ်များဖြင့် ယခုရောင်းချသူ ဦးအောင်ကောင်းစံ ၁၂/ဒဂဆ(နိုင်) ၀၁၄၅၁၅ က ဝယ်ယူ လက်ဝယ်ရရှိပိုင်ဆိုင်ထားရာ ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်တော် ဦးနိုင်မျိုးဦး ၉/တကန(နိုင်)၁၃၈၈၆၃ မှ ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေ တချို့ တစ်ဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ် ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းတိုက်ခန်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံး အမိန့်ဒီကရီမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်လုပ်ငန်း ကိစ္စရပ်များကို ဥပဒေနှင့် အညီ အရောင်းအဝယ်ကိစ္စပြီးဆုံး အောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနိုင်မျိုးဦး ၉/တကန(နိုင်)၁၃၈၈၆၃**
**ဖုန်း-၀၉- ၄၄၅၀၀၄၄၅၈**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### တရားမကျင့်ထုံး ဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀
### လားရှိုးမြို့နယ်တရားရုံးတော်၌
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၅၀

| | | |
|---|---|---|
| ဦးလောက်အေ | နှင့် | ဦးသိန်းမောင် |
| **တရားလို** | | **တရားပြိုင်** |

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၊ အမှတ်(၇)ရပ်ကွက် ၊ နယ်မြေ(၁၆)နေ တရားပြိုင် ဦးသိန်းမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးလောက်အေက ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ခုနှစ် မေ ၂၉ ရက် (၁၃၈၂ ခုနှစ် တန်ခူးလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ခုနှစ် မေ ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်နေလင်း)**
**ဒုတိယမြို့နယ်တရားသူကြီး**
**လားရှိုးမြို့နယ်တရားရုံး**

## ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာ ထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြု ခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည် တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြု ခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက် ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်း ကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲ ခြင်း၊ ဝန်အားမမျှခြင်း စသည့် အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင် လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေ ထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထား ရှိခြင်းများမပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့် ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှ ထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူး ထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေး ကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိ လူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာလေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ နိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံး ထားရှိဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

# လွတ်ငြိမ်းချမ်းသာခွင့်အမိန့် | ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

စာ ၅

## အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၈၄၆ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ရန်ကုန် မေ ၁၇

မြန်မာနှစ်သစ် မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့် လည်းကောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အကျဉ်းထောင်/ အချုပ်ထောင်/ အကျဉ်းစခန်း အသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား၊ အကျဉ်းသူများကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၄၀၁ ၊ ပုဒ်မခွဲ (၁)အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည် " ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သဖြင့် ယနေ့တွင် အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၇၄၄ ဦးနှင့် အကျဉ်းသူ ၁၀၂ ဦး စုစုပေါင်း ၈၄၆ ဦး ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရရှိခဲ့သည်။

အဆိုပါ အကျဉ်းသား၊ အကျဉ်းသူများအား ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ပေးသည့် အခမ်းအနားကို အကျဉ်းဦးစီးဌာန အင်းစိန်ဗဟို အကျဉ်းထောင်ဝင်း မိုးလုံလေလုံအားကစားရုံခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဇော်၊ ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဝေ၊ အင်းစိန် မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)နှင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) တို့ပါ အမိန့်များကို ဖတ်ကြားရှင်းလင်းခြင်းနှင့် ဆုံးမသြဝါဒစကားများ ပြောကြားကြပြီး အင်းစိန်ဗဟိုအကျဉ်းထောင်၊ တာဝန်ခံအရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးမျိုးငွေးက လွတ်မြောက်သည့် အကျဉ်းသား/ သူများကို ထောင်လွတ်လက်မှတ်၊ Covid-19 စစ်ဆေးချက်မှတ်တမ်း၊ လွတ်လူခရီးစရိတ်နှင့် လွတ်လူစားစရိတ်ငွေများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် သက်ဆိုင်ရာ ခရိုင်/ မြို့နယ်များအလိုက် ရန်ကုန်မြို့တွင်းသို့ သွားရောက် မည့် အကျဉ်းသား/သူများကို YBS မော်တော်ယာဉ် ၁၃ စီးဖြင့် လည်းကောင်း၊ နယ်ဝေးသို့ ပြန်မည့် အကျဉ်းသား/ သူများကို မော်တော်ယာဉ်နှစ်စီးဖြင့် အကျဉ်းထောင်အရာရှိဝန်ထမ်းများက အဝေးပြေးဂိတ်များသို့ လိုက်လံပို့ဆောင်ပေးခဲ့သည်။

သတင်းစဉ်

## COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉ ဦး တွေ့ရှိ

### COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၇-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၆-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄၅၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၅၈,၆၉၄) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၁၄၂,၆၂၈) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၈၉၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်း ပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန


တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင် / အချုပ်ထောင်စခန်း အသီးသီးမှ အကျဉ်းကျခံနေရသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု စာ ၈

ယူရေနီယံသန့်စင်မှုလုပ်ငန်း ၆၀ ရာခိုင်နှုန်းပြုလုပ်မှုစတင်ဟု အီရန်ကြေညာ စာ ၁၂

ကိုယ်ကျင့်သိက္ခာဆေးကောင်းဖြင့် ကုစားရုံမှတစ်ပါး အခြားမရှိ စာ ၂၂


## ယူရိုပါလိဂ်ဝင်ခွင့်ရရေး ကြိုးစားမည့် အာဆင်နယ်နှင့် မန်စီးတီးကို ဖိအားပေးမည့် မန်ယူ



ပရီမီယာလိဂ်ပွဲစဉ် (၃၂) အဖြစ် မေ ၁၈ ရက် **(ယနေ့)** တွင် အာဆင်နယ်အသင်းက တန်းဆင်းဇုန်အတွင်းမှ ဖူလ်ဟမ်အသင်းနှင့် ရင်ဆိုင်ကစားရမည်ဖြစ်ပြီး မန်ယူအသင်းက တန်းဆင်းဇုန်အထက်နားတွင် ရပ်တည်နေသည့် ဘန်လေအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အာဆင်နယ်အသင်းနှင့် ဖူလ်ဟမ်အသင်းတို့ပွဲစဉ်ကို ယနေ့ည ၇ နာရီတွင် အာဆင်နယ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အာဆင်နယ်အသင်းသည် ပရီမီယာလိဂ် ၃၁ ပွဲကစားပြီးချိန်တွင် ရမှတ် ၄၅ မှတ်ရရှိထားပြီး ယူရိုပါလိဂ် ဝင်ခွင့်ရရှိရန် ရုန်းကန်နေသည့်အသင်းဖြစ်သည်။ ဖူလ်ဟမ်အသင်းက ၃၂ ပွဲကစားပြီး တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်ရန် ကြိုးစားနေသည့် အသင်းဖြစ်သည်။ လက်ရှိခြေစွမ်းအရ အာဆင်နယ်အသင်းက နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲရရှိထားသည့်အတွက် ခြေစွမ်းအကောင်းဘက်ဦးတည်နေသည်။ ဖူလ်ဟမ်အသင်းက နောက်ဆုံးလေးပွဲဆက် ရှုံးပွဲနှင့် ကြုံတွေ့ထားသောကြောင့် ခြေစွမ်းကျဆင်းနေသည်ကို သတိပြုရမည်။ အာဆင်နယ်အသင်းသည် ပြီးခဲ့သည့် ယူရိုပါလိဂ်၌ ပရော့ဂ်အသင်းနှင့်ပွဲစဉ်တွင် အသင်းလိုက်စွမ်းဆောင်ရည်ကောင်းမွန်ခဲ့သည်ကို တွေ့ရပြီး နှစ်ကျော့ပေါင်းရလဒ်ဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်ထားနိုင်သည့် အသင်းဖြစ်သည်။ ဖူလ်ဟမ်အသင်းအနေဖြင့် နောက်ဆုံးလေးပွဲဆက် ရှုံးပွဲနှင့်ကြုံတွေ့ ထားသော်လည်း တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်ရန်အတွက် အာဆင်နယ်အသင်းကို အနိုင်ရရှိရန် ကြိုးစားလာဖွယ်ရှိနေသည်။

*စာမျက်နှာ ၈ ကော်လံ ၅* ❐